# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ
ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ
ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၀၃၂]

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် [1-11-2015]

MYANMA ALINN SUNDAY ISSUE


**မိုးဆက်လက်ပို**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## အယ်လ်ဂျီးရီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင်ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒဲလ်အာဇစ်ဘူတီဖလီကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✳

# လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာပြီး တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးသို့ သွားရောက်ကြရာ *စာမျက်နှာ ၈ ကော်လံ ၁* ●

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြိတ်လေဆိပ်တွင် ဒေသခံပြည်သူတစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## G ECONOMY reen GROWTH သဘာဝအခြေခံဘောဂဗေဒ(သို့မဟုတ်) အစိမ်းရောင်စီးပွားရေး

*စာမျက်နှာ-၆*

## မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီတစ်ရပ်ဖော်ဆောင်ခြင်း

*စာမျက်နှာ-၅*

## အညွှန်းကိန်းများနှင့်မြန်မာပြည်

*စာမျက်နှာ-၁၁*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အသည်းကြားက မဲတစ်ပြား

မြန်မာ့သမိုင်းတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် မှတ်ကျောက်တင်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် ရက်ပိုင်းသာ လိုတော့သည်။ ရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒရှင်ပြည်သူများ အကောင်းဆုံးမဲပေးနိုင်ရန် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ အကြိမ်ကြိမ်အဖန်ဖန် ပြုလုပ်ပြီး ပြင်ဆင်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။

မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန် မဲဆန္ဒရှင်ပြည်သူများ၏ အခြေခံမဲစာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်ကြိမ်တိုင်တိုင် ထုတ်ပြန်ပေးခြင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအကူများကို စနစ်တကျသင်တန်းများ ပေးခြင်း၊ မဲရုံလုံခြုံရေးအတွက် အထူးရဲသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း စသည်တို့သည် ရွေးကောက်ပွဲကြီးကို တရားမျှတမှုနှင့် လွတ်လပ်မှုအပြည့်အဝရှိသော ရွေးကောက်ပွဲကြီးအဖြစ် ကျင်းပသွားရန် ကြိုတင်စီစဉ်မှုများပင်ဖြစ်ပါသည်။

ယခုရွေးကောက်ပွဲကြီးတွင် နိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၃၂ သန်းကျော်မှာ ဆန္ဒမဲပေးနိုင်သူများ ဖြစ်ပါသည်။ အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်းသည် ဆန္ဒမဲပေးခွင့်ရှိပါသည်။ ဤရွေးကောက်ပွဲကြီးတွင် မဲပေးလိုသူများရှိသလို မဲမပေးဘဲ နေလိုသူများလည်း ရှိနိုင်ပါသည်။ မဲပေးလိုသူများက မိမိတို့လိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနိုင်ရရှိရေးအတွက် ဆန္ဒမဲပေးရန် ပြင်ဆင်နေကြပြီဖြစ်ပါသည်။

ထို့အတူ တက်သည့်အစိုးရ တို့အစိုးရ အေးအေးလူလူ နေမည် ဆိုသူများလည်း ရှိနိုင်ပါသည်။ သို့သော် အသက် ၁၈နှစ်ပြည့်ပြီးသူများအနေဖြင့် ဆန္ဒမဲပေးရမည့်တာဝန်သည် နိုင်ငံသားတစ်ဦး၏ တာဝန်ပင်ဖြစ်ပါသည်။ နိုင်ငံကြီးသားပီသစွာ ဆန္ဒမဲပေးဖို့ လိုပါသည်။

ဆန္ဒမဲပြား တစ်ပြားသည် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏အနိုင်အရှုံးကို အဆုံးအဖြတ် ပေးနိုင်စွမ်းရှိပါသည်။ ဥပမာအားဖြင့် ပြိုင်ဘက်ပါတီများတွင် မဲအရေအတွက် တူညီနေပါက မိမိထည့်လိုက်သော ဆန္ဒမဲပြားတစ်ပြားကြောင့် အနိုင်အရှုံး အဆုံးအဖြတ်ပေးနိုင်လိမ့်မည် ဖြစ်ပါသည်။ ပြည်သူ့အကျိုးစီးပွားကို အဓိက ဦးဆောင်ဦးရွက်ပြုမည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် မိမိဆန္ဒပြုမည့် မဲသည် တန်ဖိုးရှိစွာဖြင့် အသည်းကြားကမဲတစ်ပြားဟု ဆိုကြခြင်းဖြစ်ပါသည်။

မဲတစ်ပြားသည် အရေအတွက်အားဖြင့် တစ်ကြိမ်၊ တစ်ခုဟူသော ခုဂဏန်းတစ်လုံးမျှသာ ဖြစ်ပါသည်။ သို့သော် တန်ဖိုးသည်ကားကြီးမားလှ၏။ မိမိထည့်လိုက်သော မဲတစ်ပြားသည် ကိုယ်စားလှယ်လောင်းတိုင်းအတွက် တန်ဖိုးကြီးလှ၏။ ဆန္ဒမဲသည် ပေးချင်တိုင်းပေး၍ ရသည်မဟုတ်ပေ။ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်၍ အကြောင်းညီညွတ်မှုရှိမှသာလျှင် ဆန္ဒမဲပေးခွင့်ရှိပါသည်။

ဆန္ဒမဲပေးခွင့်ရရှိထားသူများအနေဖြင့် အခွင့်အလမ်း မဆုံးရှုံးစေချင်ပါ။ အခွင့်အလမ်းကို အကျိုးရှိရှိအသုံးချနိုင်ရန် လိုပါသည်။ သို့ဖြစ်၍ အသည်းကြားက မဲတစ်ပြားဟု ဆိုသည့်အတိုင်း မိမိတို့လိုလားသော ကိုယ်စားလှယ်လောင်းများအတွက် ဆန္ဒမဲပေးခြင်းကို အလေးအနက်ထားသင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ကျုန်စစ်သား ကား/ရထား လမ်းကူးဂိတ် အလိုအလျောက် ဂိတ်တံခါးဖွင့်ပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၁**

ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ငွေ (Grant) ဖြင့် ဆောင်ရွက်သည့် Operation Control Center System and Safety Equipment စီမံကိန်း၏ ရန်ကုန်-ပြွန်တန်ဆာ လမ်းပိုင်းအတွင်း အစိတ်အပိုင်းတစ်ခု ဖြစ်သော ကျုန်စစ်သား ကား/ရထား လမ်းကူးဂိတ် အလိုအလျောက် အချက်ပေးစနစ်တပ်ဆင်ပြီးစီးမှု ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က တိုးကြောင်ကလေးနှင့် ရွာသာ ကြီးဘူတာအကြား မိုင်တိုင် အမှတ် (၉/၁) ရထားလမ်းကူး၌ ကျင်းပသည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ၊ စီမံ) ဦးအောင်ဝင်း၊ အထွေထွေ မန်နေဂျာ (အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါစီမံကိန်းသည် မြန်မာ့မီးရထား၌ ကြုံတွေ့နေရသော စက်ခေါင်း၊ တွဲ၊ လမ်းအချက်ပြ ဆက်သွယ်ရေးများနှင့် ဆက်စပ်ပြီး ရထားများ ကြန့်ကြာခြင်း၊ အမြန်နှုန်း မမြင့်မားခြင်း၊ မတော်တဆလမ်းချော်ကျခြင်းနှင့် ကြုံတွေ့နေရသော အခက်အခဲများကို အချက်ပြဆက်သွယ်ရေး စနစ်သုံးပစ္စည်းများ လဲလှယ်တပ်ဆင်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော စီမံကိန်းလုပ်ငန်းစဉ်များဖြစ်ပေါ်စေမည်ဖြစ်ပြီး ဂျပန်နှင့် International Consultants for Transportation Co.,Ltd.နှင့်Oriental Consultants Co.,Ltd. တို့ ပူးပေါင်းအဖွဲ့ကို Project Consulting Firm အဖြစ် တာဝန်ပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းကို ဇူလိုင် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၀ ရက်က ပြီးစီးခဲ့သည်။ စီမံကိန်းကုန်ကျငွေမှာ မြန်မာ့ငွေကျပ် ၂၁၀ ဒသမ ၄ သန်း ဖြစ်ပြီး စီမံကိန်းဝင် လုပ်ငန်းများအနေဖြင့် ရန်ကုန်-ပြွန်တန်ဆာ ရထားလမ်းပိုင်း ၈၉ မိုင်အတွင်း ဗဟိုမှထိန်းချုပ်မှု စနစ်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ ကိရိယာပစ္စည်းများ တပ်ဆင်မည့် စီမံကိန်းကို ဂျပန်နိုင်ငံမှ Consortium of Mitsubishi Corporation and Hitachi Ltd. မှ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီမိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် မိတ်ဆက်ပွဲနှင့် ရှယ်ယာရှင်များ ဖိတ်ခေါ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ညှိခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်က ဂုဏ်ပြုစကားပြောကြားပြီး ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က အစုရှယ်ယာများဖိတ်ခေါ်ခြင်းနှင့် ကုမ္ပဏီ၏ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ စုစုပေါင်းထည့်ဝင် ရင်းနှီးငွေကျပ် ၂၅ ဘီလီယံဖြစ်ပြီး နိုင်ငံတော်မှ ၄၀ ရာခိုင်နှုန်း(ကျပ် ၁၀ဘီလီယံ)၊ အများပြည်သူ ၆၀ ရာခိုင်နှုန်း (ကျပ်၁၅ဘီလီယံ) ထည့်ဝင်ကြမည်ဖြစ်ကာ အများပြည်သူအတွက် အစုရှယ်ယာများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်အထိ ရောင်းချပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသားနှင့် မြန်မာနိုင်ငံသား ကုမ္ပဏီများမှ အစုတစ်စုလျှင် ငွေကျပ် တစ်သိန်းဖြင့် အစု ၁၀၀၀ အထိ ဝယ်ယူနိုင်ကြောင်း၊ အစုရှယ်ယာများကို မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဘဏ်နှင့် ကမ္ဘောဇဘဏ်တို့၌ တန်ဖိုးအပြည့်အဝသွင်းပြီး ချလန်နှင့်အတူ အများပိုင်ကုမ္ပဏီရုံး၌ အဆိုပြု လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်လှေမောင်းနှင့် ထိန်းသိမ်းမှု သင်တန်းသရုပ်ပြ

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနက ကျင်းပသည့် စက်လှေကိုင်တွယ် မောင်းနှင်ထိန်းသိမ်းမှု သင်တန်းအမှတ်စဉ်(၃/၂၀၁၅) သရုပ်ပြပွဲကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ အုတ်ပုံဆိပ် ငမိုးရိပ်ချောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှ နည်းပြများဖြင့် အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အထိ သင်တန်းသား ၁၀၀ ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၅၄.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၁.၅၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅.၂၉ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ နည်းပညာများကို သင်ကြားခွင့်ရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်

**မန္တလေး အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် နည်းပညာ ပူးပေါင်းဖလှယ်ရေးအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သည့် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် (မန္တလေး)၏ ပင်မခြောက်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းဆောင်ရှေ့ မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်ဖွင့်လှစ်သည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂေါတမ်မိုခိုပါဒရာ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (မန္တလေး)၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပင်မခြောက်ထပ်ကျောင်းဆောင်သစ်ကို ထူးချွန်ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပင်မဆောင်ဆိုင်းဘုတ်၊ ကမ္ပည်းမော်ကွန်းနှင့် အိန္ဒိယ-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် Logo တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပင်မဆောင်ဖွင့်လှစ်သည့် ကမ္ပည်းမော်ကွန်းနှင့် အိန္ဒိယ-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြကာ အဆိုပါ ခြောက်ထပ်အဆောက်အအုံအတွင်းရှိ စာသင်ခန်းများ၊ လက်တွေ့ခန်းများနှင့် ICT နည်းပညာပြပွဲများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို အဆိုပါ ပင်မ ခြောက်ထပ်ဆောင် စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ကျောင်းဆောင်သစ်ဖွင့်ပွဲသည် နိုင်ငံတကာချစ်ကြည်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် အသုံးချမှုများကို ပြန်ကြည့်လျှင် ၁၉၇၀ ပြည့်နှစ် အစောပိုင်းကာလများကတည်းက ကွန်ပျူတာပညာရပ်နှင့် သက်ဆိုင်သည့် သင်တန်းများကို ရန်ကုန်တက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့၌ စတင်သင်ကြားပို့ချပေးခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ကွန်ပျူတာတက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် တစ်နိုင်ငံလုံး၌ ကွန်ပျူတာ တက္ကသိုလ် ၂၇ ခုအထိ ရှိနေပြီဖြစ်ပါကြောင်း။

အမြင့်ဆုံးဖြစ်သည့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပါရဂူဘွဲ့သင်တန်း Ph.D (IT)နှင့် Ph.D (CHT)များကို ရန်ကုန်နှင့် မန္တလေး ကွန်ပျူတာတက္ကသိုလ်များ၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပါရဂူဘွဲ့ရများကို မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ်မောင်မယ်များအား ITပညာရပ်များ လေ့ကျင့်သင်ကြားပေးပြီး လုပ်ငန်းခွင်အသင့်အနေအထားရှိမည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဂျပန်နိုင်ငံ JICA အကူအညီဖြင့် Information and Commucation Technology Institute (ICTTI) သင်တန်းကျောင်းကို ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ၏အကူအညီဖြင့် အိန္ဒိယ-မြန်မာ သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဌာန (India – Myanmar Centre for Enhancement of IT Skills (IMCEITS) ကို ၂၀၀၈ ခုနှစ်တွင် လည်းကောင်း စတင် တည်ထောင်ဖွင့်လှစ်ခဲ့ပါကြောင်း။

ယနေ့ ပင်မ ခြောက်ထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်နိုင်သည့် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ရာမှ ပေါ်ထွက်လာသည့် ချစ်ကြည်ရေး၊ နည်းပညာပူးပေါင်းဖလှယ်ရေးတို့၏ ရလဒ်ဖြစ်ပါကြောင်း၊ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပင်မဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို နိုင်ငံတော် ခွင့်ပြုဘဏ္ဍာငွေဖြင့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ် မှစတင်တည်ဆောက်ခဲ့ပါကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ လက်တွေ့ခန်းသုံး ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ နည်းပညာများနှင့် သင်ကြားမည့် ပညာရှင်များကို ငါးနှစ်စီမံကိန်းဖြင့် စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွင်းမှာပင် နိုင်ငံတကာအဆင့်မီ နည်းပညာ အတတ်ပညာများကို သင်ကြားလေ့လာ တက်ရောက်ခွင့်ရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အဆင့်မြင့် မြန်မာ့သတင်းအချက်အလက် နည်းပညာဆိုင်ရာ တက္ကသိုလ်ပေါ်ထွက်လာခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ထို့ကြောင့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်မှုများဖြင့် ပေါ်ထွက်လာသည့် တက္ကသိုလ်ကြီးအား အကျိုးရှိရှိ အသုံးချနိုင်ရန် စွမ်းဆောင်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးက မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Post Graduate Diploma in Software Development (PGDSD) ဘွဲ့လွန်ဒီပလိုမာဘွဲ့ရသင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ တက္ကသိုလ်ကို နည်းပညာသစ်များအသုံးပြု၍ နိုင်ငံ၏ စီးပွားရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာစေရန်၊ နိုင်ငံတကာမှ နည်းပညာ အတတ်ပညာများရရှိနိုင်ရန်၊ သတင်းအချက်အလက် နည်းပညာအသုံးပြု သုတေသနလုပ်ငန်းများ တိုးတက်လာရန်နှင့် သတင်းအချက်အလက် နည်းပညာ အခြေခံစီးပွားရေး လုပ်ငန်းများ တိုးတက် တည်ထောင်လာစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စတင်ဖွင့်လှစ်မည့် ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ် ပထမနှစ် ဘွဲ့ကြိုသင်တန်းတွင် B.E (Hons) Computer Science and Engineering နှင့် B.E (Hons) Electronics and Communication ဘွဲ့များနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် PG-DSD ( Post Graduate Diploma and Software Development) ဘွဲ့များ ပေးအပ်သွားမည် ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသော ကွန်ပျူတာတက္ကသိုလ်များမှ ပြခန်းများ၊ တက္ကသိုလ်၏ စာသင်ခန်းများနှင့် အိန္ဒိယနိုင်ငံ သတင်းအချက်အလက် နည်းပညာရှင်က ကျောင်းသား ကျောင်းသူများအား သင်ကြားပြသမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးနေပြီဖြစ်သော မင်္ဂလာမန္တလေး တည်ဆောက်ရေးစီမံကိန်း (MIN-GALAR MANDALAY COMMERCIAL PROJECT) ကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**

# လှိုင်မြို့နယ်၌ ရွေးကောက်ပွဲလုံခြုံရေးစီမံချက် ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းတို့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ လှိုင်မင်္ဂလာခန်းမမြေညီထပ်၌ ဖွင့်လှစ်မည့် မဲရုံ အမှတ်(၁) နမူနာပုံစံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အဆိုပါခန်းမရှိ အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးစီမံချက် ရှင်းလင်းခြင်းအခမ်းအနားကျင်းပခဲ့ရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွဋ်နှင့် လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးတို့က ဆောင်ရွက်ထားရှိသည့် လုံခြုံရေးစီမံချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး ဒုတိယဝန်ကြီးနှင့် ရဲချုပ်တို့က ရွေးကောက်ပွဲ၌ တာဝန်ယူဆောင်ရွက်ကြမည့် ခရိုင်/ မြို့နယ်/ ရပ်ကွက် ကျေးရွာအဆင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြဿနာတစ်စုံတစ်ရာဖြစ်လာက ပြေလည်အောင် ဆောင်ရွက်ပေးရမည့် ညှိနှိုင်းရေးကော်မတီများနှင့် တာဝန်ထမ်းဆောင်မည့် လုံခြုံရေးကော်မတီများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရန်၊ မဲရုံ၌ တာဝန်ထမ်းဆောင်မည့် အထူးရဲများ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး သက်ဆိုင်ရာကော်မတီများ၏ အရေးပါမှုများ၊ အထူးရဲများ၏ လုပ်ငန်းတာဝန်များစသည့် ရွေးကောက်ပွဲတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ဆီးရီးယားသို့မြေပြင်တပ်စေလွှတ်ရန် အမေရိကန်ကြေညာ



**ဝါရှင်တန် အောက်တိုဘာ ၃၁**

အိုင်အက်စ်ချေမှုန်းရေးစစ်ပွဲအတွက် ဆီးရီးယားသို့ စစ်သွေးကြွများအား ချေမှုန်းရာတွင် အကြံပေးအဖြစ်ဆောင်ရွက်ရန် ပထမဆုံးသော မြေပြင်တပ်ဖွဲ့များစေလွှတ်ရေးစီစဉ်နေပြီဖြစ်ကြောင်း အမေရိကန်အစိုးရက အောက်တိုဘာ ၃၀ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

ဆီးရီးယားစစ်ပွဲစတင်ပြီး ၂၀၁၁ ခုနှစ်ကတည်းက ဘတ်ရှာအယ်လ်အာဆတ်၏ မဟာမိတ် အီရန်က ပထမဆုံး တက်ရောက်ခဲ့သော ဗီယင်နာ၌ ကျင်းပခဲ့သည့် အစည်းအဝေးတွင် ဆီးရီးယား ပြည်တွင်းစစ်အပစ်အခတ်ရပ်စဲရေး အီးယူနှင့် ကုလသမဂ္ဂနိုင်ငံပေါင်း ၁၇ နိုင်ငံက ဆော်ဩလိုက်ပြီးနောက် မကြာမီပင် ဝါရှင်တန်က မြေပြင်စစ်ဆင်နွှဲရန် ကြေညာလိုက်ခြင်းဖြစ်သည်။

လာမည့်သီတင်းပတ်များအတွင်း ဆီးရီးယားမြောက်ပိုင်းသို့ တပ်ဖွဲ့ဝင် ၅၀ ကျော် တပ်ဖြန့်သွားမည်ဖြစ်ကြောင်း၊ ယင်းတပ်ဖွဲ့သည် ရှေ့တန်းစစ်မြေပြင် တိုက်ခိုက်ရေးအတွက် မဟုတ်ကြောင်း အမေရိကန်က ပြောသည်။

ဗီယင်နာအစည်းအဝေးသို့ တက်ရောက်လာသော အမေရိကန်နှင့် ရုရှားတို့အပါအဝင် နိုင်ငံအားလုံးက ဆီးရီးယားပြည်တွင်းစစ်ကို သံတမန်နည်းလမ်းဖြင့် အဆုံးသတ်ရန် သဘောတူကြသည်။ **(ရိုက်တာ)**

# တရုတ်နိုင်ငံအလယ်ပိုင်းတွင် အဆောက်အအုံတစ်လုံးပြိုကျ၊ အလုပ်သမား ၁၇ ဦးသေဆုံး

**ပေကျင်း အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ဒေသ၌ အဆောက်အအုံတစ် လုံးပြိုကျမှု ဖြစ်ပွားခဲ့သောကြောင့် ကယ်ဆယ်ရေးသမားများက ကယ်ဆယ်ရေးလုပ်ငန်းများကို ယနေ့နံနက် အစောပိုင်းက အပြီးသတ်ပြုလုပ်ခဲ့ကြောင်း၊ ယင်းအဆောက်အအုံ ပြိုကျမှုဖြစ်စဉ်ကြောင့် အဆိုပါနေရာတွင် အလုပ်လုပ်နေသော အလုပ်သမား ၁၇ ဦး သေဆုံးခဲ့ပြီး တာဝန်ရှိသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဝုရန်စီရင်စု ဘေဝူဒူမြို့၌ ၁၉၉၀ ပြည့်လွန်နှစ်များကတည် ဆောက်ခဲ့သော နှစ်ထပ်အဆောက်အုံမှာ အောက်တိုဘာ ၃၀ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၃၀ က ဆောက်လုပ်ရေးအလုပ်သမားများက ပြန်လည်ပြုပြင်မှုပြုလုပ်နေစဉ် ရုတ်တရက်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယင်းစီရင်စု မြို့ပြဌာနက ပြောခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများက အပြိုအပျက်များတွင် ပိနေသော အလုပ်သမား ၄၀ ကို ယင်းနေ့ ညနေ ၁၀ နာရီ မိနစ် ၅၀ က ဆွဲထုတ်ကယ်ဆယ်ခဲ့ရကြောင်း၊ သို့သော်လည်း လူ ၁၇ ဦး သေဆုံးခဲ့ကာ အခြား ၂၃ ဦး ဒဏ်ရာရရှိခဲ့သည့်အနက် ခုနစ်ဦးမှာ ပြင်းထန်သော အခြေအနေရှိကြောင်း သိရသည်။ အဆိုပါ အဆောက်အအုံ ပြိုကျရသည့် အကြောင်းအရင်းကို ဆက်လက်စစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ခရီးသည် ၂၂၄ ဦးပါလာသည့် ရုရှားလေယာဉ် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ ပျက်ကျ

**ကိုင်ရို အောက်တိုဘာ ၃၁**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ အောက်တိုဘာ ၃၁ရက်တွင် ခရီးသည် ၂၁၇ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးတင်ဆောင်သည့် ရုရှားခရီးသည်တင်လေယာဉ်ကြီး တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသည့် လူအများစုမှာ သေဆုံးသွားဖွယ်ရှိကြောင်း အီဂျစ်လုံခြုံရေးသတင်းရပ်ကွက်အရ သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် အခင်းဖြစ်ရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြပြီး အဆိုပါလေယာဉ်ပေါ် လိုက်ပါလာသည့် ခရီးသည်များ၏ ရုပ်လောင်းပေါင်း ၁၀၀ ကျော်ကို ရှာဖွေတွေ့ရှိကာ စစ်လေယာဉ်များဖြင့် ကိုင်ရိုမြို့ရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း အခင်းဖြစ်ရာနေရာသို့ရောက်ရှိနေသည့် အီဂျစ်ရဲအရာရှိတစ်ဦးက တယ်လီဖုန်းဖြင့် ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

ရုရှားလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ကိုဂါလီမာဗီးယားပိုင် အဲဘတ်စ်လေယာဉ် A-321 သည် အောက်တိုဘာ ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၅နာရီ ၅၁မိနစ်ခန့်က အီဂျစ်နိုင်ငံဆိုင်းနိုင်းကျွန်းဆွယ်ရှိ ပင်လယ်နီ အပန်းဖြေစခန်းဖြစ်သည့် ရှမ်အယ်လ်ရှိတ်ခ်ဒေသမှ ရုရှားနိုင်ငံ စိန့်ပီတာစဘာ့ခ်မြို့သို့ဦးတည်ထွက်ခွာခဲ့ရာ ထွက်ခွာပျံသန်းခဲ့ပြီးနောက် ၂၃ မိနစ်ခန့်အကြာတွင် လူသူအရောက်အပေါက်နည်းပါးသည့် ဆိုင်းနိုင်းကျွန်းဆွယ်အလယ်ပိုင်း တောင်ထူထပ်သည့်ဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်ဝန်ကြီးချုပ်ရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အီဂျစ်နိုင်ငံပိုင် အာဟရမ်အွန်လိုင်းသတင်း ဝက်ဘ်ဆိုက်၌ ဖော်ပြချက်အရ အဆိုပါ လေယာဉ်ပျက်ကျမှုမှာ စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့်ဖြစ်ပြီး လူတစ်စုံတစ်ဦးက ပစ်ချခဲ့ခြင်းမဟုတ်ကြောင်း၊ လေယာဉ်မှူးသည် လေယာဉ်စက်ချွတ်ယွင်းမှန်း သိသောအခါ အနီးစပ်ဆုံးလေဆိပ်သို့ ဆင်းသက်လိုသည်ဟု လေယာဉ်အာဏာပိုင်များအား သတင်းပေးပို့ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တောင်တရုတ်ပင်လယ်ကင်းလှည့်မှုပြဿနာ အမေရိကန်ဘက်မှ အီးယူရပ်တည်ပြောဆို

**ဘရပ်ဆဲလ် အောက်တိုဘာ ၃၁**

တောင်တရုတ်ပင်လယ်အတွင်း အမေရိကန်-တရုတ်ကင်းလှည့်ရေယာဉ်ပြဿနာ ဖြစ်ပွားမှုအပေါ် အောက်တိုဘာ ၃၀ ရက်က ဘရပ်ဆဲလ်၌ဆွေးနွေးကြရာ အီးယူက အမေရိကန်ဘက်မှ ရပ်တည်ခဲ့ပြီးနောက် လာမည့် သီတင်းပတ်တွင် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး (အေဆမ်)၌ အဆိုပါ ကိစ္စကို ဆက်လက်ဆွေးနွေးကြဖွယ်ရှိသည်။

အောက်တိုဘာ ၂၇ ရက်က အမေရိကန်စစ်သင်္ဘောတစ်စင်း တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်တို့၏ လူလုပ်ကျွန်းအနီး ၁၂ မိုင်တွင်း ချဉ်းကပ်ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ဒေါသထွက်လျက်ရှိသည်။ “ဒီကိစ္စက အမေရိကန်တို့ရဲ့ လွတ်လပ်စွာရေကြောင်းသွားလာခွင့်ပါ” ဟု အီးယူတာဝန်ရှိသူတစ်ဦးက အမေရိကန်ဘက်မှရပ်တည်၍ပြောကြားသည်။

အဆိုပါ ကင်းလှည့်မှုသည် အမေရိကန်တို့၏ အခွင့်အရေးကို ကာကွယ်ရန် လွတ်လပ်စွာ ရေကြောင်းသွားလာမှုဖြစ်ကြောင်း အမေရိကန်ရေတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ အီးယူက အငြင်းပွားရေပိုင်နက်အတွင်း ကျွန်းအသစ်များ တည်ဆောက်မှုကိုလည်း စိုးရိမ်မိကြောင်း ပြောကြားလိုက်သည်။ **(ရိုက်တာ)**

## ဘူခါရက် မြို့လယ်ရှိ နိုက်ကလပ်တစ်ခု၌ မီးလောင်မှုဖြစ်ပွား ၂၆ ဦးသေဆုံး၊ ၁၈၀ ကျော် ဒဏ်ရာရရှိ

**ဘူခါရက် အောက်တိုဘာ ၃၁**

အောက်တိုဘာ ၃၀ ရက်က ရိုမေးနီးယားနိုင်ငံ ဘူခါရက် မြို့လယ်ရှိ နိုက်ကလပ်တစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၆ဦး သေဆုံးခဲ့ပြီး ၁၈၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အောက်တိုဘာ ၃၁ရက် အစောပိုင်းက ကြေညာခဲ့သည်။

ကော်လက်တစ်ဗ်ဟု ခေါ်သည့် နိုက်ကလပ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူ ၂၆ ဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ဂက်ဘရီယယ် အော့ပရီယာက အတည်ပြုပြောကြားခဲ့သည်။

အခြားဒဏ်ရာရရှိခဲ့သော လူ ၁၈၀ ကျော်ကို ဘူခါရက်ရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ရကြောင်း ကျန်းမာရေးဌာနအတွင်းဝန် ရက်ဒ်အာရာဖက်တ်က ပြောကြားခဲ့သည်။

အဆိုပါ ကလပ်၏ဖေ့စ်ဘွတ်ခ်စာမျက်နှာ ဖော်ပြချက်အရ မီးလောင်မှုဖြစ်ပွားရာည (အောက်တိုဘာ ၃၀) ရက်က တေးဂီတဖျော်ဖြေပွဲတစ်ခုကို ပြုလုပ်နေကြောင်း ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ဆီးရီးယားနိုင်ငံပဋိပက္ခအဆုံးသတ်ရေးသဘောမတူမှုများ ဆက်လက်ကျန်ရှိ



**ဒမတ်စကတ် အောက်တိုဘာ ၃၁**

နိုင်ငံပေါင်း ၁၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဆီးရီးယားနိုင်ငံပဋိပက္ခကို သံတမန်နည်းလမ်းဖြင့် အဆုံးသတ်ရန် ဗီယင်နာအစည်းအဝေး၌ သဘောတူခဲ့သော်လည်း ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်၏ ကံကြမ္မာကို အဆုံးအဖြတ်မပေးနိုင်ခဲ့ပေ။

ထို့ကြောင့် အဆိုပါအစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သူများက လာမည့်နှစ်ပတ်အတွင်း နောက်ထပ်အစည်းအဝေးတစ်ခုကို ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ယင်းအစည်းအဝေးတွင် ပါဝင်ခဲ့သော အမေရိကန်ပြည်ထောင်စုနှင့် အာရပ်ရှိ မဟာမိတ်နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ ရုရှားနှင့် အီရန်စသည့်နိုင်ငံများသည် ဆီးရီးယားကို ထောက်ပံ့နေသော အဓိကနိုင်ငံများ ဖြစ်ကြသည်။

ခုနစ်နာရီကြာ ဆွေးနွေးပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်နှင့် ဆီးရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတက်ဖန်ဒီမစ်တူရာတို့သည် သတင်းထောက်များကို တွေ့ဆုံမှုများ ပြုလုပ်ခဲ့ပြီး အိုင်အက်စ်စစ်သွေးကြွများနှင့်အခြား အကြမ်းဖက်ကွန်ရက်များကို အမြစ်ပြတ်နှိမ်နင်းရန် အချက်ကိုးချက်ပါ သဘောတူညီမှု ရရှိခဲ့ကြောင်း ကြေညာခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်ကို ရာထူးမှ ဆင်းပေးရန် အလို့ငှာ အမေရိကန်နိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်း တိုက်တွန်းပြောကြားလိုက်သည်။ ဆီးရီးယားအရေးဖြေရှင်းရန်မှာ ဆီးရီးယားပြည်သူများ၏ အရေးဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားခဲ့သည်။ ဆီးရီးယားအရေးအပေါ် မတူညီသော သဘောထားများ ဆက်လက်ကျန်ရှိနေသေးကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီတစ်ရပ်ဖော်ဆောင်ခြင်း



*(အောက်တိုဘာ ၂၃ ရက်က Nikkei Asian Review တွင် ဖော်ပြခဲ့သော သမ္မတရုံးဝန်ကြီးဦးစိုးသိန်း၏ Creating a sustainable democracy in Myanmar ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်အရ ဆီလျော်အောင် ဘာသာပြန်ဆိုဖော်ပြပါသည်။)*

ကြယ်စင်သာ

မြန်မာနိုင်ငံ၌ နိုဝင်ဘာလတွင် သမိုင်းဝင်အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် လုပ်ဆောင်နေကြချိန်တွင် နိုင်ငံတကာအပါအဝင် အများကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အရှိန်အဟုန်နှင့် အတိုင်းအတာကို အကဲဖြတ်ပြီး ထင်မြင်ချက်ပေးကြမည်သာဖြစ်သည်။

ယင်းသို့သောအချိန်ကာလတွင် ဦးစွာတင်ပြလိုသည်မှာ ယနေ့မြန်မာနိုင်ငံနှင့် လွန်ခဲ့သော ၄ - ၅ နှစ်က မြန်မာနိုင်ငံ၏ အခြေအနေများကို နှိုင်းယှဉ်ကြည့်ရှုကြရန်ဖြစ်ပါသည်။ လွန်ခဲ့သော ၄-၅ နှစ်ကဆိုလျှင် မြန်မာနိုင်ငံသည် စစ်အုပ်ချုပ်ရေးအောက်တွင်ရှိနေခြင်း၊ မီဒီယာကဏ္ဍနှင့် အင်တာနက်အသုံးပြုနိုင်မှုအပေါ် ကန့်သတ်မှုများရှိခြင်း၊ လူငါးဦးထက်ပို၍ စုဝေးခြင်းမှ တားမြစ်ခြင်း၊ နိုင်ငံတကာကုန်သွယ်မှုအပေါ် တင်းကျပ်စွာထိန်းချုပ်ထားခြင်းနှင့် လူနည်းစုကသာ မိုဘိုင်းတယ်လီဖုန်းကို အသုံးပြုနိုင်ခြင်း စသည်ဖြင့်ရှိခဲ့သည်။

ယခုအခြေအနေတွင်မူ ပြီးခဲ့သော ရာစုနှစ်ဝက်အခြေအနေနှင့် မနှိုင်းယှဉ်သာသည့် နိုင်ငံရေးအရလွတ်လပ်မှုများ ရရှိနေပြီဖြစ်သည်။ ပြည်သူတို့၏လူနေမှုအဆင့်အတန်းမြင့်တက်လာခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်နေခြင်း၊ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံအချို့ထက် မိုဘိုင်းဖုန်းဆက်သွယ်ရေးစနစ်များ ပိုမိုလျင်မြန်စွာ ပျံ့နှံ့နေခြင်းစသည်ဖြင့် တွေ့မြင်ရမည်ဖြစ်သည်။

Creating a sustainable democracy in Myanmar



The gate to the massive compound of Myanmar's parliament building in Naypyitaw © Reuters

As Myanmar heads toward a historic general election in November, many will be judging the pace and scope of the country's democratic reforms.

We need first to compare the Myanmar of today with the Myanmar of just four or five years ago, when the country was under military dictatorship, with severe restrictions on the media and on Internet access; when gatherings of more than five people were prohibited; when international trade was tightly controlled; and only a tiny fraction of people had access to mobile telephones.

**မျက်မှောက်မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ နေ့ချင်း ညချင်း ဒီမိုကရေစီပေါ်ပေါက်လာမည်ဟူသော မျှော်လင့်ချက်ကို အခြေခံသည့် အမြင်မျိုးထက် ကမ္ဘာလုံးဆိုင်ရာ အတွေ့အကြုံနှင့် နှိုင်းယှဉ်ပြီး မိမိတို့အမှန်တကယ် ရောက်ရှိနေသည့် အခြေအနေအပေါ်တွင်သာ အကဲဖြတ်ကြခြင်းက ပိုမိုသင့်လျော်**

ယခင်က အခြေအနေနှင့် ယခုအခြေအနေတို့ ကွာခြားမှုကား နှိုင်းယှဉ်၍မရနိုင်တော့ပေ။ ဖြစ်ပေါ်လာသည့် ကြီးမားသောပြောင်းလဲမှုများမှာ အကောင်းဆီသို့ ဦးတည်ညွှန်ပြနေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဆီးရီးယားနှင့် လစ်ဗျားနိုင်ငံများတွင် ကြုံတွေ့ခဲ့ရသည့် သွေးထွက်သံယိုနှင့် ပရမ်းပတာ၊ ဖရိုဖရဲအခြေအနေမျိုးဖြစ်ပေါ်ခဲ့မှုမရှိဘဲ အာဏာရှင်ပုံစံအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအတွက် နိုင်ငံရေး အခင်းအကျင်းသစ်တစ်ရပ်နှင့် စီးပွားရေးဝန်းကျင်သစ် တစ်ရပ်သို့ အသွင်ကူးပြောင်းဖြစ်ပေါ်လာခဲ့ပြီးဖြစ်သည်။

**အကဲဖြတ်မစောလွန်းပါနှင့်**

မျက်မှောက်မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ နေ့ချင်း ညချင်း ဒီမိုကရေစီပေါ်ပေါက်လာမည် ဟူသော မျှော်လင့်ချက်ကို အခြေခံသည့် အမြင်မျိုးထက် ကမ္ဘာလုံးဆိုင်ရာအတွေ့အကြုံနှင့်နှိုင်းယှဉ်ပြီး မိမိတို့အမှန်တကယ်ရောက်ရှိနေသည့် အခြေအနေအပေါ်တွင်သာ အကဲဖြတ်ကြခြင်းက ပိုမိုသင့်လျော်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် မျှော်လင့်ချက်များစွာ ထားရှိနေသူအချို့က လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို အားရကျေနပ်မှုမရှိနိုင်ဖြစ်နေကြသည်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ပိုမိုမြန်ဆန်သော အပြောင်းအလဲကောင်းများကို ဖြစ်ပေါ်စေလိုသည့် ဆန္ဒရှိသည်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း အမှန်တကယ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ရောက်ရှိရန်နှင့် အခြေခံလူနေမှုအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းလျက်ရှိကြသည်။ အမျိုးသမီးနှင့် ကလေးငယ်များ၊ မသန်မစွမ်း၊ သက်ကြီးရွယ်အိုများနှင့် စစ်မှုထမ်းဟောင်းများအပါအဝင် လူတိုင်းတန်းတူအခွင့်အရေးရရှိနိုင်ရေး၊ လူမျိုးရေးနှင့် ဘာသာရေးခွဲခြားမှု၊ စီးပွားရေးအရမညီမျှမှုနှင့် အကျင့်ပျက်ခြစားမှုများ အဆုံးသတ်နိုင်ရေးတို့ကို လိုလားလျက်ရှိကြသည်။ အတူတကွ သာယာဝပြောမှုမျိုးကို မြင်တွေ့ခံစားချင်ကြသည်။ သို့သော်လည်း ထိုကဲ့သို့သော အခြေအနေမျိုးမှာ နေ့ချင်းညချင်း ဖြစ်ပေါ်လာမည် မဟုတ်ပေ။ စတင်စိုက်ပျိုးသည့် အပင်တစ်ပင်မှ ချက်ချင်းလက်ငင်း အသီးမရနိုင်သေးသည့်အခြေအနေမျိုးတွင် ရှေ့သို့မည်ကဲ့သို့ တက်လှမ်းမည်ဆိုသည့် လက်တွေ့ကျသော အတွေးအခေါ်နှင့် စိတ်ရှည် သည်းခံမှုများ ထားရှိနိုင်ရန် လိုအပ်ပြီး လက်တွေ့မကျသော၊ အပြုသဘောမဆောင်သည့် အတွေးအခေါ်များကို ဖယ်ရှားနိုင်ရမည်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးအပါအဝင် သာယာဝပြောသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သကဲ့သို့ ကျပ်တည်းသော စီးပွားရေးအခြေအနေမှ လွတ်မြောက်ရန်အခက်အခဲဆုံး ပြောင်းလဲမှု အချို့ကိုလည်း လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့သော ပြောင်းလဲမှုများသည် နိုင်ငံတော်သမ္မတ၏ ရဲဝံ့ပြတ်သားသည့် ဆုံးဖြတ်ချက်နှင့် ဦးဆောင်နိုင်မှုများကြောင့် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

**အစသာရှိသေးသည်**

လေးနှစ်တာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပြီးနောက် နိုင်ငံအနေဖြင့် ရှေ့တွင်ရင်ဆိုင်ရမည့် အခက်အခဲများကိုလည်း ကောင်းစွာသိရှိထားကြရန် လိုအပ်ပါသေးသည်။ ပထမဦးဆုံးရင်ဆိုင်ရမည်မှာ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် စိတ်နေစိတ်ထားပိုင်းဆိုင်ရာ ပြဿနာများဖြစ်သည်။ အလားတူပြည်သူများမှာ ဗဟိုဦးစီးစနစ်တွင် ကျင်လည်ခဲ့ရသည့်အခြေအနေနှင့် အမူအကျင့်များမှ မည်ကဲ့သို့ ပြောင်းလဲရန်းထွက်ကြရမည်ကို မသိရှိကြသေးခြင်းဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အတူ နိုင်ငံတော်အစိုးရသည် ၂၀၁၁ ခုနှစ်က စတင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများဖြင့် အခက်အခဲများစွာကို အစွမ်းကုန်ဖြေရှင်း ဆောင်ရွက်ခဲ့သော်လည်း ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများစွာ ကျန်ရှိနေဆဲဖြစ်သည်။

ယခုအခါ ဍ၅နှစ်သွယ်သော စိန်ခေါ်မှုများမှာ တည်ရှိနေဆဲပင်ဖြစ်သည်။ ဌာနဆိုင်ရာဝန်ထမ်းအများစုမှာ ဗဟိုဦးစီးစနစ်နှင့်အတူ ဖြစ်တည်ခဲ့သော စိတ်နေစိတ်ထားအတိုင်းသာရှိနေဆဲဖြစ်သကဲ့သို့ နိုင်ငံရေးအတွေ့အကြုံမရှိကြသေးသူများကလည်း စစ်မှန်သောခွဲခြမ်းစိတ်ဖြာမှုအစား ပြစ်တင်ဝေဖန်မှုများနှင့်သာ ပျော်မွေ့နေကြသည်။

ယခုကဲ့သို့ နိုင်ငံပြုပြင်ပြောင်းလဲတည်ဆောက်ရေး ကြိုးပမ်းနေချိန်မျိုးတွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်လီရှန်လွန်းက ၎င်း၏ဖခင် လီကွမ်ယုကို ချီးကျူးခဲ့သည့် စကားတစ်ခုအား သတိရသင့်ပါသည်။ လီရှန်လွန်းက နိုင်ငံများစွာရှိ ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲဝင်သူများနှင့် သူရဲကောင်းများသည် လွတ်လပ်ရေးနှင့် အာဏာကို ရရှိနိုင်ကြမည်ဖြစ်သော်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင်မူ အောင်မြင်မှုများရရှိချင်မှ ရရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်တည်ဆောက်ရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူနေမှုဘဝ မြှင့်တင်ရေးဆိုင်ရာ အခက်အခဲများမှာ လွန်စွာကွဲပြားခြားနားမှုရှိနေခြင်းကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဝေဖန်မှုနှင့် အတိုက်အခံပြုလုပ်သည့် ယဉ်ကျေးမှုကသာ အားသာလျက်ရှိပြီး လက်တွေ့ကျသော မူဝါဒချမှတ်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကမူ လွန်စွာအားနည်းလျက်ရှိသည်။ ၂၀ ရာစု မြန်မာနိုင်ငံကို တည်ဆောက်နိုင်ရန်အတွက် အချိန်များစွာပေးရန်လိုအပ်ပါသည်။ အကြောင်းမှာ တည်ငြိမ်အေးချမ်းစွာ ပြောင်းလဲဖော်ဆောင်နိုင်ရမည် ဖြစ်သည့်အပြင် ပြည်သူအားလုံးလည်း ပါဝင်ရန်လိုအပ်ခြင်းကြောင့်ဖြစ်သည်။ နေရာတိုင်း၊ ကဏ္ဍတိုင်းတွင် ထိုကဲ့သို့ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ၌ လုံလောက်သောလူ့စွမ်းအားအရင်းအမြစ်များ မရှိသေးပေ။ စွမ်းဆောင်ရည်ကန့်သတ်ချက်နှင့် ပြုပြင်ရမည့် စိတ်နေစိတ်ထားလိုအပ်ချက်ရှိနေဆဲဖြစ်သော ရှိသမျှလူ့အင်အားနှင့် ဖော်ဆောင်နေရခြင်းသည်ပင် အမှန်တကယ် ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည်။

တစ်ဖက်တွင်လည်း ပြည်သူလူထုအနေဖြင့် ဒီမိုကရေစီလိုလားသော ဆန္ဒများကို ၎င်းတို့၏ ကိုယ်ပိုင်ပြုမူမှုများနှင့် ချိတ်ဆက်ထားရန် လိုအပ်သည်။ အိန္ဒိယသမ္မတဟောင်း အေပီဂျေ အဗ္ဗဒူလ်ကာလမ်က "ပြည်သူများသည် တာဝန်ရှိပုဂ္ဂိုလ်များအပေါ် အပြစ်သာတင်လိုကြသည်။ သို့ရာတွင် နိုင်ငံ၏ ပကတိအခြေအနေကို ၎င်းတို့၏ ကိုယ်ပိုင်ပြုမူမှုများနှင့် ချိတ်ဆက်မှုမရှိသလောက်ပင်ဖြစ်သည်"ဟု ပြောကြားခဲ့သည်ကိုလည်း သတိပြုသင့်ပေသည်။ လက်ရှိအခြေအနေတွင် တစ်ပါးသူ၏အပြစ်ကို အမြဲတစေရှာဖွေပြောဆိုလေ့ရှိသူများနှင့် လမ်းပေါ်တွင် စည်းကမ်းမဲ့စွာ အမှိုက်ပစ်သူ၊ အခွန်ရှောင်သူ၊ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းမလိုက်နာသူများမှာ အတူတူပင်ဖြစ်နေကြသည်။ ယင်းအတွက် လူ့အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် လုပ်ဆောင်ကြရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲတစ်ရပ် ဖော်ဆောင်ရန်လိုအပ်လျက်ရှိသကဲ့သို့ အချိန်ကာလအားဖြင့်လည်း မျိုးဆက်သစ်တစ်ခုပေါ်ထွန်းလာသည့်တိုင် ကြာမြင့်ပေလိမ့်ဦးမည်။

မျက်မှောက်အစိုးရအနေဖြင့် အောင်မြင်မှုများစွာရရှိခဲ့ပြီးဖြစ်ပါသည်။ နှစ် ၆၀ ကြာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုကို အဆုံးသတ်ပြီး တစ်ဦးနှင့်တစ်ဦးယုံကြည်မှုတည်ဆောက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၆ ဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဖော်ဆောင်လျက်ရှိသည်။ အောက်တိုဘာလ ၁၅ ရက်နေ့က တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့နှင့် သမိုင်းဝင်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လမ်းခင်းပေးလိုက်ခြင်းပင်ဖြစ်သည်။

**စီးပွားရေးဆိုင်ရာအခက်အခဲများ**

တစ်ပြိုင်နက်တည်းတွင် မြန်မာနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲရန်နှင့် ၅၁ သန်းကျော်သော ပြည်သူအားလုံးအတွက် လူနေမှုအဆင့်အတန်းများ တိုးတက်လာစေရန် အစိုးရကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အဆိုအရ ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ရှိရာမှ အမေရိကန်ဒေါ်လာ ၁၂၇၀ အထိ ၂၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။ မက်ခရို စီးပွားရေးတည်ငြိမ်မှု ပိုမိုရရှိရေးနှင့် ပတ်သက်ပြီး ငွေကြေး ပြုပြင်ပြောင်းလဲမှုမှသည် အများပြည်သူကဏ္ဍဆိုင်ရာ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုအထိ များစွာသောပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။

ယခင်က သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် တာဝန်ခံသည့် စီမံခန့်ခွဲမှုအတွက် ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်တစ်ခုဖြစ်သော သယံဇာတလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်မှု ကျင့်သုံးသည့် သဘောတူညီချက် (EITI) ကို ကြားခဲ့ဖူးသူမှာ မြန်မာနိုင်ငံတွင် လူနည်းစုအချို့သာရှိခဲ့သည်။ ယခုအခါ ယင်းသဘောတူညီချက်ပါ စံသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံသည်လည်း (EITI) တွင် တင်းပြည့်အဖွဲ့ဝင်နိုင်ငံ လျှောက်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ အစိုးရအဖွဲ့အတွင်း ပွင့်လင်းမြင်သာမှုရှိရေးနှင့် အရပ်သားများ ပိုမိုပါဝင်လာရေးမြှင့်တင်ရန် ဘက်စုံပါဝင်သည့် လုပ်ဆောင်မှုတစ်ရပ်ဖြစ်သော ပွင့်လင်းမြင်သာသည့် အစိုးရအဖွဲ့နှင့် လက်တွဲဆောင်ရွက်မှု

*စာမျက်နှာ ၇ ကော်လံ ၃ သို့*

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန (ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး*

# သဘာဝအခြေခံဘောဂဗေဒ (သို့မဟုတ်) အစိမ်းရောင်စီးပွားရေး

**အရှိုင်းပန်း-ရေးသည်**

**'ပန်းသီး'အမှတ်တံဆိပ်ကပ် ကွန်ပျူတာ၊ မိုဘိုင်းဆက်သွယ်ရေးနှင့် မီဒီယာကိရိယာများ ထုတ်လုပ်သည့် Apple ကုမ္ပဏီသည် တရုတ်နိုင်ငံရှိ ယင်း၏စက်ရုံခွဲ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ရာနှုန်းပြည့်သုံးစွာကာ လုပ်ငန်းများလည်ပတ်နိုင်ပြီဟု အောက်တိုဘာ ၂၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်ရှိ ထိပ်တန်းကုမ္ပဏီကြီးဖြစ်သော Apple ကုမ္ပဏီ၏ ကြီးမြတ်လှသော ရည်မှန်းချက်မှာ ကုန်ထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေသော စွမ်းအင်ကိုအသုံးပြုခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည့်စုံသည့် လောကလူ့ဘောင်ကို တည်ဆောက်ရန်ပင် ဖြစ်လေသည်။**

တရုတ်နိုင်ငံသည် Apple ကုမ္ပဏီအတွက် အဓိကကျလှသည့် ဈေးကွက်ခက်မကြီးတစ်ခုဖြစ်သည်။ကမ္ဘာတစ်ဝန်း၌ အစားထိုးစွမ်းအင်သုံးစွဲရေးအတွက် ဦးတည်လှုပ်ရှားလာကြချိန်တွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ Apple ကုမ္ပဏီက တရုတ်နိုင်ငံ၌ နေစွမ်းအင်စီမံကိန်းများကို ရေးဆွဲထားပြီး ယခုအချိန်မှသည် ၂၀၂၀ ပြည့်နှစ်အထိ တစီတတန်း အကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။

သန့်ရှင်းသော စွမ်းအင်သုံးစွဲရေး ရည်မှန်းချက်အရ ကမ္ဘာတစ်ဝန်းရှိ မိမိ၏စက်ရုံခွဲများ၌ ၈၇ ရာခိုင်နှုန်းအထိ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို သုံးစွဲနိုင်ပြီဟု Apple ကုမ္ပဏီက ဝင့်ဝင့်ကြွားကြွားပင် ပြောဆိုခဲ့လေသည်။

"ရာသီဥတုပြောင်းလဲမှုဟာ ကျွန်တော်တို့ရဲ့ ခေတ်မှာ အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ပါ။အပြောမဟုတ် အလုပ်နဲ့သက်သေပြကြပါစို့. . . ."ဟု Apple အမှုဆောင်အရာရှိချုပ် တင်ကွတ်က ပြောကြားလေသည်။

"အစိမ်းရောင် စီးပွားရေးဆီသို့ အသွင်ပြောင်းကြရာမှာ တီထွင်ဆန်းစစ်မှုတွေလိုတယ်။ ဦးတည်ချက်ရှိဖို့လိုတယ်။အစိမ်းရောင်စီးပွားရေး တည်ဆောက်နိုင်ဖို့ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီတွေနဲ့ လက်တွဲဆောင်ရွက်သွားမယ်" ဟုသူက ကမ်းလင့်လေသည်။

Apple ကုမ္ပဏီသည် တရုတ်နိုင်ငံ စီချွမ်းပြည်နယ်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်မည့် ဆိုလာစီမံကိန်းများ အကောင်အထည်ဖော်မှုမှာ မကြာမီက ပြီးဆုံးခဲ့သည်။ မဂ္ဂါဝပ် ၂၀၀ ထုတ်လုပ်နိုင်မည့် ဆိုလာစီမံကိန်းများကိုလည်း ဆက်လက်လုပ်ကိုင်သွားမည်ဟု ဆိုသည်။

ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့မက်ထရစ်တန်ချိန်သန်း၂၀ အထိ လျှော့ချနိုင်မည့် စီမံကိန်းများဖြစ်ပြီး တရုတ်နိုင်ငံ၌ Apple ကုမ္ပဏီက လက်ရှိသုံးစွဲနေသည့် လျှပ်စစ်ဓာတ်အားပမာဏထက် ပိုမိုသောပမာဏအထိကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အဖြစ် ထုတ်လုပ်သွားမည်ဟု တင်ကွတ်က ပြောကြားခဲ့သည်။

Apple ကုမ္ပဏီ၏ အကြီးအကဲ တင်ကွတ်ဆိုမိန့်သလိုပင် ရာသီဥတုပြောင်းလဲခြင်း၊ လူဦးရေတိုးပွားခြင်းနှင့် သဘာဝသယံဇာတများ ယုတ်လျော့လာခြင်းတို့သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ဘုံရည်မှန်းချက်ဖြစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိရေး၊ ရည်မှန်းချက်အကောင်အထည်ဖော်ရေးတွင် အကြီးမားဆုံး စိန်ခေါ်မှုပင် ဖြစ်လေသည်။

ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်အရောက်၌ သန်းပေါင်း ၉၀၀၀ အထိ မြင့်တက်လာမည်ဟု ခန့်မှန်းရပြီး တိုးတက်လာသည့် လူဦးရေအတွက် သဘာဝသယံဇာတများကို ပိုမိုအသုံးပြုလာရမည်ဖြစ်သည်။

သို့ရာတွင် မဝေးတော့သည့် အနာဂတ်ကာလ၌ ကမ္ဘာ့တစ်သက် အစားထိုးပြန်လည်မရနိုင်တော့သည့် ရေနံ၊ ကျောက်မီးသွေး စသည့်လောင်စာများ ကမ္ဘာပေါ်မှ ကုန်ခန်းပျောက်ကွယ်တော့မည်ဟု သိပ္ပံပညာရှင်များက သတိပေးထားလေသည်။

ရုပ်ကြွင်းလောင်စာများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေပြီး ကမ္ဘာကြီးပူနွေးမှုကို အကျိုးသက်ရောက်စေသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်မပျက် ကမ္ဘာတည်သရွေ့ ကုန်ခန်းဖွယ်ရာမရှိသည့် နေရောင်ခြည်စွမ်းအင်၊ ရေစွမ်းအင်၊ လေစွမ်းအင်တို့ကို ပြောင်းလဲသုံးစွဲရန် လိုအပ်လာခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် အတိတ်ကာလတွင် "ဖွံ့ဖြိုးမှုက အဓိက၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးက ဒုတိယ" ဟူသော အတွေးအမြင်အရ စီးပွားရေးတိုးတက်ကောင်းမွန်စေရန်ကိုသာ ဦးစားပေးခဲ့ခြင်းကြောင့် ယနေ့ကာလတွင် ကမ္ဘာမြေပူနွေးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုတည်းဟူသော ဆိုးကျိုးသက်ရောက်မှုကို တွေ့ကြုံခံစားနေကြရပြီ ဖြစ်သည်။

ကမ္ဘာ့လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၁၉၉၀ ပြည့်နှစ် အခြေအနေနှင့် နှိုင်းယှဉ်လျှင် ၂၀၁၁ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း ပိုမိုများပြားလာသည်ဟု သိပ္ပံပညာရှင်များက ထောက်ပြခဲ့ကြလေသည်။

ကမ္ဘာတစ်ဝန်း၌ သစ်တောများ ဧကသန်းနှင့်ချီကာ နှစ်စဉ် ပြုန်းတီးနေပြီး မျိုးရင်းမျိုးစိတ်များမှာလည်း တစ်စစ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည်။ အလားတူပင် ရေသယံဇာတ အရင်းအမြစ်များမှာလည်း ပိုမိုရှားပါးလာသည်ကို တွေ့ရလေသည်။



**သဘာဝအရင်းအမြစ်များကို ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲသွားနိုင်မည့် ရည်ရွယ်ချက်နှင့်အညီ စီးပွားရေးတိုးတက်မှုလမ်းကြောင်းပေါ် ရှိနေစေရန် အစိမ်းရောင်စီးပွားရေးကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက မူဝါဒဆိုင်ရာ မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိ**

သဘာဝသယံဇာတများကို သုံးစွဲကာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သည့်ပုံစံသည် ယနေ့ခေတ်နှင့် အံဝင်ခွင်ကျ မဟုတ်တော့သဖြင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးက အစိမ်းရောင်စီးပွားရေးဘဝသစ်ကိုထူထောင်ရန် ဦးတည်လျက်ရှိကြလေသည်။

ယနေ့ကာလသည် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြရတော့မည့် အချိန်ဖြစ်သည်။ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့နိုင်ငံများအားလုံးက နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရမည့် ခေတ်ကာလလည်း ဖြစ်လေသည်။

ကျေးလက်ရောမြို့ပြပါ သဘာဝပတ်ဝန်းကျင်မပျက် ရှေ့သို့ခရီးဆက်နိုင်ကြဖို့ တီထွင်ဖန်တီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ပုံစံအမျိုးမျိုးဖြင့် နက်နက်နဲနဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည့် အချိန်ဖြစ်လေသည်။

အစိမ်းရောင်စီးပွားရေးဟူသည် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်နိုင်မှုနှင့် ဂေဟစနစ်များ စတေးခံရမှုတို့မရှိစေဘဲ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့်စီးပွားရေးတည်ဆောက်မှုဟု ဆိုနိုင်သည်။ တစ်နည်းအားဖြင့် သဘာဝအခြေခံ ဘောဂဗေဒဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအားလုံးက စီးပွားရေးအမြင်အရသာမက နိုင်ငံရေးအမြင်အရပါ စုစည်းလှုပ်ရှားကြရမည့် နိုင်ငံတကာစီးပွားရေးပုံစံသစ် ဖြစ်ပေလိမ့်မည်။

အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ရာတွင် နိုင်ငံတော်၏ အားပေးကူညီထောက်ပံ့မှုများ လိုအပ်သကဲ့သို့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာရန်လည်း လိုအပ်ပေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် အစိမ်းရောင် စီးပွားရေးဘဝကို တည်ဆောက်ရာတွင် ပြည်ပမှ ငွေကြေးအကူအညီရရှိရေးထက် နည်းပညာအကူအညီရရှိရေးမှာ ပိုမိုအရေးကြီးသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဦးစားပေးကြိုးပမ်းဆောင်ရွက်ရပေမည်။

မြန်မာနိုင်ငံသည် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိလူဦးရေအချိုးအစားက ပိုမိုများပြားနေသည့် ကာလကောင်းတစ်ခုကို ဖြတ်သန်းလျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်ကို တိုးတက်စေလျက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းကြရပေမည်။

သဘာဝအရင်းအမြစ်များကို ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲသွားနိုင်မည့် ရည်ရွယ်ချက်နှင့်အညီ စီးပွားရေးတိုးတက်မှုလမ်းကြောင်းပေါ် ရှိနေစေရန် အစိမ်းရောင်စီးပွားရေးကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက မူဝါဒဆိုင်ရာ မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိလေသည်။

အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကမ္ဘာ့အဖွဲ့အစည်းကြီးများဖြစ်ကြသော UNESCAP၊ OECD၊ UNEP၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာကုန်သည်ကြီးများအသင်းစသည့် အဖွဲ့အစည်းကြီးများက အစီအစဉ်များရေးဆွဲချမှတ်၍ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြချိန်တွင် မြန်မာနိုင်ငံအနေဖြင့်လည်း အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး GEGG(မြန်မာ)အဖြစ်ဖွဲ့စည်းကာ အကျိုးအမြတ်မယူသည့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျက်ရှိလေသည်။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

## အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ် မလွဲမသွေပူးပေါင်းလျှောက်လှမ်း

**အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်ကို မိမိတို့အားလုံး မလွဲမသွေပူးပေါင်းပြီး လျှောက်လှမ်းရတော့မှာ ဖြစ်ပါတယ်။ အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍဟာ အလွန်အရေးပါလှပါတယ်။**

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC - 2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

✻ ရှေ့ဖုံးမှ

အလားတူ နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒဲလ်မဲလ်လိ(ခ်)ဆဲလဲလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အယ်လ်ဂျီးရီးယားနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင်ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရမ်တာနီလာမမ်ရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် သုံးချီ၊ လေးချီ တွဲဆိုင်းများမပါဝင်ဘဲ ငါးချီတွဲဆိုင်း ၁၁ ဆိုင်းပါဝင်ကာ ပြည်တွင်းပွဲ ခုနစ်ပွဲနှင့် မြန်မာ-ထိုင်း လေးပွဲ ပါဝင်ခဲ့သည်။ မြန်မာ-ထိုင်းပွဲများတွင် စိုးမောင်ဦး (မြန်မာ)နှင့် ဝါလချရ် (ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ဝါလချရ်(ထိုင်း) သုံးချီပြီးဆုံးသည်အထိ အပေါ်စီးက ထိုးသတ်နိုင်ခဲ့သော်လည်း လေးချီမြောက်တွင် စိုးမောင်ဦး၏ ညာဖြောင့်လက်သီးတစ်လုံးနှင့် ဘယ်ဒူးတိုက်ချက်ကြောင့် ပြန်လည်မထိုးနိုင်ဘဲ အလဲထိုးဖြင့်အရှုံးပေးခဲ့သည်။ ထိုင်း ဒုတိယပွဲဖြစ်သည့် ရဲသွေးနီ(မြန်မာ)နှင့် ရွှက်စီ(ထိုင်း)တို့ပွဲသည်လည်း ပထမအချီ ၂ မိနစ် ၃၆ စက္ကန့်အတွင်းမှာပင် ရွှက်စီ(ထိုင်း) သုံးခါ အရေအတွက်ခံရကာ ရဲသွေးနီ (မြန်မာ)ကို အရှုံးပေးခဲ့သည်။ အလားတူ မြန်မာ-ထိုင်း တတိယပွဲဖြစ်သည့် ကျားပေါက်(မြန်မာ)နှင့် စဲလ်ကွန်း(ထိုင်း)တို့ပွဲသည်လည်း ပထမအချီစသည်နှင့် တစ်ဖက်နှစ်တစ်ဖက်ဖွင့်ကာ ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း စဲလ်ကွန်း(ထိုင်း) ကြမ်းပြင်သို့ လဲကျကာပထမအချီအတွင်းမှာပင် သုံးကြိမ်အရေအတွက်ခံရခြင်းကြောင့် ကျားပေါက်(မြန်မာ)ကို အရှုံးပေးခဲ့ရပြန်သည်။ နောက်ဆုံး မြန်မာ-ထိုင်းပွဲကြီးပွဲကောင်းဟု ပရိသတ်များ မျှော်လင့်ထားကြသည့် ဖျံသွေး(မြန်မာ)နှင့် လေသပ်စ်(ထိုင်း)တို့ပွဲတွင် အရင်ပွဲများနှင့်မတူ တစ်မူထူးခြားသွားသည်မှာ ငါးချီအပြည့်တော့ ထိုးသွားကြကာ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲအဖြစ်ပြီးဆုံးခဲ့သည်။

အဆိုပါ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ငါးချီပွဲ မြန်မာတွဲဆိုင်းများဖြစ်သည့် ကျော်စွာဝင်း(ယူနိုက်တက်)နှင့် သူရလိပ်(စွမ်းကေကေ)၊ မင်းနိုင်ထွန်း(တောင်ကလေး)နှင့် စောရာဇာ(ငြိမ်းချမ်းရေး)၊ သိန်းနိုင်ထွန်း(ယူနိုက်တက်)နှင့် အံ့ဘွား(ကောလင်း)၊ ကျားဗဟိန်း(မြို့တော်စည်ပင်)နှင့် စောဌေးတင်(ငြိမ်းချမ်းရေး)ပွဲများမှာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲ ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်သော်လည်း သရေပွဲများသာဖြစ်ခဲ့ပြီး 5K(ကျားရဲ)နှင့် တာရာအောင် (ဗထူး-မြန်မာ့သိုင်း)ပွဲတွင် တတိယအချီ ၁ မိနစ် ၃၃ စက္ကန့်အရောက်တွင် တာရာအောင်က ညာဝိုက်လက်သီးဖြင့် ပွဲသိမ်းအနိုင်ယူ၍လည်းကောင်း၊ ဗထူးမောင်(ရတနာပုံ)နှင့် ကျော်ဇင်(သထုံ)တို့ပွဲတွင် ဗထူးမောင်က ပထမအချီ ၁ မိနစ် ၃၉ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ တစ်ဖန် မဲကြီး(မြဇမ္ဗူ)နှင့် မိုက်သွေး(ရတနာပုံ) ကလပ်တို့ပွဲတွင်လည်း စတုတ္ထအချီ ၁ မိနစ် ၃၈ စက္ကန့်မှာပင် မဲကြီးက အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့သည်။ **(မြန်မာ့အလင်း)**

*စာမျက်နှာ ၅ မှ*

(Open Government Partnership) ကိုလည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် အဖွဲ့အစည်းဆိုင်ရာများတွင် ယခင်က ကျင့်သုံးမှု မရှိခဲ့ဖူးသည့် လူမှုရေးတာဝန်နှင့် ကျင့်ဝတ် (CSR) ကဲ့သို့သော စိတ်ကူးအကြံဉာဏ်များကို နေ့စဉ်မူဝါဒလုပ်ငန်းအဖြစ် ပေါင်းစပ်ဆောင်ရွက်နေနိုင်ကြပြီဖြစ်ပါသည်။

အကျင့်ပျက် ခြစားမှုသည် အဓိကကျသည့် ပြဿနာတစ်ရပ်အဖြစ်ရှိနေဆဲဖြစ်ရာ အဆိုပါ အကျင့်ပျက်ခြစားမှုကို လျှော့နည်းပပျောက်အောင်လည်း လုပ်ဆောင်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုအသစ်များဖြင့် နိုင်ငံတွင်းသို့ ဒေါ်လာဘီလီယံနှင့်ချီ၍ စီးဆင်းဝင်ရောက်လျက်ရှိခြင်းမှာ ဆက်သွယ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများအတွက် လိုင်စင်များ ချမှတ်ပေးရာ၌ ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်မှုအားလုံးသည် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များ ချပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများ ရုတ်သိမ်းခဲ့ခြင်းနှင့် ပြင်ပကမ္ဘာနှင့် စီးပွားရေးဆက်ဆံမှု တိုးမြှင့်နိုင်ရေးအတွက် လက်ရှိအစိုးရနှင့် အခြားသောအဖွဲ့အစည်းအသီးသီး၏ ကြိုးစားလုပ်ဆောင်ခဲ့ခြင်းများအပေါ် အထူးကျေးဇူးတင်မိပါသည်။

စစ်မှန်သည့် ဒီမိုကရေစီထွန်းကားသော မြန်မာနိုင်ငံတည်ဆောက်ရာတွင် အဓိကကျသည့် စိန်ခေါ်မှုတစ်ခုမှာ အင်စတီကျူးရှင်းများ အားနည်းနေခြင်းပင်ဖြစ်သည်။ ထိုအင်စတီကျူးရှင်းများသည် ၂၆ နှစ်ကြာမြင့်ခဲ့သော မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်ဝါဒနှင့် ၂၄ နှစ်ကြာမြင့်သော တပ်မတော်အုပ်ချုပ်ရေးစနစ်အောက်ရှိ အင်စတီကျူးရှင်းများပင်ဖြစ်သည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပတော့မည် ဖြစ်သကဲ့သို့ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများကိုလည်း ပထမဆုံးအကြိမ်အဖြစ် ဖိတ်ကြားထားရှိပြီးဖြစ်သည်။ ထိုရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးပါလျက်ရှိပြီး ထိုလုပ်ငန်းစဉ်ကို ဖော်ဆောင်ရာ၌လည်း အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် မဲဆန္ဒရှင် စာရင်းပြုစုသည့် ပြဿနာများ၊ အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည် ချို့တဲ့မှုများက အဓိကပြဿနာများ ဖြစ်ခဲ့ပါသည်။

ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပါတီအားလုံးနှင့် လူပုဂ္ဂိုလ်များက သက်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းများကိုလိုက်နာကြရေးမှာ မရှိမဖြစ်လိုအပ်နေသည်။ အဆိုပါရွေးကောက်ပွဲသည် ပြီးပြည့်စုံသော ရွေးကောက်ပွဲဟု မဆိုနိုင်သော်လည်း ယုံကြည်စိတ်ချရမှုရှိပြီး ပြည်သူများ၏ဆန္ဒကို ထင်ဟပ်ပေါ်လွင်စေသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လိမ့်မည့်အပြင် ရွေးကောက်ပွဲရလဒ်ကို အားလုံးက လက်ခံကြရမည်သာ ဖြစ်ပေသည်။ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရေးနှင့် ရွေးကောက်ပွဲရလဒ်များကို လေးစားအသိအမှတ်ပြုရေးတို့မှာ လက်ရှိအစိုးရအဖွဲ့၏ မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်နှင့်ဝတ္တရားတစ်ရပ်ပင်ဖြစ်ပါသည်။

အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံတကာမိတ်ဆွေများအကြား ပူးတွဲဆောင်ရွက်နိုင်မှုများကြောင့် ယခုကဲ့သို့ ခရီးရောက်ခဲ့ခြင်းလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်မှုမှာ လမ်းလျှောက်သင်ခါစကလေးငယ်တစ်ယောက်ကဲ့သို့ ဖြစ်နေပါသည်။ နိုင်ငံ၏ လက်ရှိပြောင်းလဲတိုးတက် ဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ ဘယ်နေရာက လာခဲ့ကြရသည်၊ ဘယ်လောက်အကွာအဝေးက လာခဲ့ကြရသည်ကို သိနေရန်လိုအပ်ပြီး အပြုသဘောဆောင်သည့် ဝေဖန်မှုများကိုလည်း ကြိုဆိုလျက်ရှိပါသည်။ သို့ရာတွင် လက်ရှိဆောင်ရွက်နေသော အသွင်ကူးပြောင်းမှုသည် စဉ်ဆက်မပြတ်သော အသွင်ကူးပြောင်းမှုတစ်ရပ် ဖြစ်ရေးအတွက် ပြည်သူလူထု တစ်ရပ်လုံးနှင့်အတူ ကမ္ဘာတစ်ဝန်းမှ စိတ်ရှည်သည်းခံပေးရန်လည်း လိုအပ်ပါသေးသည်။ ရှေ့တွင် ခက်ခဲစွာ ဆက်လက်လုပ်ဆောင်ရမည့် နှစ်ရှည်လများလုပ်ငန်းများအတွက် ခံနိုင်ရည်ရှိရန်လည်း လိုအပ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းကို ကတ္တရာခင်းအဆင့်မြှင့်တင်

**ကောလင်း အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ရေကြီးရေလျှံခဲ့သော ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မိုင်တိုင် ၃၅/၆မှ ၃၈ အထိ ၂ မိုင် ၂ ဖာလုံကို ငွေကျပ် ၃၇၈ ဒသမ ၃၉၁ သန်းဖြင့် ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း၊ ဂျင်းမြေလမ်းပခုံးသားကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် လမ်းဦးစီးဌာနက တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မိုင်တိုင် ၃၃/၇ မှ ၃၄အထိ ဒေါင်းမြူးချောင်းတံတားအနီး ချောင်းကွေ့နေရာကို ကျောက်စီကမ်းကပ်ခုံနှင့် နှစ်လွှာတစ်ထပ် ပေ ၆၀ ဘေလီတံတားတည်ဆောက်ခြင်း (ငွေကျပ် သန်း ၂၉ ဒသမ ၇၅၀)ရေတိုက်စားခဲ့သောနေရာများကို ပေ ၄၀ အကျယ် မြေသားတာပေါင်တင်ခြင်းနှင့် ပေ ၂၀ အကျယ်အမာခံ ကျောက်ခင်းခြင်း (ငွေကျပ် သန်း ၂၂ ဒသမ ၂၀၀)၊ မိုင်တိုင် ၁၈ မှ ၁၉/၁ အထိ တစ်မိုင်တစ်ဖာလုံကို ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း (ငွေကျပ် ၁၇၈ သန်း)တို့ကို ဆောင်ရွက်လျက်ရှိသည်။ လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်ပြီးပါက ကျွန်းလှ၊ ကန့်ဘလူ၊ ကောလင်းမြို့နယ်အတွင်းရှိ ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**



*စာမျက်နှာ ၆ မှ*

GEGG (မြန်မာ)အဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံအစိမ်းရောင်စီးပွားရေးဌာန(ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံ၌ ဖွင့်လှစ်တည်ထောင်နိုင်ခဲ့သည်။ ယင်းဌာနအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ဒေသတွင်း အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို အာဆီယံဆောင်ပုဒ်ဖြစ်သော "ငြိမ်းချမ်းပြီး သာယာဝပြောသော လူ့အဖွဲ့အစည်းဖြစ်စေဖို့ စည်းလုံးညီညွတ်စွာ လျှောက်လှမ်းရမည်" ဟူသည့် ဦးတည်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

AIGE အနေဖြင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာ၊ ရာသီဥတုနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ခြင်း၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ နည်းပညာရပ်များကို ပံ့ပိုးကူညီခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်လျက် ရှိသည်။

နော်ဝေနိုင်ငံ ပဥ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာတို့က ရန်ကုန်မြို့၌ မြန်မာနိုင်ငံ၏ အစိမ်းရောင်စံပြဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့ခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ် ရှိနေပုံကို ဖော်ကျူးနေသည်။

GEGG ဖိုရမ်များကို နှစ်စဉ်ကျင်းပခြင်းဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်အခြေအနေများ၊ အလေ့အကျင့်များ ဖန်တီးပေးရန်များစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ ထို့အပြင် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ၊ ပိုမိုကျယ်ပြန့်လာစေရန်အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒချမှတ်ရေး၊ မဟာဗျူဟာရေးဆွဲရေး၊ သိပ္ပံ၊ နည်းပညာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို နေပြည်တော်၌ ဖေဖော်ဝါရီလအတွင်းက ကျင်းပနိုင်ခဲ့ခြင်းမှာ အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံ အထူးအလေးပေးပုံကို ဖော်ညွှန်းလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် လမ်းညွှန်မှုများ ချမှတ်ပေးခဲ့ပြီး ဖြစ်သည်။ အထူးသဖြင့် စွမ်းအင်ထိရောက်စွာ အသုံးပြုရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ်စိုက်ပျိုးမွေးမြူရေး၊ သစ်တောများ၊ ဇီဝမျိုးစုံ မျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ် ထိန်းသိမ်းရေး၊ မြေအသုံးချမှုစနစ်တကျဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုလျော့နည်းသက်သာစေရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများ ဖြစ်ပေါ်လာရေး၊ ဘေးအန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး၊ သမုဒ္ဒရာ၊ ပင်လယ်နှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းရေး၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်ထားပြီး ဖြစ်လေသည်။

အဆိုပါလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် လိုအပ်သည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ယင်းသယံဇာတများအပေါ် အခြေခံကာ လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိတ်စေတနာနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်တို့ဖြင့် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း ပါဝင်လှုပ်ရှားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

● ရှေ့ဖုံးမှ

ဒေသခံပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လောကမာရဇိန်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ မြို့ပြအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသား လေကြောင်းဖြင့် ကော့သောင်းမြို့သို့ ရောက်ရှိရာ ကော့သောင်းလေဆိပ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့ရှိ ပြည်တော်အေးဘုရားသို့ သွားရောက်ကြရာ ဒေသခံပြည်သူများက လမ်းဘေးဝဲယာ တစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်တော်အေးဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒေသခံပြည်သူတစ်ဦးက မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ချိတ်ဆက်ရရှိရေး၊ ကွန်ကရစ် ဆိပ်ခံတံတားသစ်တစ်စင်း တည်ဆောက်ပေးရေးနှင့် စက်မှုအထက်တန်းကျောင်း တည်ဆောက်ပေးရေးတို့ကိုတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဘုရင့်နောင်ကုန်းမြေရှိ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုနှင့် ကုန်းမြေသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်းဖြင့် ဘုတ်ပြင်းလေဆိပ်သို့ရောက်ရှိကြရာ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လေဆိပ်ဧည့်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတမှုရှိစေရေး၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် ပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဒေသခံပြည်သူများက တင်ပြသည့် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသောလမ်းများ အဆင့်မြှင့်တင်ပေးရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော် သမ္မတသည် ထားဝယ်နှင့် ကော့သောင်းမြို့နယ်တို့မှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် မိမိတို့နိုင်ငံတွင် ပြီးခဲ့သည့် မိုးတွင်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးခဲ့မှု၊ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိမိတို့အစိုးရလက်ထက်၌ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဖြင့် တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ တယ်လီဖုန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး စသည့်ကဏ္ဍများတွင် တိုးတက်မှု

စာမျက်နှာ ၉ သို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထားဝယ်လေဆိပ်တွင် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက တစ်ခဲနက် လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘုတ်ပြင်းလေဆိပ်တွင် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုနေသည်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ*

များစွာရရှိနေပြီ ဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်အောင် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသားလေကြောင်းဖြင့် မြိတ်လေဆိပ်သို့ ညနေပိုင်းတွင် ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ကင်းထောက်လူငယ်များက တစ်ခဲနက်ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကော့သောင်းမြို့ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## ကြိုဆို နှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကော့သောင်းမြို့ ဒေသခံကင်းထောက်လူငယ်များက ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို သွဲ့ထားညို(သက္ကလ)၏ "အလင်းစေတမန်"က လည်းကောင်း၊ တတိယဆုကို စိုးမြင့်မောင် (သာရဝေါ)၏ "မုန်းခက်ပြုံးတစ်သက်"ကလည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ကေ(တောင်တန်းပြာ)၏ "အောက်ချင်းငှက်ကလေးရဲ့ ဒဏ္ဍာရီနှင့်အခြားဝတ္ထုတိုများ" ကလည်းကောင်း၊ ဒုတိယဆုကို ထွန်းလှိုင်၏ "မထိုးတစ်ကျပ် ထိုးတစ်ကျပ်နှင့် ကိုယ်တွေ့ဝတ္ထုတိုများ" ကလည်းကောင်း၊ တတိယဆုကို ရဲရင့်ကျော်၏ "သမုဒယဒီရေတောနှင့် အခြားဝတ္ထုတိုများ" ကလည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ပုလောစိုးနံ့သာ၏ "ပြဒါးမဲ့မှန်ကဗျာများ" က လည်းကောင်း၊ ဒုတိယဆုကို မောင်သာလင်း၏ "ချိုးကူသံလေးပလွေတေးနှင့် ငါ့မွေးရပ်ရွာကဗျာများ"ကလည်းကောင်း၊ တတိယဆုကို လွင်ဦး (ကွမ်းခြံကုန်း)၏ "မူးမြစ်တေးသံ ကဗျာများ"က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆုတွင် ပထမဆုကို ဦးထွဏ်းလွင်(မိတ္ထီလာ)၏ "လုမ္ဗိနီကိုတူးဖော်ခြင်း"က လည်းကောင်း၊ ဒုတိယဆုကို ဇော်လွင်ဦး(ဟသ်ာတ) ၏ "ကွယ်ပျောက်လုဆဲ ယင်းတလဲ"က လည်းကောင်း၊ တတိယဆုကို စေတုတ္တရာချင်းလှထွန်း၏ "မုန်းချောင်းရေပြာ စေတုတ္တရာ" ကလည်းကောင်း ရရှိကြသည်။

သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ဆုတွင် တတိယဆုကို တီးတိုး(Geo physics)၏ "ကမ္ဘာ၊ နေ၊ နေမိသားစုနှင့်စကြဝဠာ" က ရရှိသည်။

စာပဒေသာ(ဆောင်းပါး)ဆုတွင် ပထမဆုကို မောင်ချိုဝေ၏ "ဇာတိစိတ်၏ခေါ်ဆောင်ရာ"က လည်းကောင်း၊ ဒုတိယဆုကို အီချို၏ "ရွှေပိတောက်"ကလည်းကောင်း၊ တတိယဆုကို သောင်းညွှန့်သစ် (အမျိုးသားစာပေဆုရ)၏ "သစ်ပင်တောတောင်တို့၏ ပရိယာယ်"က လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေဆုတွင် ဒုတိယဆုကို မအိအိမွန်(ယဉ်ကျေးမှု)၏ "ကချင်ရိုးရာ အနုလက်ရာဒီဇိုင်းများ"က လည်းကောင်း၊ တတိယဆုကို ခင်ညိုညိုမြင့်၏ "ငါးထုပ်ဖက်ပေါ်ကျသည့် ပျားရည်စက်" ကလည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို ရဲဘော်မြသိန်း(ဟိုပုံး)၏ "ကျူရှင်နှင့် အခြားကလေးဝတ္ထုတိုများ" ကလည်းကောင်း၊ ဒုတိယဆုကို နန္ဒာမိုးကြယ်၏ "မင်္ဂလာရှိသောနေ့ ကလေးကဗျာများ"ကလည်းကောင်း၊ တတိယဆုကို သန်းအောင်(အညာမြေ)၏ "ရွှေစင်နှစ်ပွင့်"ကလည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ပထမဆုကို ဧပရယ်ယုနိုင် (ရွှေတောင်)၏ "ကိုယ်တိုင်ရေး ရောင်စုံပန်းချီကားတစ်ချပ်" က ရရှိသည်။

နိုင်ငံရေးစာပေဆုတွင် တတိယဆုကို မနွယ်နွယ်ဝင်း၏ "မြန်မာ့လွတ်လပ်ရေးမှတ်တိုင် ပြည်ခရိုင်(၁၉၂၀-၁၉၄၈)"က ရရှိသည်။

ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော)၏ "တောဟောဝန်လယ် တောင်စွယ်ဝေယံဦး"က လည်းကောင်း၊ တတိယဆုကို မောင်(မကွေး)၏ "လေ့ခွက်ချည်းကျန် အလံမလှဲဟေ့"က လည်းကောင်း ရရှိကြသည်။

အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Dr. Saw Mra Aung ၏ "A Glimpse into Part of Ancient Myanmar History and Fundamental Buddhist Concepts" က ရရှိသည်။

ဘာသာပြန်ဆုတွင် ပထမဆုကို ဒီပံလင်း၏ "မြစ်နဒီတို့ ခန်းခြောက်လေသောအခါ"က ရရှိသည်။

ဆုချီးမြှင့်ငွေများနှင့်ပတ်သက်၍ ယခင်က စာပေဗိမာန်စာမူဆုများကို ပထမဆု ငွေကျပ် ၁၅၀၀၀၀ သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ် ၇၅၀၀၀ ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ စာပေဗိမာန်စာမူဆုကို ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းအထိ တိုးမြှင့်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင်လည်း ယခင်နှုန်းအတိုင်း ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၃၂ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၄ ခုနှစ်အတွက် ပြိုင်ပွဲသို့တင်သွင်းလာသော စာမူ ၂၁၂ ခုကို သက်ဆိုင်ရာ ဘာသာရပ်အလိုက်ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိစာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ ဖုန်း-၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန်နှိုးဆော်ထားရှိသည်။

အဆိုပါဆုများကို ဒီဇင်ဘာ ၁၂ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆင့်အလိုက် မိမိတာဝန်ကို မိမိအလေးအနက်ထား တာဝန်ယူထမ်းဆောင်ကြရန်လို

**နေပြည်တော် အောက်တိုဘာ ၃၁**

မည်သည့် နိုင်ငံရေး စနစ်ဖြစ်စေကာမူ တပ်မတော်၏တာဝန်မှာ နိုင်ငံတော်ကာကွယ်ရန်နှင့် နိုင်ငံကပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရန်ပင် ဖြစ်ကြောင်း၊ ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန် အမှန်တကယ်စွမ်းရည်ရှိသောတပ်များဖြစ်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသောတပ်၊ နိုင်ငံတော်မှ အားထားရသည့်တပ်၊ ပြည်သူက အားကိုးရသည့် တပ်များဖြစ်ရန် မလွဲမသွေလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြိတ်မြို့သို့ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။



အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုး၊ တပ်နယ်မှအရာရှိများ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်များ စွမ်းရည်ရှိအောင် လုပ်ဆောင်ရာတွင် စစ်စည်းကမ်းကောင်းမွန်မှုနှင့်အမိန့်နာခံမှုရှိခြင်းသည် အရေးကြီးသည့်လိုအပ်ချက်ဖြစ်ကြောင်း၊ အသေးအဖွဲ့မှစ၍ မိမိကိုယ်မိမိ ပေါ့ပေါ့ဆဆနေထိုင်ပြုမူ လုပ်ကိုင်မှုများ မရှိစေရန် သတိပေးမှာကြားလိုကြောင်း၊ လုပ်ငန်းတာဝန်နှင့်ပတ်သက်၍လည်း တာဝန်မဲ့၍မရကြောင်း၊ အဆင့်အလိုက် မိမိတာဝန်ကို မိမိအလေးအနက်ထား တာဝန်ယူထမ်းဆောင်ကြရန်လိုကြောင်း မှာကြားပြီး NCA လက်မှတ်ရေးထိုးခဲ့မှုအခြေအနေများနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများ၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ တပ်မတော်၏ ရပ်တည်ချက်မူဝါဒ သဘောထားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မိသားစုများအတွက် သုတရသစာစောင်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(အပေါ်ဝဲပုံ)** **(မြဝတီ)**

# ဒုတိယအကြိမ်မြောက် JICM အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်တွင် နေပြည်တော်၌ ကျင်းပမည်

**သတင်း-မြတ်သန္တာမောင်**
**ဓာတ်ပုံ-အငယ်လေး**

ရန်ကုန် အောက်တိုဘာ ၃၁

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို လာမည့် နိုဝင်ဘာ ၁၆ ရက်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဦးဆောင်ပြီး နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**



ပထမအကြိမ် JMC အစည်းအဝေး နောက်ဆုံးနေ့ ကျင်းပနေစဉ်။

အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ပထမအကြိမ် အစည်းအဝေး၏ နောက်ဆုံးနေ့ ဆွေးနွေးမှုအပြီး သတင်းစာရှင်းလင်းပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ပြီးစီးခဲ့သည့် ပထမအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေးသုံးရက်တာ ကာလအတွင်း၌ ပြည်ထောင်စုအစိုးရဘက်မှ ကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ကိုယ်စားလှယ် ၁၀ ဦးနှင့် အရပ်သားကိုယ်စားလှယ်ခြောက်ဦး ပါဝင်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီကို မူအားဖြင့် ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။ ယင်းကော်မတီတွင် ပါဝင်မည့် အရပ်သားခြောက်ဦး၏ အမည်စာရင်းကို နှစ်ဖက်ကိုယ်စားလှယ်များက ပထမအကြိမ်အစည်းအဝေးတွင် ပေးသွင်းနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ပြည်ထောင်စုအဆင့် ကော်မတီ၏ အလုပ်တာဝန်များနှင့် တွဲဖက်ဆောင်ရွက်ရမည့် အလုပ်အဖွဲ့ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။ ယင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီများ၏ ဖွဲ့စည်းပုံကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၏ အထူးအကြံပေး ဦးလှမောင်ရွှေက "ဒီဆွေးနွေးချက်တွေအားလုံးကို ထပ်ပြီးအချောသပ်ပြီးရင် နိုဝင်ဘာ ၁၆ ရက် နေပြည်တော်မှာ ပြုလုပ်မယ့် JICM အစည်းအဝေးမှာ နှစ်ဖက်ခေါင်းဆောင်တွေက ညှိနှိုင်းပြီး အတည်ပြုမယ်။ ဒါပြီးရင် အပစ်ရပ်ထားတဲ့ အဖွဲ့တွေနဲ့ အစိုးရရဲ့ကြားထဲမှာ ထိန်းသိမ်းတဲ့နယ်မြေတွေကို ဆက်ဆွေးနွေးဖို့ရှိမယ်။ နှစ်ဖက်တပ်ဖွဲ့ဝင်တွေ လိုက်နာရမယ့်ကိစ္စတွေက အခုလည်းအတော်ဆွေးနွေးခဲ့ပြီးသွားပြီ။ လာမယ့် နိုဝင်ဘာ ၁၆ ရက် ဆွေးနွေးပြီးရင် တိုင်းရင်းသား ဘာသာစကားတွေနဲ့ ဖြန့်ချိဖို့ အစီအစဉ်တွေပါရှိတယ်" ဟု ပြောကြားသည်။

JMC အား ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်နှင့် ဒေသန္တရအဆင့်ဟူ၍ အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။ ပြည်ထောင်စုအဆင့်သည် မူဝါဒရေးရာဆိုင်ရာကိစ္စများကို တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့်များသည် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများကို အဓိကဆောင်ရွက်မည်ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ် အဆင့်တွင် ဆုံးဖြတ်ချက် မချမှတ်နိုင်သည့် ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်မှ အဆုံးအဖြတ်ပေးသွားမည် ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်းပြီး " JMC ရဲ့ အဓိက တာဝန်ကတော့ NCA စာချုပ်ထဲမှာပါတဲ့ တပ်ပိုင်းဆိုင်ရာကိစ္စတွေ၊ နှစ်ဖက်တပ်တွေလိုက်နာရမယ့် စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ပြည်သူလူထုကို အကာအကွယ်ပေးရမယ့် ကိစ္စရပ်တွေကို အခြေခံပြီး ဒါကို စောင့်ကြည့်လေ့လာစိစစ်ပြီးတော့ လိုအပ်ရင် လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်မယ်။ ပြဿနာဖြေရှင်းတယ်ဆိုတဲ့ အဓိက အခြေခံတာဖြစ်ပါတယ်"ဟု MPC အစီအစဉ် ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဇော်ဦးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေး တတိယနေ့ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)မှ စောအိုင်းဇက်တို့က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးပွဲအပြီး ညနေ ၆ နာရီတွင် MPCမှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ အစီအစဉ်ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)မှ ဆလိုင်းယောအောင်နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၏ အကြံပေးဖြစ်သူ ခွန်ဆေကျိုင်ယင်တို့က သတင်းမီဒီယာရှင်းလင်းပွဲတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

ပထမအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နေပြည်တော်၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းမှ အောက်တိုဘာ ၁၇ ရက်အထိ ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)တို့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

❈ ကျောဖုံးမှ

ဟံသာဝတီကိုပင် အသာမရခဲ့ပေ။ ဟံသာဝတီအသင်းမှာ ပထမပိုင်းတွင် ဂိုးရနိုင်သည့်အပိုင်အခွင့်အရေးလေးကြိမ်ရရှိခဲ့ပြီး ၃၄ မိနစ်တွင် ဘမ်ဘာက ခေါင်းတိုက်ကာ ဂိုးစသွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နေပြည်တော်အသင်း အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ကစားပုံ ပြောင်းလဲလာခဲ့ခြင်းမရှိပေ။ နေပြည်တော်အသင်းတိုက်စစ်ကစားပုံထိရောက်မှုမရှိ၍ ဟံသာဝတီအသင်း အလွယ်တကူဖျက်ထုတ်နိုင်ခဲ့ပြီး မိနစ် ၉၀ တွင် ကျော်ဇေယျက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ နေပြည်တော်အသင်းအတွက် နှစ်သိမ့်ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် စိုးသူရိန်ထွန်းက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင် ရခိုင်အသင်းက ကမ္ဘောဇအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံအသင်းက မနောမြေအသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရပြီး ဧရာဝတီအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

MNL အမှတ်ပေးပြိုင်ပွဲပြီးဆုံးသွားပြီဖြစ်ရာ ရန်ကုန်အသင်းက ပထမ၊ ရတနာပုံအသင်းက ဒုတိယ၊ မကွေးအသင်းက တတိယ၊ ဧရာဝတီအသင်းက စတုတ္ထတို့ရရှိခဲ့သည်။ တန်းဆင်းနှစ်နေရာအတွက် အဆုံးအဖြတ်ပွဲတွင် နိုင်ပွဲရရှိခဲ့သည့် ရခိုင်အသင်းမှာ ၂၁ မှတ်ဖြင့် လွတ်မြောက်ခဲ့ပြီး ၁၉ မှတ်ရရှိသည့် မနောမြေ၊ ၁၇ မှတ်ရရှိသည့် နေပြည်တော်အသင်းတို့မှာ တန်းဆင်းခဲ့ရသည်။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၃၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တောင်ငူမြို့တွင် ၂ဒသမ ၁၇ လက်မ၊ ဘော်လခဲမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ဟားခါးမြို့တွင် ၀ ဒသမ ၈၇ လက်မနှင့် စစ်တွေမြို့တွင် ၀ ဒသမ ၇၈ လက်မတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# အညွှန်းကိန်းများနှင့် မြန်မာပြည်

မောင်ဌေးကာ

ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်တဲ့ "စီးပွားရေးဆောင်ရွက်မှု ၂၀၁၆ ခုနှစ် အစီရင်ခံစာ (Doing Business 2016 Report)"ကို ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၈ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ Doing Business Report ဟာ ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာမှာ ဘယ်လောက်လွယ်ကူချောမွေ့တယ်ဆိုတာကို အချက်ကြီး ၁၀ ချက်နဲ့ အကဲဖြတ်တာဖြစ်ပါတယ်။ ဒီလိုအကဲဖြတ်တဲ့ အချက်တွေထဲမှာ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေ၊ ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း၊ ငွေကြေးအထောက်အပံ့ရရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ ဆောင်ရွက်နိုင်သူများကို ကာကွယ်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ စာချုပ်စာတမ်းများ အသက်ဝင်မှုရှိခြင်း၊ ပြည်ပကူးသန်းရောင်းဝယ်မှု အခြေအနေနဲ့ စီးပွားရေးလုပ်ငန်းစာရင်း ရှင်းလင်းဆောင်ရွက်နိုင်ခြင်းစတဲ့ အချက် ၁၀ ချက်အပေါ် မှာမူတည်ပြီး အကဲဖြတ်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ယခင်က ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနဲ့ ထိတွေ့ဆောင်ရွက်နိုင်မှု နည်းပါးခဲ့တာကြောင့် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံကို ထည့်သွင်းအကဲဖြတ်ခြင်းမရှိခဲ့ပေမယ့် လက်ရှိအစိုးရ တက်လာပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ်မှာ အကဲဖြတ်မှု စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာကို တစ်နှစ်ကြိုတင်ထုတ်ပြန်တာ ဖြစ်တဲ့အတွက် Doing Business 2014 Report မှာ မြန်မာနိုင်ငံ စတင်ပါဝင်လာခဲ့ပါတယ်။ ဒါပေမယ့် ရလဒ်ကတော့ မကောင်းလှပါဘူး။ နိုင်ငံပေါင်း ၁၈၉ နိုင်ငံ အကဲဖြတ်တဲ့အထဲမှာ မြန်မာနိုင်ငံက အဆင့် ၁၈၂ ရရှိခဲ့ပြီး မြန်မာနိုင်ငံအောက်မှာ အာဖရိက နိုင်ငံအချို့သာ ကျန်ရှိခဲ့ပါတယ်။

အစိုးရအနေနဲ့ ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေကိုလက်ခံပြီး နိုင်ငံအတွင်းမှာ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံရဲ့ အခြေအနေက အလွန်ခက်ခဲတဲ့အဆင့်ကနေ စတင်ခဲ့ရတယ်ဆိုရင်လည်း မမှားပါဘူး။ ဒါပေမယ့် ပြုပြင်ပြောင်းလဲမှု တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ခြင်းရဲ့ ရလဒ်ကို Doing Business 2016 Report မှာ စတင်တွေ့မြင်ရပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် အစီရင်ခံစာမှာ အဆင့် ၁၈၂ ဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံဟာ မကြာခင်ရက်ပိုင်းက ထုတ်ပြန်တဲ့ ၂၀၁၆ အစီရင်ခံစာအရ အဆင့် ၁၆၇ ကို တက်လှမ်းနိုင်ခဲ့ပြီး အဆင့် ၁၅ ဆင့် တိုးတက်မှုရရှိခဲ့ပါတယ်။ ဒီလိုအဆင့်တိုးတက်မှုဟာ သိသာထင်ရှားတဲ့ ရလဒ်ဖြစ်တယ်ဆိုတာကို အခြားအာဆီယံနိုင်ငံများနဲ့ နှိုင်းယှဉ်ကြည့်ရင် အောက်ပါအတိုင်း တွေ့ရမှာဖြစ်ပါတယ် -

| စဉ် | နိုင်ငံ | ၂၀၁၄ | ၂၀၁၆ | တက်/ကျ |
|---|---|---|---|---|
| (၁) | စင်ကာပူ | ၁ | ၁ | - |
| (၂) | မလေးရှား | ၆ | ၁၈ | ၁၂ ဆင့်ကျ |
| (၃) | ထိုင်း | ၁၈ | ၄၉ | ၃၁ ဆင့်ကျ |
| (၄) | ဘရူနိုင်း | ၅၉ | ၈၄ | ၂၅ ဆင့်ကျ |
| (၅) | ဗီယက်နမ် | ၉၉ | ၉၀ | ၉ ဆင့်တက် |
| (၆) | ဖိလစ်ပိုင် | ၁၀၈ | ၁၀၃ | ၅ ဆင့်တက် |
| (၇) | အင်ဒိုနီးရှား | ၁၂၀ | ၁၀၉ | ၁၁ ဆင့်တက် |
| (၈) | ကမ္ဘောဒီးယား | ၁၃၇ | ၁၂၇ | ၁၀ ဆင့်တက် |
| (၉) | လာအို | ၁၅၉ | ၁၃၄ | ၂၅ ဆင့်တက် |

အထက်ပါဇယားအရ အာဆီယံနိုင်ငံတွေထဲမှာ တက်သွားတဲ့နိုင်ငံရှိသလို ကျသွားတဲ့နိုင်ငံများကိုလည်း တွေ့ရမှာဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ အဆင့် ၁၅ ဆင့် တိုးတက်ခဲ့တဲ့အတွက် ဒုတိယ အတိုးတက်ဆုံးနိုင်ငံ ဖြစ်လာတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းမှာ အခြေတကျရှိနေပြီးဖြစ်တဲ့ အခြားအာဆီယံနိုင်ငံအချို့ အဆင့်ကျဆင်းသွားချိန်မှာ ပြုပြင်ပြောင်းလဲမှုများစွာကို အခက်အခဲမျိုးစုံထဲက တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့ တိုးတက်မှုကတော့ စိတ်ကျေနပ်ဖွယ်ဖြစ်ပါတယ်။

ပိုပြီးထူးခြားတာက Doing Business Report မှာ အဓိကအချက်တစ်ခုအဖြစ် အကဲဖြတ်တဲ့ "စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business)" နဲ့ ပတ်သက်ရင် မြန်မာနိုင်ငံဟာ ၂၀၁၅ အစီရင်ခံစာအထိ အဆင့် ၁၈၉ ဖြစ်ခဲ့ရာမှ ယခုနှစ် ၂၀၁၆ အစီရင်ခံစာမှာ ၁၆၀ အထိ တိုးတက်လာခဲ့ပြီး အဆင့် ၂၉ ဆင့် ခုန်ပျံရောက်ရှိခဲ့တဲ့အတွက် "အတိုးတက်ဆုံးနိုင်ငံ (the most improved country)"အဖြစ် ကမ္ဘာ့ဘဏ်က အသိအမှတ်ပြုခဲ့ပါတယ်။ လက်တွေ့မှာလည်း စီးပွားရေးလုပ်ငန်းတစ်ခု စတင်ဖို့ ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းမှာ လုပ်ထုံးလုပ်နည်း ပြင်ဆင်ခြင်း၊ မလိုလားအပ်တဲ့အဆင့်တွေ လျှော့ချခြင်းတွေကြောင့် ယခင်တုန်းက အနည်းဆုံး ခြောက်လလောက်ကြာခဲ့တဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းဟာ ယခုကာလမှာ သုံးရက်နဲ့အပြီး ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တကယ်တော့ အစိုးရအနေနဲ့က Doing Business Report မှာ အဆင့်ကောင်းကောင်းရရှိဖို့ထက် မိမိလုပ်ငန်းရှင်များ လက်တွေ့ကျကျ လွယ်ကူသက်သာစွာ ဆောင်ရွက်နိုင်ဖို့ ဦးတည်ခဲ့တာဖြစ်ပါတယ်။ ဘာဖြစ်ဖြစ် "စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း (Starting a Business)"နဲ့ ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ရဲ့ အကဲဖြတ်ချက်ကလည်း စိတ်ကျေနပ်ဖွယ်ပဲ ဖြစ်ပါတယ်။

နောက်တစ်ခုတင်ပြချင်တာက အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်း (Transparency International) က လာဘ်ပေးလာဘ်ယူကိစ္စများနဲ့ပတ်သက်ပြီး နိုင်ငံအသီးသီးကို နှစ်စဉ်အကဲဖြတ်ထုတ်ပြန်တဲ့ (Corruption Perception Index) မှာ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၁ ခုနှစ်မှာ အဆင့် ၁၈၀ ၊ ၂၀၁၂ ခုနှစ်မှာ အဆင့် ၁၇၂ ၊ ၂၀၁၃ ခုနှစ်မှာ အဆင့် ၁၅၇ နဲ့ ၂၀၁၄ ခုနှစ်မှာ အဆင့် ၁၅၆ ရရှိခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် တိုးတက်မှုတွေရရှိခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။

အထက်ကတင်ပြခဲ့တဲ့ အညွှန်းကိန်းနှစ်ခုဟာ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတစ်ခုကို စီးပွားရေးလုပ်ဖို့ လေ့လာသုံးသပ်ရာမှာ ဦးစားပေးလေ့လာဆန်းစစ်လေ့ရှိကြတဲ့ အညွှန်းကိန်းတွေလည်း ဖြစ်ပါတယ်။ အဆိုပါ အညွှန်းကိန်းတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ တစ်နှစ်ပြီးတစ်နှစ် တိုးတက်မှုရရှိလာခြင်းဟာ တိုင်းပြည်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လာရေး အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ပြုမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် လေးနှစ်ကျော်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေက မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်စေခဲ့တာကတော့ အမှန်ပါပဲ။

**ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းမှာ အခြေတကျရှိနေပြီးဖြစ်တဲ့ အခြားအာဆီယံနိုင်ငံအချို့ အဆင့်ကျဆင်းသွားချိန်မှာ ပြုပြင်ပြောင်းလဲမှုများစွာကို အခက်အခဲမျိုးစုံထဲက တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့တိုးတက်မှုကတော့ စိတ်ကျေနပ်ဖွယ်ဖြစ်**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)မှ မန္တလေးမြို့၊ မစိုးရိမ်ရုပ်ရှင်ရုံအား နှစ်ရှည်ငှားရမ်းစာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့သော Mandalay Golden Wing Co, Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အများသိရှိနိုင်ပါရန် အသိပေးကြေညာခြင်း

ဦးဝင်းအောင် Mandalay Golden Wing Co., Ltd. နှင့် အများသိရှိနိုင်စေရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်မှ အောက်ပါတိုင်း အသိပေးကြေညာလိုက်ပါသည်။

၁။ Mandalay Golden Wing Co, Ltd. သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)နှင့် နိုင်ငံတော်မှခွင့်ပြုထားသည့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဖွင့်လှစ်နိုင်ရန်အတွက် မန္တလေးမြို့၊ မစိုးရိမ်ရုပ်ရှင်ရုံကို လက်ရှိအနေအထားအတိုင်း အငှားချထားခြင်းခံရသူ ဦးဝင်းအောင် Mandalay Golden Wing Co., Ltd. အား တည်ဆဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ (၂၆-၁-၁၉၉၉) ရက်နေ့မှစ၍ စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ပါသည်။

၂။ Mandalay Golden Wing Co, Ltd. သို့ မစိုးရိမ်ရုပ်ရှင်ရုံ ငှားထားစဉ်ကာလအတွင်း (၆-၁-၂၀၁၀) ရက်နေ့တွင် MGW ဥက္ကဋ္ဌ ဦးဝင်းအောင်က ၎င်းတို့ Co, Ltd. ၄င်းရမ်းလုပ်ကိုင်နေသည့် မန္တလေးမြို့၊ မစိုးရိမ်ရုပ်ရှင်ရုံအား အပြီးပိုင်ဝယ်ယူခွင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ လျှောက်ထားခဲ့ပါသည်။ ၎င်းလျှောက်ထားချက်အရ ပြန်ကြားရေးဝန်ကြီးဌာနက မန္တလေးမြို့ ၊ မစိုးရိမ်ရုပ်ရှင်ရုံအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ အပ်နှံခဲ့သည့်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ မစိုးရိမ်ရုပ်ရှင်ရုံကို လက်ရှိလုပ်ကိုင်နေသူ ဦးဝင်းအောင် Mandalay Golden Wing Co, Ltd. အား ရောင်းချရန် ဆုံးဖြတ်ခဲ့သော်လည်း ဦးဝင်းအောင်က ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ သတ်မှတ်သည့်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည့်အတွက် မစိုးရိမ်ရုပ်ရှင်ရုံကို အခြားဝယ်ယူသူတစ်ဦးသို့ (၅-၆-၂၀၁၂) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၂) အရ အပြီးအပြတ်ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ ၂၆-၁-၁၉၉၉ ရက်နေ့မှစ၍ မန္တလေးမြို့၊ မစိုးရိမ်ရုပ်ရှင်ရုံအား ငှားရမ်းထားခဲ့သူ ဦးဝင်းအောင် Mandalay Golden Wing Co, Ltd. အနေဖြင့် ငှားရမ်းခြင်းရပ်စဲကြောင်းစာချုပ်ကို နှစ်ဦးသဘောတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ယခင် မြန်မာ့ရုပ်ရှင်လုပ်ငန်း) နှင့် စာချုပ်ချုပ်ဆိုရန်ရှိသလို ငှားရမ်းစဉ်က လက်ခံရယူခဲ့သော မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို လွှဲပြောင်းပေးအပ်ကြောင်းစာချုပ်ကို ချုပ်ဆိုပေးရန် တာဝန်တစ်ရပ်တင်ရှိနေပါသည်။

၄။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ အဆိုပါ မစိုးရိမ်ရုပ်ရှင်ရုံကို ရောင်းချခဲ့သော်လည်း Mandalay Golden Wing Co. Ltd. ငှားရမ်းခဲ့စဉ်က ကုမ္ပဏီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ထားသည့် မစိုးရိမ်ရုပ်ရှင်ရုံဝင်းအတွင်းရှိ ဆိုင်ခန်း/အိမ်ခန်း(၆)ခန်းတွင် နေထိုင်သူများကို ဖယ်ရှားပေးရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ယခင်မြန်မာ့ရုပ်ရှင်လုပ်ငန်း)က ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာနှင့်ထုတ်ခြင်းအက်ဥပဒေအရဆောင်ရွက်ခဲ့ခြင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အပြီးသတ်အမိန့်ချမှတ်ပြီးသည့်နောက် ဆိုင်ခန်း/အိမ်ခန်း(၆)ခန်း နေထိုင်သူများမှ (၄-၉-၂၀၁၅) ရက်နေ့တွင် အဆိုပါ ဆိုင်ခန်း/အိမ်ခန်းများကို မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မစိုးရိမ်ရုပ်ရှင်ရုံ ဝယ်ယူခွင့်ရရှိထားသည့်ပုဂ္ဂိုလ်ထံ မစိုးရိမ်ရုပ်ရှင်ရုံကို လက်ရောက်လွှဲပြောင်းပေးရေး ဆောင်ရွက်ရန်ရှိပါသည်။ သို့ရာတွင် ဦးဝင်းအောင်သို့ ငှားရမ်းထားသည့် မစိုးရိမ်ရုပ်ရှင်ရုံကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြန်လည်လက်ခံပြီးမှသာ လက်ရောက်လွှဲပြောင်းပေးရမည် ဖြစ်သည့်အတွက် Mandalay Golden Wing Co, Ltd. အထွေထွေမန်နေဂျာ ဦးခင်မောင်မြင့်ထံ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအနေဖြင့် လွှဲပြောင်းရေးအတွက် အကြိမ်ကြိမ်ညှိနှိုင်းခဲ့ခြင်း၊ Mandalay Golden Wing Co,Ltd. ရုံးချုပ်တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၂၃)(ဂ)၊ သုခဝတီလမ်းရှိ ရုံးချုပ်အဆောက်အအုံ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၅။ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်သို့ နှစ်ရှည်ငှားရမ်းခြင်းသဘောတူစာချုပ် နှစ်ဦးသဘောတူ ရပ်စဲခြင်းနှင့် အဆောက်အအုံပစ္စည်းများ လွှဲပြောင်းလက်ခံခြင်းစာချုပ်တွင် လက်မှတ်ရေးထိုးရန်အတွက်(၂၃-၁၀-၂၀၁၅) ရက်နေ့တွင်လည်းကောင်း၊ (၂၇-၁၀-၂၀၁၅)ရက်နေ့တွင်လည်းကောင်း ၊ အကြိမ်ကြိမ်အကြောင်းကြားခဲ့ပြီးဖြစ်သော်လည်း (၂၉-၁၀-၂၀၁၅) ရက်နေ့ထိ လူကြီးမင်းကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကုမ္ပဏီမှတရားဝင်လွှဲအပ်ထားသော တာဝန်ရှိသူကိုယ်စားလှယ်တစ်ဦးဦးဖြစ်စေ လာရောက်ခြင်းမရှိသည့်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလှချို့မှ(၃၀-၁၀-၂၀၁၅) ရက်စွဲပါ နို့တစ်စာဖြင့် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၆။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အကြောင်းကြားစာများ၊ အသိပေးစာများ အကြိမ်ကြိမ်ပေးပို့ခဲ့သော်လည်း လူကြီးမင်းတို့ကုမ္ပဏီဘက်မှ လာရောက်လက်မှတ်ရေးထိုးပေးရန် ပျက်ကွက်ပါသဖြင့် လုပ်ဆောင်ပေးရမည့် တာဝန်ပိုင်းကို ပျက်ကွက်သည်ဟုမှတ်ယူပြီး ချုပ်ဆိုထားသော ငှားရမ်းစာချုပ်ကို တစ်ဖက်သတ် ရပ်စဲဖျက်သိမ်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်းကိစ္စရပ်များကို ဦးဝင်းအောင်နှင့် Mandalay Golden Wing Co, Ltd.တို့ သိရှိလက်ခံသဘောတူပြီး ဖြစ်သည်ဟု မှတ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**

# ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ စာရေးဆရာမ စံပယ်ဖြူနု၏ ငြိမ်းချမ်းရေးတမ်းတသံများကိုရေးဖွဲ့သော မြောက်ဖျားက အလွမ်းရာသီဝတ္ထုရှည်က အမျိုးသားစာပေဆုဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၄ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်စာပေဆုတွင် စံပယ်ဖြူနုရေးသားသည့် မြောက်ဖျားက အလွမ်းရာသီ (ကံ့ကော်ဝတ်ရည်စာပေ)၊ ဝတ္ထုတိုပေါင်းချုပ်စာပေဆုတွင် ကြူးနှစ်ရေးသားသည့် မာရ်နတ်ရဲ့စည်းစိမ်(ရေသောက်မြစ်စာအုပ်တိုက်)၊ ကဗျာပေါင်းချုပ်စာပေဆုတွင် မောင်လင်းကြည်ရေးသားသည့် မိုးဦးလေဦးကဗျာများ(မုံရွေးစာပေတိုက်)၊ စာပဒေသာစာပေဆုတွင် တက္ကသိုလ်ခင်မောင်ဇော်ရေးသားသည့် တက္ကသီလာမြကျွန်းသာ(ရန်ကုန်တက္ကသိုလ်သမိုင်း) (ခေတ်ပြတိုက်စာပေ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ဒေါက်တာမောင်ဖြေရေးသားသည့် မွန်မြတ်သောကျေးဇူးဆပ်သူနှင့် မွန်မြတ်သော ကျေးဇူးပြုသူ(နှစ်ဆယ့်ခွန်စာပေ)၊ ကလေးစာပေဆုတွင် ဇော်မျိုးဟန်(ငါးသိုင်းချောင်း)ရေးသားသည့် ပန်းစုံရွှေပြည်ကလေးကဗျာများ (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ လူငယ်စာပေဆုတွင် ဆူးသစ်ရေးသားသည့် ခွန်အားရှိသောစာ ခွန်အားရှိသောလူငယ် (နိုင်ငံ့ဂုဏ်ရည်စာပေ)၊ ဘာသာပြန်(သုတ) စာပေဆုတွင် နတ်မောက်အနီချိုရေးသားသည့် ကိုယ့်ကိုယ်ကိုယ်ကိုးတိုး၍သာဝင်(Wisdom House စာအုပ်တိုက်)၊ ဘာသာပြန် (ရသ) စာပေဆုတွင် ဟိန်းလတ်ရေးသားသည့် ကျွန်မ မာလာလာ (အလင်္ကာဝတ်ရည်စာပေ)၊ သုတပဒေသာ(ဝိဇ္ဇာဘာသာရပ်) စာပေဆုတွင် ဒေါက်တာတိုးလှရေးသားသည့် လယ်ယာမြေသက္ကရာဇ်တွေထဲကသမိုင်း (သမိုင်းသုတေသနဦးစီးဌာန)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ) စာပေဆုတွင် ကျော်ဦးရေးသားသည့် စွမ်းအင်နှင့် ဝန်းကျင်(ပါရမီစာပေ)၊ သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုတွင် ရတနာစိုးရေးသားသည့် ဝါး(မြန်မာမြင့်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် ဒေါက်တာကျော်ဝင်းရေးသားသည့် နိုင်ငံရေးအတွေးအခေါ်သမိုင်း(နေရီရီစာပေ)၊ အင်္ဂလိပ်ဘာသာ(သုတ)စာပေဆုတွင် ဦးစိုင်းအောင်ထွန်းရေးသားသည့် SHAN LEGENDS (Naing Htet Aung)၊ အင်္ဂလိပ်ဘာသာ (ရသ)စာပေဆုတွင် ဦးထွန်းအောင်ချိန် ရေးသားသည့် MAUNG YIN MAUNG AND MA ME' MA(Myanmar Knowledge Society) တို့ကို ဆုချီးမြှင့်ကြောင်း ကြေညာသည်။

အမျိုးသားစာပေဆုဘာသာရပ်များကို အမျိုးအစားတိုးမြှင့်ချီးမြှင့်ခဲ့ရာတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ အင်္ဂလိပ်ဘာသာစာအုပ်ဆုကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင်မူ အဆိုပါအင်္ဂလိပ်ဘာသာစာအုပ်ဆုကို သုတနှင့်ရသ ခွဲခြား၍လည်းကောင်း ချီးမြှင့်ခဲ့သည့်အတွက် စုစုပေါင်းဘာသာရပ် (၁၆) မျိုး ဖြစ်လာခဲ့သည်။ အင်္ဂလိပ်ဘာသာ စာအုပ်ဆုချီးမြှင့်ရာတွင် ယခုနှစ်မှစ၍ မြန်မာဘာသာ (သို့မဟုတ်) တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသော စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်များကိုပါ ထည့်သွင်းရွေးချယ်ချီးမြှင့်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ပြဇာတ်စာပေဆုကို ရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

အမျိုးသားစာပေဆုကို ယခင်က ကျပ်သုံးသိန်းချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ကျပ်ငါးသိန်းထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျပ် ၁၀ သိန်းထိ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ကျပ် ၁၅ သိန်းထိလည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်တွင်လည်း ကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၇၂ ဦးဖြင့် ဖွဲ့စည်းထားသည်။ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနက အမျိုးသားစာပေဆုရွေးချယ်ရေးအတွက် စာအုပ်များပေးပို့နိုင်ခြင်းမရှိတော့သဖြင့် စာရေးသူများနှင့် ထုတ်ဝေသူများက ပေးပို့သောစာအုပ်များကို သက်ဆိုင်ရာဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ ဖုန်း ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၇၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားရှိသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့် စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆုများကို ဒီဇင်ဘာ ၁၂ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကဗျာတွေကို သမိုင်းအမြင် သမိုင်းအသိနဲ့ရေးတတ်ဖို့လိုတယ်

**ဦးဝင်းဖေ(မြဇင်)**

# ယဉ်ကျေးမှုနဲ့ဘာသာတရား ပေါင်းစပ်ရေးဖွဲ့ထားတာပါ

**ဒေါက်တာမောင်ဖြေ**

**အမေး၊အရေး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် အောက်တိုဘာ ၃၁

**မြန်မာ့စာပေလောကတွင် တစ်သက်တာပတ်လုံး လေ့လာဆည်းပူးရေးသားကာ စာပေနှင့်သာမွေ့လျော်ခဲ့သော စာပေပညာရှင်ကြီးများကို နိုင်ငံတော်က နှစ်စဉ်တစ်သက်တာစာပေဆုနှင့် အမျိုးသားစာပေဆုများကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုများအတွက် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ဆရာကြီး ဦးဝင်းဖေ(မြဇင်)၊ ဆရာကြီးခင်မောင်စိုး (မောင်ပေါ်ထွန်း) နှင့် ဆရာကြီး ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)တို့ကို ရွေးချယ်လိုက်ပြီဖြစ်သည်။**

အမျိုးသားစာပေတစ်သက်တာဆုရွေးချယ်ခံရသည့် ဆရာကြီး ဦးဝင်းဖေ(မြဇင်)ကို နေအိမ်သို့သွားရောက်ပြီး မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းခဲ့ရာ "ကဗျာတွေနဲ့ပတ်သက်တဲ့ စာတမ်းတွေကို ရေးသားခဲ့တယ်။ ကဗျာဆရာတွေဟာ သမိုင်းအမြင်နဲ့ ကြည့်တတ်ဖို့လိုသလို သမိုင်းအသိနဲ့လည်း ရေးတတ်ဖို့လိုတယ်။ ကဗျာဆရာ ဖွဲ့ဆိုတဲ့ကဗျာမှာ လူမှုအညွှန်းတွေ ပါဝင်ဖို့လိုသလို တရားမျှတဖို့၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်ဖို့နဲ့ ပိုမိုကောင်းမွန်တဲ့လောကကို တည်ဆောက်နိုင်ရေး တစ်တပ်တစ်အား ပါဝင်ဖို့လိုပါတယ်"ဟု ဆရာကြီး ဦးဝင်းဖေ(မြဇင်)က ပြောသည်။

အသက်အရွယ်ရလာပြီဖြစ်သော ဆရာကြီးဦးဝင်းဖေ (မြဇင်)သည် စကားကို လေသံသဲ့သဲ့ဖြင့်ပြောသော်လည်း လိုရင်းထိရောက်စွာ တိုတိုတုတ်တုတ် ပြောနိုင်သည်ကို တွေ့ရသည်။ "ကဗျာရေးတဲ့သူတွေဟာ ပညတ်နယ်မှာသာ ကျက်စားဖို့မလိုဘဲ တကယ့်အခြေအနေ၊ တကယ့်ပြဿနာတွေ၊ တကယ့်အကြောင်းအရာတွေကို ဖော်ကျူးရေးသားရန် ဆန္ဒရှိရမယ်။ တစ်ခေတ်နဲ့တစ်ခေတ် အာရုံခံစားပုံချင်းတွေ မတူကြဘူး။ ခေတ်အပြောင်းမှာ အာရုံခံစားပုံလည်း ပြောင်းစမြဲပါပဲ။ ခေတ်ကို ကိုယ်စားပြုတဲ့ ခေတ်ပေါ်ကဗျာတွေဟာ အဲဒီလိုခေတ်ရဲ့ အာရုံခံစားမှုတွေအပေါ် အခြေတည်ရမှာဖြစ်တယ်။ အကျိုးပြုကဗျာတွေဖြစ်ဖို့ လိုအပ်တယ်"ဟု ပြောသည်။

ဆရာကြီး ဦးဝင်းဖေ(မြဇင်)ကို အဘဦးဘိုးအုံး- အမိဒေါ်ခင်မြလှိုင်တို့က ၁၉၂၇ ခုနှစ် ဇွန် ၁၅ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ အထွေထွေအုပ်ချုပ်ရေးဌာန၊ အမျိုးသားစီမံကိန်းဌာန၊ တော်လှန်ရေးအစိုးရအဖွဲ့ဥက္ကဋ္ဌရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သုတေသနလုပ်ငန်းဆိုင်ရာ မူဝါဒညွှန်ကြားရေးအဖွဲ့၊ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊ အနုပညာဦးစီးဌာနနှင့် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ မြန်မာစာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဝဏ္ဏကျော်ထင်ဘွဲ့၊ စီမံထူးချွန်တံဆိပ်(ပထမအဆင့်)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမအဆင့်)များ ချီးမြှင့်ခံရသည်။ ကဗျာနရီနှင့် နိမိတ်ပုံ၊ စစ်တောင်းတံတားကြီးကျိုးခဲ့စဉ်က စသည့်စာအုပ် ၁၀ အုပ်ခန့် ရေးသားထုတ်ဝေခဲ့ပြီး ဆောင်းပါးပေါင်းများစွာရေးသားခဲ့သည်။

ဆက်လက်ပြီး အမျိုးသားစာပေဆုတွင် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၌ "မွန်မြတ်သော ကျေးဇူးဆပ်သူနှင့် မွန်မြတ်သော ကျေးဇူးပြုသူ" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာမောင်ဖြေနှင့် မေးမြန်းခဲ့ရာ "မြန်မာ့ယဉ်ကျေးမှုနဲ့ ဘာသာတရားအဆုံးအမကို အခြေခံပြီးရေးသားခဲ့တာပါ။ ယဉ်ကျေးမှုနဲ့ ဘာသာတရားကိုပေါင်းစပ်ပြီး ဖော်ကျူးခဲ့တာဖြစ်ပါတယ်။ ဖခင်နဲ့မိခင်တွေရဲ့ မေတ္တာတရား၊ သူတို့ရဲ့ကျေးဇူးတွေဆပ်နိုင်ဖို့ လူငယ်လူကြီးမရွေး သတိပြုနိုင်ရေး၊ လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။



ဦးဝင်းဖေ(မြဇင်)



ဒေါက်တာမောင်ဖြေ

ဒီလိုရေးဖွဲ့တဲ့အခါမှာ ဒီနေ့လူငယ်တွေဟာ အင်တာနက်နဲ့ဖေ့ဘွတ်ခ်တွေကို အချိန်အများကြီးပေးပြီး ကြည့်ရှုနေကြတယ်။ သူတို့တွေစာဖတ်မှုအားနည်းလာတယ်။ ဒါကြောင့် စာတိုတိုရေးပြီး သူတို့လေးတွေ စာဖတ်တဲ့အလေ့အကျင့်ကောင်းတွေရအောင် ရေးခဲ့တာလည်းပါဝင်တယ်။ ရတဲ့အချိန်လေးတွေမှာ စာတိုတိုလေးတွေနဲ့ဆွဲဆောင်ပြီး စာဖတ်အလေ့အကျင့်ရအောင် အားထုတ်ခဲ့တာလည်းပါဝင်တယ်"ဟု ဆရာဒေါက်တာ ဖောင်ဖြေက ပြောသည်။

ဒေါက်တာမောင်ဖြေသည် ပဲခူးမြို့ ဇာတိဖြစ်ပြီး ၁၉၃၉ ခုနှစ် အောက်တိုဘာ ၄ ရက်က ပဲခူးမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၄ ခုနှစ်မှစတင်ကာ စာပေများရေးသားခဲ့ပြီး ရတနာပုံ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင် ပင်တိုင်ဆောင်းပါးရေးသားခဲ့သည်။ စာအုပ်ရှစ်အုပ်ထွက်ရှိခဲ့ပြီး Ph.D(AM)ဘွဲ့ကို အိန္ဒိယမှရရှိခဲ့သည်။

လက်ရှိ၌ အသက် ၇၇ နှစ်ရှိပြီး စာပေရေးသားခြင်းများကို ဆက်လက်ရေးသားလျက်ရှိကာ ဒေဝယက္ခဆေးဝါးထုတ်လုပ်ရေးလည်း လုပ်ကိုင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ် "အလှအယဉ် မြန်မာ့လေ့ပွဲတော်တစ်ခွင်" စာအုပ်ဖြင့် စာပေဗိမာန်စာမူ ဒုတိယဆု၊ ၂၀၁၃ ခုနှစ်တွင် "မြန်မာ့တိုင်းရင်းဆေးပညာ ပမာဏနိဒါန်း" ဖြင့် စာပေဗိမာန်စာမူဆုများရရှိခဲ့သည်။






## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ ပန်းတိုင်းမွေး ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မဘောက်နမ်၏ အမည်မှန်မှာ မဘောမ်နမ် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁၁-၂၀၀၀ ဖြစ်ပါသည်။

## ဖောင်းကြွနံပါတ်ပြားပျောက် ဆုံးလျောက်ထားခြင်း

ယာဉ်အမှတ် ၁က/၄၆၈၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဦးမြတ်စိုး(ဘ)ဦးသန်းစိုး SRM-003058 ဒေါ်စန်းမြင့်(ဘ)ဦးဘမောင်နှင့် အများသိစေရန်

သန်လျင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်၁၂/၂၀၁၂အမှုတွင် ၁၇-၇-၂၀၁၅ရက်က ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊ တရားမအယူခံမှုအမှတ် ၃၂/၂၀၁၅ တွင် ၂၂-၁၀-၂၀၁၅ရက်က ပယ်ဖျက်၍ သန်လျင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ စာချုပ်အမှတ် ၂/၂၀၁၂ကို ပျက်ပြယ်ကြောင်း မြွက်ဟကြေညာသည့်စီရင်ချက်နှင့် ဒီကရီကို ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍သန်လျင်မြို့၊ မြို့သစ်အလယ်ရပ်ကွက်၊ သိမ်ကျောင်းလမ်း၊ အမှတ်(၅)နေ အိမ်နှင့်ဂရန်မြေကွက်မှာ ကွယ်လွန်သူ ဒေါ်လှအေး၏တူ၊ တူမများက အမွေဆက်ခံသည်ဖြစ်၍ အမွေဆိုင်များ သဘောတူညီချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အငှားချထားခြင်းတို့ပြုခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ - ဒေါ်ကြည်ကြည်စိန်၁၂/ဗဟန(နိုင်)၀၂၃၁၃၇**
**(ဦးတင်ဝင်း ပါ ၅ ဦးတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ)**

| | | |
|---|---|---|
| **ဦးချမ်းမြေ့ဝင်း(LL.B)** | **ဒေါ်ထူးထူးမြတ်(LL.B)** | **ဦးစိုးဟန် (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၃၄၄၅)** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၂)၊ ဖွံ့ဖြိုးရေး ၅လမ်း** | **ဖုန်း-၀၉-၂၅၀၉၈၇၀၂၉** | **အမှတ်၃၇၊ ဘုရားကုန်း** |
| **အမှုထမ်းရပ်ကွက်၊သန်လျင်မြို့** | | **မြို့ပြကွက်သစ်၊ သန်လျင်မြို့၊** |
| | | **ဖုန်း-၀၉-၇၃၁၆၉၄၁၂၊** |
| | | **၀၉-၂၅၀၀၃၃၄၉၀** |

# ဒီပါဝလီပွဲတော်အထိမ်းအမှတ် ညစာစားပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

**မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော ဒီပါဝလီပွဲတော်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်း Strand Hotel၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကိုယ်စား ဥက္ကဋ္ဌ ဦးရွှေတို့က ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားသည့်ပွဲတော်ဖြစ်ပြီး ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်းဖြစ်ကြောင်း၊ အမှောင်ခွင်းကာ အလင်းဆောင်နိုင်ခြင်း အထိမ်းအမှတ်လည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာကြီးလေးဘာသာရှိသည့်အနက် ဘာသာအသီးသီး၏ ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ကြရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သောအကူအညီ အထောက်အပံ့များပေးအပ်လျက်ရှိပါကြောင်း၊ ဟိန္ဒူဘာသာအပါအဝင် အခြားဘာသာကြီးများကို နိုင်ငံတော်က အသိအမှတ်ပြုပြီး တတ်နိုင်သမျှကူညီစောင့်ရှောက်ပေးနေပါကြောင်း၊ ဘာသာရေးပွဲတော်များကို အနှစ်သာရရှိရှိ ကျင်းပပြုလုပ်ခြင်းသည် ကောင်းမြတ်သောအစဉ်အလာဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်းလည်း ထိစပ်လျက်ရှိသည့်အပြင် ဗုဒ္ဓသာသနာတော်စတင်ထွန်းလင်းရာ အိန္ဒိယနိုင်ငံနှင့် ဗုဒ္ဓဘုရားရှင်၏ ထေရဝါဒဂုဏ်ရောင် ထွန်းပြောင်လျက်ရှိနေသည့် မြန်မာနိုင်ငံတို့သည် ဗုဒ္ဓဘာသာအမွေအနှစ်များအကြောင်းခံဖြင့် အစဉ်အလာချစ်ကြည်ရင်းနှီးမှုရှိကြပါကြောင်း၊ နှစ်နိုင်ငံ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အကျိုးတူဆက်စပ်နေသည်မှာ ကာလကြာမြင့်ပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ် ရင့်ကျက်ပြီးဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် အရှိန်စတင် ရရှိအောင်မြင်နေပြီဖြစ်သော မြန်မာနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုများ ယခင်ကထက် တိုးတက်ဆောင်ရွက်လာသည့်အချိန်အခါတွင် မြန်မာ အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များအသင်းကြီးအနေဖြင့် စီးပွားရေးခွန်အားများနှင့် အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ထို့အတူ မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်းကြီးတွင် ပါဝင်ဆောင်ရွက်ကြသူများအနေဖြင့်လည်း မိမိတို့ဆည်းကပ်ကိုးကွယ်ရာ ဘာသာအသီးသီး၏ အဆုံးအမများကို လေးစားလိုက်နာခြင်းဖြင့် သမမျှတသည့်အခွင့်ထူးနှင့် လောကီအကျိုးတရားများ အောင်မြင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကိုယ်စား စီးပွားရေးလုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးရွှေက ဂုဏ်ပြုစကားပြောကြားခဲ့ပြီး ယဉ်ကျေးမှုအက ပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားများ မူလကိန်းဝပ်စံပယ်တော်မူသည့် ရတနာစံကျောင်းတော်ကြီးပေါ်သို့ ပြန်လည်ကြွဝင်

**တောင်ကြီး အောက်တိုဘာ ၃၁**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားများသည် အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံပြီး မူလကိန်းဝပ်စံပယ်တော်မူသည့် ရတနာစံကျောင်းတော်ကြီးပေါ်သို့ ပြန်လည်ကြွဝင်သည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါစံကျောင်းတော်၌ကျင်းပသည်။

ထို့နောက် အင်းသားရိုးရာလှေပြိုင်ပွဲ ဆုများချီးမြှင့်ပေးပြီး အခမ်းအနားကို နောင်အင်းလေးသီချင်းဖြင့် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

✳ ***ကျောဖုံးမှ***

အဆိုပြုတင်သွင်းခြင်းခံရသော ဆရာကြီးများကို ကော်မတီဝင်တစ်ဦးချင်းစီက ကော်မတီဝင်စာပေပညာရှင်များအားလုံးရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကပင် စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော ပညာရှင်ကြီးများမှာ စည်သူဦးလှကြိုင်(ပါရဂူ)(ကွယ်လွန်)၊ စည်သူဦးထင်ဖတ်(မောင်ထင်)(ကွယ်လွန်)၊ စည်သူဦးငွေမောင်(ငွေမောင်)၊ စည်သူဦးလေးမြိုင်(လေးမြိုင်)၊ စည်သူဒေါ်ရင်ရင်(စောမုံညင်း)(ကွယ်လွန်)၊ စည်သူဒေါ်ကြန်(မကြန်)၊ စည်သူဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)၊ စည်သူဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)(ကွယ်လွန်)၊ စည်သူဒေါက်တာခင်မောင်ညွန့်၊ စည်သူ ဒေါက်တာသော်ကောင်း၊ ဦးဝင်းမောင်(မင်းယုဝေ)၊ ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ ဦးအောင်သင်း (အောင်သင်း)(ကွယ်လွန်)၊ ဦးတင်မောင်(သိပ္ပံမျိုးတင်)(ကွယ်လွန်)၊ ဒေါက်တာ ခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)တို့ ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်မှစ၍ အမျိုးသားစာပေတစ်သက်တာဆုရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသောအားဖြင့် စာပေပညာရှင်ကြီးသုံးဦးကို ဆက်လက်ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဆုငွေများချီးမြှင့်ရာတွင်လည်း ယခင်က အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ခြောက်သိန်းအထိ ချီးမြှင့်ခဲ့ရာမှ ယခုအစိုးရလက်ထက် ၂၀၁၁ ခုနှစ်တွင် ငွေကျပ် ၁၀ သိန်း ထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ငွေကျပ် ၁၅ သိန်းထိလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် ငွေကျပ် ၂၅ သိန်းထိလည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့ရာ ယခုနှစ်တွင်လည်း ငွေကျပ် ၂၅ သိန်းချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါဆုများကို ဒီဇင်ဘာ ၁၂ ရက် (စနေနေ့) တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)အတွက် ဆေးဝါးကုန်ကြမ်း(၃၁)မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၁၅
**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၀-၁၁-၂၀၁၅ရက် မွန်းလွဲ ၁၆း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၇၆**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/7304 ယာဉ်လက်ဝယ်ရှိသူ ဦးနေသူရဦး ၁၀/ကထန(နိုင်)၀၁၄၈၆၃ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၉၀၇၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးသြဘာ ၁၂/မဂဒ(နိုင်)၀၁၉၁၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်နေဝဏ္ဏအောင်၏ ဖခင် ဦးကျော်မျိုးအောင်(ခ)ဦးကျော်သိန်းထွန်း ၉/မခန(နိုင်)၂၁၉၀၇၆ မှာ တစ်ဦးတည်းဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်သိန်းဇော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၃-၁၉၉၇ ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**
ဝက်လက်မြို့နယ်၊ မင်းဂျီ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မချောစုနွေး၏ ဖခင်မှာ ဦးမျိုးထွန်းလှိုင်နှင့် မောင်သန်းဝင်း ၅/ရဘန(နိုင်)၁၃၀၈၃၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမျိုးထွန်းလှိုင်(ခ)မောင်သန်းဝင်း**

### မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
### စည်ပင်သာယာရေးဝန်ကြီးဌာန
### မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အထပ်မြင့် အိမ်ရာစီမံကိန်းအား အကျိုးတူဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော လျှောက်လွှာဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာနှင့်စည်းကမ်းချက်များကို ၃-၁၁-၂၀၁၅ရက်မှ ၃-၁၂-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၁၀း၀၀ နာရီမှ ညနေ ၁၆း၀၀ နာရီအတွင်း မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၃-၁၂-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၆-၂၁၀၁၈၊ ၂၁၁၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးကော်မတီ**

### ရွှေကြာစည် - ကျိုက်ထီးရိုး / ချောင်းသာ

ဖုန်းဆိုးတန်း 01-240860/01-372290 ဒေါ်ပုံ 09-49282825 ကျော်ကြည် 09-421029191

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
### အမှတ် (၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
### ရန်ကုန်တိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၇/၂၀၁၅-၂၀၁၆)(၁၃-၁၁-၂၀၁၅)
### အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်လုံးများဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ကျင်းပမည့်နေ့ရက်** - ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့)
(ခ) **ကျင်းပမည့်အချိန်** - မွန်းလွဲ ၁၃း၀၀နာရီ
(ဂ) **ရောင်းချမည့်သစ်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး၊ ၂၃၉၀လုံး (၃၂၃၆.၂၈၄)တန်
(ဃ) **ကျင်းပမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅နှင့် ၀၉-၄၃၂၀၂၅၄၄သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

# ငွေဆောင်ကမ်းခြေ မြန်မာမြေပေါ်တွင် မျှတသန့်ရှင်းစွာယှဉ်ပြိုင်ခဲ့သော Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေအားကစားကလပ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

**ငွေဆောင် အောက်တိုဘာ ၃၁**

နိုင်ငံတကာနှင့်ပြည်တွင်း ရွက်လှေအားကစားသမားများပါဝင်သည့် Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေအားကစားပြိုင်ပွဲ၏ နောက်ဆုံးနေ့အဖြစ် ကလပ်ပြိုင်ပွဲများကို အောက်တိုဘာ ၃၁ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။

ယခင်နေ့များက ပြိုင်ပွဲကျင်းပရန် သင့်တင့်သည့်လေတိုက်နှုန်း မရရှိမှုကြောင့် ပြိုင်ပွဲမကျင်းပနိုင်ခဲ့သော Kiteboarding ကလပ်ပြိုင်ပွဲများကို ယနေ့တွင်မူ ကောင်းမွန်သည့်လေတိုက်နှုန်းရရှိသဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ Kiteboarding အားကစားနည်းသည် မြန်မာ့မြေ၊ မြန်မာ့ပင်လယ်ပြင်တွင် ပထမဆုံး အကြိမ်အဖြစ် ကျင်းပနိုင်ခဲ့သော အား ကစားနည်းဖြစ်သည်။

Kiteboarding ပြိုင်ပွဲတွင် TT Men Class Winners နှင့် TT Women Class Winners၊ Formula Men Class Winners နှင့် Formula Women Class Winners ဟူ၍ အားကစားနည်း နှစ်မျိုးထည့်သွင်းထားသည်။ TT Men Class Winners နှင့် Formula Men Class Winners ပြိုင်ပွဲ နှစ်မျိုးစလုံးတွင် ထိုင်းနိုင်ငံသား Narapichit Pudla ပထမရရှိခဲ့ပြီး Formula Women Class Winners နှင့် Formula Women Class Winners ပြိုင်ပွဲများတွင်လည်း ဂျာမနီနိုင်ငံသူ Kathrin Borgwardt တစ်ဦးတည်းကပင် ပထမဆုများ ရရှိခဲ့သည်။




Stand Up Paddle (SUP) ကစားနည်းတွင် ပြိုင်ပွဲလေးမျိုး ထည့်သွင်းကစားခဲ့ပြီး SUP Women Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသူ စန္ဒာသက်နှင်း၊ SUP Open Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား သက်ကိုကို၊ SUP Youth Boys Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား ဘိုဘိုလွင်၊ SUP Youth Girls Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသူ မေသဇင်ကျော်တို့က ပထမဆုများရရှိခဲ့သည်။

Windsurfing Class ပြိုင်ပွဲတွင် အားကစားနည်း နှစ်မျိုးပါဝင်ပြီး R300 Open Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား ခွန်အောင်သိန်းဦးနှင့် R300 Youth Girls Class Winners ပြိုင်ပွဲတွင် မြန်မာနိုင်ငံသူ ရွှေယမင်းတို့က ပထမဆုများ ရရှိခဲ့ကြသည်။

ညပိုင်းတွင် ငွေဆောင်ကမ်းခြေရှိ Ngwe Saung Yacht Club and Resort တွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အထွေထွေမန်နေဂျာ ဦးဖုန်းကျော်မိုးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး ဆုရရှိသူများအား မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Kiteboard Tour Asia (KTA) မှ တာဝန်ရှိသူများနှင့် ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးပေးကြသည့် ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများက ဆုရရှိသူ အားကစားသမားများအား ဆုများ ပေးအပ်ခဲ့ကြသည်။ Myanmar Wave Rider Cup and KTA Race Open 2015 ပိတ်ပွဲနှင့် ဂုဏ်ပြုညည့်ခံပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများအား ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ပြီး ငွေဆောင်ရွက်လှေကလပ်၌ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခဲ့သည်။

Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေကလပ်ပြိုင်ပွဲတွင် Windsurfing၊ Kiteboarding နှင့် Stand Up Paddle (SUP) ရွက်လှေကစားနည်းသုံးမျိုးပါဝင်ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

Myanmar Wave Rider Cup and KTA Race Open 2015သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် နိုင်ငံတကာကလပ်ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ပြီး ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ အင်္ဂလန်၊ အမေရိကန်၊ စင်ကာပူ၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ ရွက်လှေအားကစားသမားများ ပါဝင်ခဲ့ကြသည်။

(သတင်းစဉ်)

## ချယ်လ်ဆီးတို့ အိမ်ကွင်း၌ လီဗာပူးကို ရှုံးနိမ့်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၁၁)ကို အောက်တိုဘာ ၃၁ ရက် (စနေနေ့) ည အစောဆုံးပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်း အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဖိအားများနှင့် ရင်ဆိုင်နေကြသည့် အသင်းနှစ်သင်းတွေ့ဆုံမှုတွင် နည်းပြ မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းနှင့် ဂျာဂင်ကလော့ပ်၏ လီဗာပူးအသင်းတို့သည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာကြသည်။ ချယ်လ်ဆီးအသင်းတွင် တိုက်စစ်မှူး ကော်စတာ၊ ကွင်းလယ်တွင် အော်စကာ၊ ဟာဇတ်၊ ရာမီရက်စ်၊ ဂျွန်အိုဘီမိုက်ကယ်၊ ဝီလီယံနှင့် နောက်တန်းတွင် ဂယ်ရီကာဟေး၊ ဇူးမား၊ ဆီဆာ၊ ဂျွန်တယ်ရီ၊ ဂိုးနေရာတွင် ဘီဂိုဗစ်တို့ ပါဝင်ခဲ့သည်။

ဧည့်သည် လီဗာပူးအသင်းတွင် တိုက်စစ်မှူး ဖာမီနို၊ ကွင်းလယ်တွင် ကော်တင်ဟို၊ မီလ်နာ၊ လူးကပ်စ်၊ အီမရီကန်း၊ လယ်လာနာနှင့် နောက်တန်းတွင် မိုရီနို၊ စီလီနီ၊ စကာတယ်၊ ဆာခို၊ ဂိုးနေရာတွင် မစ်ဂ်နိုလတ်တို့ပွဲထွက်ခဲ့သည်။ ဒဏ်ရာရရှိစာရင်းတွင် ချယ်လ်ဆီးမှ ဂိုးသမားကော့တိုက်စ်နှင့် အိုင်ဗန်နိုဗစ်တို့ဖြစ်ပြီး လီဗာပူးတွင် ကိုလိုတိုယေး၊ ဖလာနာဂန်၊ ဂိုမက်ဇ်၊ ဟန်ဒါဆန်၊ ဒန်နီအင့်၊ ဂျော်ဒန်ရိုစစ်တာ၊ စတာရစ်တို့ မပါဝင်နိုင်ခဲ့ပေ။

ပွဲစပြီး ပွဲချိန်လေးမိနစ်တွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ရာမီရက်စ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် လီဗာပူးအတွက် ချေပဂိုးကို ကော်တင်ဟိုက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၇၄ မိနစ်တွင် ကော်တင်ဟိုက လီဗာပူးအတွက် ဒုတိယဂိုးသွင်းယူပေးခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် လီဗာပူးအတွက် အနိုင်သေချာမည့်ဂိုးကို လူစားဝင်လာသော ဘန်တီကီက သွင်းယူခဲ့သည်။

ယနေ့ရှုံးနိမ့်ခဲ့သည့်အတွက် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက နည်းပြရာထူး တည်မြဲရန် မသေချာတော့သလို လီဗာပူးအသင်းမှာ နည်းပြဂျာဂင်ကလော့ပ်လက်ထက် ပရီမီယာလိဂ် ပထမဦးဆုံး နိုင်ပွဲရခြင်းဖြစ်ပြီး လီဗာပူးပရိသတ်များ မျှော်လင့်နေသည့် နိုင်ပွဲကို ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များတွင် ပဲလေ့စ်နှင့်မန်ယူ၊ နယူးကာဆယ်နှင့်စတုတ်တို့ ဂိုးမရှိသရေကျခဲ့ပြီး အာဆင်နယ်က ဆွမ်ဆီးကို သုံးဂိုး-ဂိုးမရှိ၊ ဝက်ဖို့ဒ်က ဝက်စ်ဟမ်းကို နှစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးက နော့ဝစ်ကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**



လီဗာပူးအတွက်ချေပဂိုးကို ကော်တင်ဟိုသွင်းယူစဉ်။


### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက် (ဒီပါဝလီနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

GOLDEN STAR အိုးသွားလုပ်ငန်း
ဂျာမနီနိုင်ငံထုတ် MAN ကားသစ်ကြီးများဖြင့်...
ချောင်းသာ တမ်းခြေသို့ (1.11.2015) မှစ၍ နေ့စဉ်ပြေးဆွဲနေပါသည်
☆ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင်အခမဲ့)
☆ငွေဆောင်(သော်ကြာ) ကားစီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလဗီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
ဒဲမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
တွဲ.ကြိုဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
နိုဝင်ဘာ (၄/၅/၇)ရက်နေ့ (မ/ဒ)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ကုန်းတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 09254541441


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
### Individual Consultant-National Landscaping Expert အတွက်
## စိတ်ဝင်စားမှုဖော်ပြလွှာ တောင်းဆိုခြင်း

REOI No.MPFMp/E1-125 Closing Date:16, November 2015

ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ထားသော အဆောက်အအုံအား မြေယာရှုခင်းနှင့် ပြင်ဆင်မွမ်းမံရန်အတွက် ကူညီပံ့ပိုးပေးရန် National Landscaping Expert တစ်ယောက်အား စီမံကိန်းမှ ရှာဖွေနေပါသည်။ အဆောက်အအုံအား ပစ္စည်းအပြည့်အစုံဖြင့် စာသင်ခန်း၊ ကွန်ပျူတာခန်း၊ သင်ထောက်ကူပြုအခန်း၊ စာကြည့်တိုက်နှင့် စီမံကိန်းရုံးခန်းတို့အဖြစ် ဖွဲ့စည်းပြုပြင်မွမ်းမံလိုပါသည်။ National Landscaping Expert သည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏စီမံကိန်းဒါရိုက်တာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၏ လမ်းညွှန်မှုအောက်တွင် တီထွင်ဆန်းသစ်မှုများ (renovations)အား ကြီးကြပ်ပေးရန် ခန့်အပ်ထားသော ကော်မတီဥက္ကဋ္ဌနှင့် တိုက်ရိုက်ဆောင်ရွက်ရမည်။

ဤလုပ်ငန်းတွင် အထူးသဖြင့် Design၊ နည်းပညာပံ့ပိုးမှုနှင့် အကောင်အထည်ဖော်မှုတို့ ပါဝင်ပါသည်။ အကြံပေးပုဂ္ဂိုလ်သည် အနည်းဆုံးအောက်ပါအရည်အချင်းတို့ဖြင့် ပြည့်စုံရန်လိုပါသည်။

- ဗိသုကာ(သို့)အင်ဂျင်နီယာဘွဲ့တွင် B.Sc (သို့) M.Sc ဘွဲ့
- မြန်မာနိုင်ငံရှိ ဗိသုကာဒီဇိုင်းနှင့်မြေယာပြုပြင်ခြင်းတွင် အနည်းဆုံးအတွေ့အကြုံ (၅)နှစ်
- မြန်မာနိုင်ငံရှိပစ္စည်းများနှင့် ပြည်တွင်းဈေးကွက်ရှိ အတွင်းပိုင်းပစ္စည်းများနှင့် ရင်းနှီးပြီး အတွေ့အကြုံရှိရမည်။
- မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာကောင်းမွန်စွာ ပြောဆိုရေးသားနိုင်ရမည်။

ခန့်မှန်းတာဝန်ထမ်းဆောင်ရက်မှာ (၆)လကြာကာလတွင် အလုပ်လုပ်ရက် (၅၀)ဖြစ်သည်။ လုပ်ငန်းခွင်တည်နေရာမှာ မြန်မာနိုင်ငံရှိ နေပြည်တော်တွင် ဖြစ်သည်။

အထက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများကို စိတ်ပါဝင်စားသော အကြံပေးပုဂ္ဂိုလ်များသည် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် အရည်အချင်းပြည့်မီကြောင်း ဖော်ပြပါအချက်အလက်များအား ဖြည့်ဆည်းပေးရမည်။ (ထို့ပြင် ပညာအရည်အချင်းများ၊ အလားတူ လုပ်ငန်းအတွေ့အကြုံနှင့် လုပ်ငန်းဆောင်ရွက်ခဲ့သည့် နိုင်ငံတို့အား လျှောက်လွှာပါဖော်ပြချက်များနှင့်တကွ တင်ပြပြီး CV တွင် ဖြည့်စွက်ပေးရမည်။)

စိတ်ပါဝင်စားသော အကြံပေးပုဂ္ဂိုလ်များသည် လုပ်ငန်းဆိုင်ရာ တာဝန်သတ်မှတ်ချက် (Terms of Reference) မိတ္တူအား အောက်ဖော်ပြပါ လိပ်စာဖြင့် ရုံးချိန်အတွင်း (၁၀း၀၀မှ ၁၆း၀၀နာရီထိ) (သို့) mohmohthwe774@gmail.com, zawnaing652011@gmail.com, pcaumm@mptmail.net.mm သို့ email ပေးပို့၍ တောင်းခံနိုင်ပါသည်။

စိတ်ဝင်စားမှုဖော်ပြလွှာကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၆ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာနှင့် email သို့ ပေးပို့နိုင်ပါသည်။

**ဦးဇော်နိုင်၊ ပစ္စည်းဝယ်ယူရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဥက္ကဋ္ဌ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ညွှန်ကြားရေးမှူး(စီမံရေးရာနှင့် ငွေစာရင်းဌာနခွဲ)**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ရုံးအမှတ် (၂၆)၊ နေပြည်တော်၊ မြန်မာ**
**ဖုန်း-၉၅-၆၇၄၁၀၅၃၀၊ ၄၁၀၁၅၈၊ ၄၁၀၅၇၅**
**Fax: -၉၅-၆၇-၄၁၀၅၃၀၊ ၄၁၀၅၇၅**
**E-mail for applications:mohmohthwe774@gmail.com, pcaumm@mptmail.net. mm**
**copied to**
**sukumarshep@gmail.com**

### ကန့်ကွက်နိုင်ပါကြောင်း သက်ဆိုင်သူများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာ၊ ကွင်းအမှတ်၁၁၄(အေ)၊ ကွင်းအမည် ကံဘဲ့၊ ဦးပိုင်လုပ်ကွက်အမှတ် ၂၀၉/၂၊ မြေအမျိုးအစား ဥယျာဉ်၊ ဧရိယာ ၁ ဒသမ ၃၀ဧကအတွင်း မခွဲမစိတ်ရသေးသော မြေပေ(၈၀×၂၀၀)မြေကွက်နှင့် သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်(ရွှေရောင်မြေသာသနမြေကွက်ဘက်အခြမ်း)ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာ ၁၂/ဒလန(နိုင်)၀၀၁၂၆၆က ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်စပ်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာအစိုးရရုံးဌာနမှ ထုတ်ပေးထားသော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးဒီကရီများ၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရရှိထားသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ဒေါ်အေးသီတာထံသို့ လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသာထွန်း B.A, R.L**
**တရားလွှတ်တော်ရှေ့နေ(၁၉၀၁)**
**အမှတ် ၂၀၂၊ ဥက္ကာ ၇ လမ်း၊ ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၁-၉၆၉၉၄၈၄၊ ၀၉-၄၂၁၁၃၉၃၅၇**



# မြန်မာစကား - မြန်မာစာ အပြန်အလှန်ဆက်သွယ်မှု(၄)

မောင်ခင်မင်(ဓနုဖြူ)

"ကျွန်တော်တို့ပါ. . . . ဆရာကြီး"

"ဩော်. . . လာကြ၊ လာကြ။ ဒီနေ့တော့ သားနဲ့သမီးကို ဆရာကပဲ မေးခွန်းစမေးရမယ်"

"ဟုတ်ကဲ့ပါ"

"သားတို့ သမီးတို့ ဦးလတ်ရဲ့ ရွှေပြည်စိုးဝတ္ထုထဲက ဝတ်လုံတော်ရ မောင်သောင်းဖေဆိုတဲ့ ဇာတ်ဆောင်ကို သိမှာပေါ့"

"သိပါတယ် ဆရာကြီး။ အဲဒီဝတ္ထုကို ကျွန်တော်တို့ သင်ရပါတယ်"

"အဲဒီ မောင်သောင်းဖေဆိုတဲ့ ဇာတ်ဆောင်ဖြစ်လာအောင် စာရေးဆရာ ဦးလတ်က ဘာနဲ့တည်ဆောက်ထားတယ်ထင်သလဲ"

"ဟုတ်ကဲ့။ ဦးလတ်ရဲ့စိတ်ကူးနဲ့ တည်ဆောက်ထားတယ်လို့ ထင်ပါတယ်"

"သမီးလည်း အဲဒီလိုပဲ ထင်ပါတယ်"

"ဟုတ်ပြီ။ ဒါပေမယ့် စိတ်ကူးဆိုတာ မြင်နိုင်တဲ့ဟာ မဟုတ်ဘူးလေ။ အဲဒီစိတ်ကူးကို စာဖတ်သူတွေ စိတ်ထဲမှာ မြင်ယောင်လာအောင်၊ အဲ. . . ပုံပေါ်လာအောင် ဆိုပါတော့။ အဲဒီ မောင်သောင်းဖေရဲ့ ပုံပန်းသဏ္ဍာန် ပေါ်လာအောင် ဘာနဲ့တည်ဆောက်ရသလဲကွယ်။ စဉ်းစားပြီးဖြေကြည့်ပါ"

"ဟုတ်ကဲ့။ ကျွန်တော်သိပြီ။ စကားလုံးတွေနဲ့ တည်ဆောက်ရပါတယ် ဆရာကြီး"

"ဟုတ်တာပေါ့။ မောင်သောင်းဖေပဲဖြစ်ဖြစ်၊ တခြားဝတ္ထုတွေထဲက တခြားဇာတ်ဆောင်တွေပဲဖြစ်ဖြစ်၊ စာရေးဆရာက စကားလုံးတွေနဲ့ ရေးလိုက်လို့ ပုံပေါ်လာတာလေ။ အဲဒီလိုစကားလုံးတွေနဲ့ ဖန်တီးလိုက်တဲ့ ဇာတ်ဆောင်တွေဟာ စာဖတ်သူတွေရဲ့ စိတ်ထဲမှာ ပုံပေါ်ပြီး အသက်ဝင်လာတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"အဲဒီသာဓကကို အခြေခံပြီး စဉ်းစားကြည့်ရင် ထင်ရှားတဲ့ဆက်သွယ်မှုတစ်ခုကို တွေ့ရလိမ့်မယ်"

"ဘာပါလဲ ဆရာကြီး"

"စာပေကို ဘာသာစကားနဲ့ တည်ဆောက်ရတယ်ဆိုတာပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"စာပေဆိုတာ ဘာလဲဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ အများကြီးရှိတယ်။ အဲဒီအထဲမှာ တစ်ခုကတော့ literature is language well used တဲ့။ 'စာပေဟူသည် ကောင်းစွာ အသုံးပြုထားသောဘာသာစကားဖြစ်သည်' ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

**သဲသောင်မှာ ခရုခွံကလေးတွေ အနှံ့အပြားရှိသလို လူ့လောကမှာလည်း စကားလုံးကလေးတွေ အနှံ့အပြားရှိပါတယ်. . .တဲ့။ ခရုခွံကလေးတွေမှာ အသွေးအရောင် အမျိုးမျိုး၊ ပုံသဏ္ဍာန် အမျိုးမျိုးရှိသလို စကားလုံးကလေးတွေမှာလည်း အသံအမျိုးမျိုး၊ အနက်အမျိုးမျိုးရှိ**

"နောက်တစ်ခုက 'all literature is language' တဲ့။ ကဲ. . . သားက အဓိပ္ပာယ်ပြောပြပါဦး"

"ဟုတ်ကဲ့။ 'စာပေအားလုံး ဘာသာစကားဖြစ်သည်' လို့ ဆိုလိုတာပါ ဆရာကြီး"

"ဟုတ်ပြီ။ သမီးကလည်း အဓိပ္ပာယ်ပြောပြပါ။ ' literature is a creative use of language ' တဲ့ "

"ဟို. . . ' စာပေဟူသည် ဘာသာစကားကို ဖန်တီးအသုံးပြုထားခြင်းဖြစ်သည်' လို့ ဘာသာပြန်ရမယ်ထင်ပါတယ် ဆရာကြီး"

"ဟုတ်ပါတယ်ကွယ်။ အဲဒီအဆိုအမိန့်တွေဟာ ဘာသာစကားနဲ့ စာပေ ဆက်သွယ်ပုံကို ဖော်ပြတဲ့ ထင်ရှားတဲ့အဆိုအမိန့်တွေပေါ့ကွယ်"

"မှတ်သားထားပါ့မယ်ဆရာကြီး"

"ဒီတော့ စာပေဖြစ်လာအောင်ဘာသာစကားနဲ့ရေးရတယ်ဆိုတာ ထင်ရှားပါပြီနော်။ အဲ. . . ဆရာတို့ပြောနေကြတဲ့အကြောင်းအရာနဲ့ ဆက်စပ်ပြောမယ်ဆိုရင်တော့ မြန်မာစာပေကို မြန်မာဘာသာစကားနဲ့ တည်ဆောက်ရတယ်လို့ ပြောရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"သားနဲ့သမီး စဉ်းစားကြည့်လေ။ ကဗျာပဲရေးရေး၊ ဝတ္ထုပဲရေးရေး၊ ဆောင်းပါးပဲရေးရေး စကားလုံးတွေ၊ ဝါကျတွေ၊ စာပိုဒ်တွေနဲ့ ရေးရတယ် မဟုတ်လား။ တစ်နည်းပြောရရင် ဘာသာစကားကိုအသုံးပြုပြီး ရေးရတယ် မဟုတ်လား။ ဘာသာစကားမသုံးဘဲ စာပေရယ်လို့ ဘယ်ပေါ်လာနိုင်ပါ့မလဲကွယ်"

"ဟုတ်ပါတယ် ဆရာကြီး"

"သားတို့ သမီးတို့မှတ်သားစရာတစ်ခုပြောပြမယ်။ တစ်ခါတုန်းက ကဗျာဆရာကြီး မင်းသုဝဏ်ဟာ ငပလီလူရည်ချွန်စခန်းမှာ တွေ့ကြုံရတာတွေနဲ့ ဆက်စပ်ပြီး ကဗျာအကြောင်း ဟောပြောဖူးတယ်။ ဆရာကြီး ခိုင်းနှိုင်းပြတဲ့ ဥပမာကလေးက တော်တော် ပေါ်လွင်တယ်"

"ဘယ်လို ခိုင်းနှိုင်းတာပါလဲ ဆရာကြီး"

"ဆရာကြီးမင်းသုဝဏ်က ငပလီစခန်းမှာ လူရည်ချွန်ကလေးတွေ ခရုခွံတွေကောက်လာပြီး အရုပ်ကလေးတွေ လုပ်ကြပုံနဲ့ ခိုင်းနှိုင်းပြတာပါ"

"ဟုတ်ကဲ့ပါ"

"အရောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးရှိတဲ့ ခရုခွံကလေးတွေကို တစ်ခုနဲ့ တစ်ခုဆက်စပ်ပြီး အရုပ်ကလေးတွေလုပ်လိုက်တော့ ငှက်ကလေးတွေ၊ ပန်းကလေးတွေ၊ လူကလေးတွေ၊ သစ်ပင်ကလေးတွေ၊ ကျောက်ဆောင်ကလေးတွေ ဖြစ်လာတာကို ဆရာကြီး မြင်ရတွေ့ရတယ်လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီအတွေ့အကြုံနဲ့ ခိုင်းနှိုင်းပြီး ဆရာကြီးမင်းသုဝဏ်က ပြောပြတယ်။ ပင်လယ်ကမ်းစပ်မှာ၊ သဲသောင်မှာ ခရုခွံကလေးတွေ အနှံ့အပြားရှိသလို လူ့လောကမှာလည်း စကားလုံးကလေးတွေ အနှံ့အပြားရှိပါတယ်. . . . တဲ့။ ခရုခွံကလေးတွေမှာ အသွေးအရောင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးရှိသလို စကားလုံးကလေးတွေမှာလည်း အသံအမျိုးမျိုး၊ အနက်အမျိုးမျိုးရှိပါတယ်. . . တဲ့။ ခရုခွံလေးတွေ သူ့အလှနဲ့သူရှိသလို စကားလုံးကလေးတွေမှာလည်း သူ့အလှနဲ့သူ ရှိတယ်တဲ့"

"ဟုတ်ကဲ့ပါ"

"နောက်ပြီး ဆက်ပြောတာက ခရုခွံကလေးတွေကို အနုပညာလက်နဲ့ ဖက်စပ်ဖန်တီးလိုက်တဲ့အခါ အရုပ်ကလေးတွေ ဖြစ်လာသလို စကားလုံးကလေးတွေကိုလည်း အလင်္ကာလက်နဲ့ ဖက်စပ်ဖန်ဆင်းလိုက်တဲ့အခါမှာ ကဗျာကလေးတွေဖြစ်လာပါတယ်တဲ့"

"ဩော်. . . ဟုတ်ကဲ့ပါ"

"ဒါကြောင့် ကဗျာဆိုတာ ဘာလဲလို့မေးရင် စကားလုံးတွေကို သင့်လျော်အောင် ဖက်စပ်ဖန်ဆင်းဖွဲ့ဆိုသီကုံးထားတဲ့ စကားလုံးအရုပ်ကလေးတွေပါပဲ တဲ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီတော့ ကဗျာဖြစ်လာအောင် စကားလုံးလေးတွေနဲ့ ဖန်တီးရတယ်ဆိုတာကို ဆရာကြီးမင်းသုဝဏ်က လှလှပပပြောပြသွားတာပဲပေါ့ကွယ်"

" မှတ်သားစရာကောင်းပါတယ် ဆရာကြီး"

" အဲဒီတော့ ဆရာကြီးမင်းသုဝဏ်ရဲ့ ဖွင့်ဆိုချက်ကို မူတည်ပြီး စဉ်းစားကြည့်ရင် ရှေးကပေါ်ပေါက်တဲ့ ပျို့၊ မော်ကွန်း၊ ဧချင်း အစရှိတဲ့ ကဗျာတွေကစပြီး အခုခေတ်ပေါ်ပေါက်တဲ့ ကဗျာတွေအထိ ခရုခွံကလေးတွေကနေပြီး လှပတဲ့ အရုပ်ကလေးတွေဖြစ်လာသလို စကားလုံး ကလေးတွေကနေပြီး လှပတဲ့ကဗျာတွေဖြစ်လာတာပေါ့ကွယ်။" စကားလုံးဆိုတာက မြန်မာစကားနဲ့ဆိုင်တဲ့ အပိုင်း၊ ကဗျာဆိုတာက မြန်မာစာပေနဲ့ဆိုင်တဲ့ အပိုင်းဆိုတော့ မြန်မာစကားနဲ့ မြန်မာစာ ဆက်သွယ်မှုကို ဖော်ပြနေတာ ပေါ့ ကွယ်"

"ဟုတ်ကဲ့ပါ"

"နောက် သာဓကတစ်ခုပြောဦးမယ်။ ကဲ. . . သားက ဘာသာစကား အထူးပြုဆိုတော့ မြန်မာစကားမှာ စကားလုံးအများစုဟာ အသံဘယ်နှသံစီပါသလဲဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ် ဆရာကြီး။ မြန်မာစကားလုံးအများစုဟာ အသံတစ်သံစီပဲပါတဲ့ စကားလုံးတွေပါ"

"သာဓကပေးပါဦးကွယ်"

"ဟုတ်ကဲ့. . . လူ၊ ခွေး၊ ကြောင်၊ အိမ်၊ ကျောင်း၊ ရေ၊ မြေ၊ နေ၊ လ အစရှိတဲ့ နာမ်စကားလုံးတွေ သွား၊ လာ၊ စား၊ သောက်၊ နီ၊ ဖြူ၊ ချစ်၊ မုန်း အစရှိတဲ့ ကြိယာစကားလုံးတွေဟာ အသံတစ်သံစီပဲပါတဲ့ စကားလုံးတွေပါ ဆရာကြီး"

" ဟုတ်ပါတယ်။ ဒါကြောင့်-မြန်မာစကားကို ဧကဝဏ္ဏ ဘာသာစကား (monosyllabic language ) လို့ ခေါ်တာပေါ့။ ဧကဝဏ္ဏဆိုတာ ဝဏ္ဏ တစ်ခုကိုဆိုလိုတာပါ။ အသံတစ်ချက်ထွက်ရင် ဝဏ္ဏတစ်ခုလို့ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ဒီတစ်ခါ သမီးအလှည့်။ သမီးက စာပေအထူးပြုဆိုတော့ မေးချင်တာရှိတယ်။ မြန်မာကဗျာတွေ ရေးဖွဲ့ရာမှာ ပဓာနကျတဲ့ စည်းကမ်း သတ်မှတ်ချက်က ဘာဖြစ်မလဲကွယ်"

"ကာရန်စည်းကမ်းလို့ထင်ပါတယ် ဆရာကြီး"

"ဟုတ်ပါတယ်။ မြန်မာကဗျာမှာ ကာရန်ဟာ ပဓာနကျတဲ့ လက္ခဏာ တစ်ခုပေါ့။ ကာရန်ဆိုတာကရော ဘာလဲကွယ်"

"ကာရန်ဆိုတာ 'ကာရန္တ' ဆိုတဲ့ ပါဠိစကားက လာတာပါ။ အဓိပ္ပာယ်က အဆုံးသရသံကို ဆိုလိုတာပါ ဆရာကြီး"

"ဟုတ်ပါတယ်။ 'ကာရန္တ' ဆိုတာမှာ 'ကာရ' ဆိုတာအသံ၊ 'အန္တ' ဆိုတာ အဆုံးလို့ အဓိပ္ပာယ်ရတော့ ကာရန္တဆိုတာ အဆုံးသံပေါ့။ မြန်မာစကား လုံးတွေက သရသံနဲ့ ဆုံးတာဆိုတော့ အဆုံးသံဆိုတာ အဆုံးသရသံပဲ ပေါ့ကွယ်"

"ဟုတ်ပါတယ် ဆရာကြီး"

"ကဗျာဖွဲ့ရာမှာ အဆုံးသရသံချင်း တူအောင် ဖွဲ့ရတယ်။ ဆိုပါတော့။ ရှေ့က အသံက'ပန်း'လို့ ယူရင် နောက်က 'နန်း' 'ဆန်း' ဆိုတဲ့ အသံတွေယူရတယ်။ 'အန်း'သရသံချင်းတူတာမို့ 'အန်း' ကာရန်ယူတယ် လို့ခေါ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"မြန်မာကဗျာမှာ ကာရန်ယူရတာ လွယ်တယ်ထင်သလား၊ မလွယ်ဘူးထင်သလား"

"လွယ်တယ် ထင်ပါတယ်"

"ဘာကြောင့် လွယ်တယ်ထင်တာလဲ"

"စကားလုံးအများစုက အသံတစ်သံစီပဲ ရှိတာမို့ ကာရန်တူတွေ အများကြီးယူနိုင်လို့ လွယ်တာပါ"

"ကဲ. . . မြန်မာစကားရဲ့ သဘာဝအရ ဧကဝဏ္ဏစကားလုံးတွေ များတာဟာ မြန်မာကဗျာဖွဲ့ရာမှာ ကာရန်ကြွယ်ကြွယ်ဝဝယူနိုင်တဲ့ အကြောင်းတစ်ရပ်ပေါ့ကွယ်။ ဒါဟာလည်း မြန်မာစကားနဲ့ မြန်မာစာပေဆက်သွယ်မှုတစ်ခုပဲပေါ့"

"ဟုတ်ကဲ့ပါ"

## အလှဆင်ရုပ် ပြုလုပ်နည်းသင်တန်းဒုတိယအကြိမ်ဖွင့်

**ကျောက်ဆည် အောက်တိုဘာ ၃၁**

ကျောက်ဆည်မြို့နယ်အတွင်းရှိ ရိုးရာယဉ်ကျေးမှု အမွေဖြစ်သော အမှတ်တရ အလှဆင်ရုပ်ပြုလုပ်နည်း သင်တန်းကို အောက်တိုဘာ ၂၉ ရက်က အင်ဒိုင်းကျေးရွာတွင် ဒုတိယအကြိမ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ဒေသရဲ့ ယဉ်ကျေးမှုကို ပြည်သူက အသိအမှတ်ပြုပြီး ဝယ်လိုအားများကာ ဝင်ငွေကောင်းလို့ ကျေးလက်ဒေသရဲ့ စီးပွားရေးတစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်အောင် ဖွင့်ပေးတာပါ၊ အခုချိန်မှာ ဒီဆင်ရုပ်တွေက ကျောက်ဆည်မြို့တင် ရောင်းတာမဟုတ်တော့ဘူး။ တခြားမြို့တွေကလည်း ဒီနယ်က လုပ်ထားတဲ့ ဆင်ရုပ်တွေကို မှာပြီး ရောင်းချနေပြီ။ ဒါကြောင့် လူတွေ လက်မှုပညာနဲ့ လုပ်စားတတ်အောင် သင်တန်းတွေဖွင့်ပေးခဲ့တာပါ " ဟု ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်က ပြောသည်။

အမှတ်တရ အလှဆင်ရုပ်များ ပြုလုပ်ရာတွင် အဓိက ကုန်ကြမ်းအဖြစ် ဂျပ်စက္ကူ၊ သတင်းစာစက္ကူလိုအပ်ပြီး ဆင်ပုံကြမ်း ၁၀ ရုပ်ပြုလုပ်လျှင် သတင်းစာစက္ကူ ၅၀ ကျပ်သား၊ ဂျပ်စက္ကူ ၅၀ ကျပ်သား၊ ကော်ပြုလုပ်ရန်အတွက် ဂျုံမှုန့် ၂၅ ကျပ်သား ကုန်ကျပြီး ဆင်ရုပ် ၁၀ ရုပ်အတွက် ၃၀၀ ကျပ်သား ကုန်ကျကာ ပြုလုပ်ပြီး ဆင်ရုပ်ပုံကြမ်းများကို အရန်သင့် ဖောက်သည်များထံ သွင်းပါက ၁၀ ရုပ်ကို ငွေကျပ် ၄၀၀၀ အထိ ရရှိကြောင်း သိရသည်။

"ဆင်ရုပ်လုပ်တဲ့ပညာက အရင်းအနှီးနည်းတယ်၊ အမြတ်များတယ်လေ။ အဓိကကတော့ စက္ကူပဲလိုတာ၊ ရောင်းဖို့ကတော့ ပူစရာမလိုဘူး၊ ကိုယ်နိုင်သလောက်ဝယ်တယ်၊ ကျွန်တော်တို့ဆို ဒီဆင်ရုပ်လုပ်တဲ့ အလုပ်နဲ့



မိသားစုနှစ်ပတ်လည် လုပ်စားနေရတာ၊ ဈေးကောင်း ရချင်ရင်တော့ လှောင်ထားပြီး ဆင်ပွဲနီးမှ ထုတ်ရောင်း၊ ကျွန်တော်တို့က ဖောက်သည်လည်းပေးတယ်၊ မှာရင်လည်း လုပ်ပေးတယ် " ဟု ဆင်ရုပ်ပြုလုပ်သူ ကိုနိုင်ထွန်း၏ ပြောပြချက်အရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မွန်းကျပ်နေတဲ့ ရန်ကုန်ကို လှုပ်နှိုးကြည့်ကြရအောင်



စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ မြို့ပြပုံရိပ်များလည်း တိုးတက်ပြောင်းလဲလာရာ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်၌ ဆောက်လုပ်ထားသည့် အထပ်မြင့်ဟိုတယ်များကို တွေ့ရစဉ်။

မိုးအကုန်ဆောင်းအကူး မြူခိုးဝေစပြုတဲ့ ရန်ကုန်နံနက်ခင်းကို ဆာကူရာတာဝါရဲ့ အထပ်အမြင့်ကနေ လှမ်းမျှော်ကြည့်ရင်း ဒဂုံတက္ကသိုလ် မြန်မာစာဌာနမှ ဒေါက်တာနုနုဝေ၏ အတွေးတို့က အတိတ်ကို ပြန်လည်ရောက်ရှိသွားပါတယ်။ ၁၉၇၃ခုနှစ် ရန်ကုန်ကို ရောက်ခါစနဲ့ ယနေ့ ရန်ကုန်ဟာ အများကြီး တိုးတက်ပြောင်းလဲလာခဲ့ပါပြီ။ ယနေ့ သူထိုင်နေတဲ့ ကော်ဖီဆိုင်ဆိုတာ ဖြစ်လာမယ်လို့ ရန်ကုန်တက္ကသိုလ် ကျောင်းသူဘဝ ပြီးတဲ့အထိ တစ်ခါမှ မတွေးမိခဲ့ပါဘူး။ အထပ်မြင့်ကနေ လှမ်းမြင်ရတဲ့ မီးရထားရုံးကြီးကိုလည်း မကြာခင်ကာလမှာ သစ်လွင်စွာ မြင်ရတော့မယ်။ ဆူးလေရှန်ဂရီလာဟိုတယ်ကြီးကလည်း မျက်စိရှေ့မှာ ဘောင်ခတ်ထားသလို မြင်ကွင်းတွေကို ကွယ်နေသေးတယ်။ ခပ်လှမ်းလှမ်းမှာလည်း ကြီးမားလွန်းတဲ့ ဆိုင်းဘုတ်တွေကြားကနေမြင်ရတဲ့ ရန်ကုန်ဘူတာကြီး အဆောက်အအုံအမိုးချွန်လေးဟာ ဖွံ့ဖြိုးမှုတွေကြားမှာ အားငယ်နေမလားလို့ သူတွေးနေမိတယ်။

သူ့လက်ထဲမှာတော့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က သုတေသနပြုရေးဆွဲထားတဲ့ ရန်ကုန်မြို့ပြ အခင်းအကျင်းသစ်တစ်ခုကို ကိုင်ထားမိလျက်သားဖြစ်နေပါတယ်။ ထိုင်နေရင်းနဲ့ နေရောင်ခြည် ပိုမိုတောက်ပလာတာနဲ့အမျှ မြူတွေလွင့်ပျယ်ပြီး များပြားလှတဲ့ ရောင်စုံမော်တော်ကားတွေဆီကနေ ထွက်လာတဲ့ မီးခိုးတွေ ဖုံးလွှမ်းလာတဲ့ မြို့လယ်ကောင်က ဆူညံစည်ကားလာတော့မယ်။ မိဘလက်ကိုတွဲပြီး အုပ်ဆိုင်းနေတဲ့ သစ်ပင်ကြီးတွေကြားကနေ လမ်းလျှောက်ပြီးသွားခဲ့ရတဲ့ နေထိုင်ရာ ပန်းဆိုးတန်းလမ်းမှတစ်ဆင့် ဗိုလ်ချုပ်လမ်းကရုပ်ရှင်ရုံတန်းတွေမှာ ပြဇာတ်ကြည့်တဲ့ကာလကို ပြန်အမှတ်ရသွားပြန်တယ်။ ရန်ကုန်ဟာ အသစ်တွေများလာပေမယ့် အထာမကျသေးတဲ့ ပြောင်းရွှေ့စအိမ်တစ်လုံးလို ပြုတ်စဗျင်းတောင်းနိုင်လာတာကိုတော့ ပြုပြင်ကြဖို့ လိုအပ်နေတယ်ဆိုတာ အသေအချာပါပဲ။

နိုင်ငံရဲ့ စီးပွားရေးအချက်အချာဖြစ်တဲ့ ရန်ကုန်က အပြောင်းအလဲကာလတစ်ခုကို ဖြတ်သန်းနေရတာပါ။ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ပေါ်ထွက်လာတာနဲ့အမျှ လာမယ့် ၁၀ နှစ်ကနေ ၁၅ နှစ်တာကာလမှာ ရန်ကုန်လူဦးရေကလည်း လက်ရှိထက် အဆများစွာ မြင့်လာနိုင်ပါတယ်။ အခုအချိန်မှာ မြို့ပြစီမံကိန်းကို ရေးဆွဲပြီး ဆောင်ရွက်မထားရင် အနာဂတ်မှာ ရှုပ်ထွေးကျပ်ညပ်တဲ့၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေနဲ့ ပြည့်နှက်နေတဲ့၊ နေချင့်စဖွယ် မရှိတဲ့၊ ကိုယ်ပိုင်လက္ခဏာ အသွင်အပြင် ပျောက်ဆုံးသွားတဲ့ မြို့တစ်မြို့ဖြစ်သွားနိုင်တယ်လို့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က သတင်းထုတ်ပြန်ထားပါတယ်။

ရန်ကုန်မြို့တည်နှစ်က အလွန်အမင်းကြာလွန်ခဲ့ပြီဖြစ်ပေမယ့် ကိုလိုနီတို့ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်ပြီးချိန်မှာ စနစ်တကျနဲ့ နေချင့်စဖွယ် သမိုင်းဝင်မြို့တစ်မြို့ကို ဖန်တီးပုံဖော်ခဲ့ကြပါတယ်။ ဆူးလေဘုရားကို ဗဟိုပြုလို့ တည်ဆောက်ထားခဲ့တဲ့ ရန်ကုန်မြို့ဧရိယာဟာ မူလကအတော်ကို ကျဉ်းမြောင်းခဲ့ပြီး တိကျတဲ့ အကွက်ချမှုတွေနဲ့ ဘာသာရေးအဆောက်အအုံတွေ၊ စီးပွားရေးအဆောက်အအုံတွေ၊ အစိုးရရုံးစိုက်ရာဌာနတွေ၊ အပန်းဖြေစရာနေရာတွေကို တည်ဆောက်ခဲ့ကြသလို မြေအောက်ရေဆိုးစနစ်၊ သောက်သုံးရေပေးဝေမှုစနစ်တွေအပြင် ဖောက်လုပ်ထားခဲ့တဲ့ လမ်းမကြီးတွေရဲ့ အသုံးဝင်မှုတွေဟာ ယနေ့တိုင်မပျောက်မပျက် ကျန်ရှိနေဆဲပါ။

သိပ်သည်းလာတဲ့ လူဦးရေနဲ့ ကျန်ရှိနေတဲ့ အဆောက်အအုံတွေဟာ သဟဇာတမဖြစ်နိုင်တော့သလို မြေနေရာသစ်တွေ ဖော်ထုတ်ခြင်းတွေဟာလည်း ခေတ်အဆက်ဆက်တိုးပွားလာခဲ့ပါတယ်။ အဟောင်းတွေအကြား အသစ်ထွက်ပေါ်လာတဲ့ မိုးမျှော်တိုက်တွေနဲ့ စနစ်မကျတဲ့ တည်ဆောက်မှုပုံစံတွေကြောင့် ရန်ကုန်သမိုင်းဝင်နေရာတွေဟာ ပျောက်ကွယ်လုနီးပါး ဖြစ်နေခဲ့ရတာကြောင့် ယခုကဲ့သို့ ပြန်လည်ဖော်ထုတ်ဖို့နှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြအင်္ဂါရပ်အဆင့်အတန်းမြင့်မားစေဖို့အတွက် ကြိုးစားနေကြရချိန်လည်း ဖြစ်ပါတယ်။

"ရန်ကုန်ကို အာရှတစ်ခွင်မှာ ဆွဲဆောင်မှုအရှိဆုံးနဲ့ နေချင့်စဖွယ်အကောင်းဆုံး မြို့တစ်မြို့ဖြစ်လာအောင်၊ ဘာသာတရား၊ ယဉ်ကျေးမှုနဲ့ ဗိသုကာဆိုင်ရာ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးတွေကို သင့်တင့်လျောက်ပတ်စွာနဲ့ အသုံးချနိုင်တဲ့ စိမ်းလန်းတဲ့ မြို့တစ်မြို့ဖြစ်လာအောင်၊ ရှိပြီးသားအမွေအနှစ်တွေနဲ့ အသစ်တွေကို အကောင်းဆုံး ယှဉ်တွဲထားနိုင်တဲ့ ဆိပ်ကမ်းမြို့ကြီးဖြစ်လာအောင်နဲ့ ဒေသတွင်းအခြားမြို့ကြီးတွေနဲ့ မတူကွဲပြားတဲ့ ဆန်းသစ်တီထွင်မှုတွေကို ရယူပြီး ရေရှည်တည်တံ့တဲ့ စီးပွားရေးဗဟိုချက်မြို့ကြီးဖြစ်လာအောင် အခုအချိန်မှာ စတင်ဆောင်ရွက်ရင် လက်လှမ်းမီနိုင်သေးတယ်ဆိုတာ အသေအချာပါပဲ" လို့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရဲ့ တာဝန်ရှိသူက ဖြေကြားပါတယ်။

မကြာမီ ချမှတ်မယ့် ဆုံးဖြတ်ချက်တွေဟာ ၂၁ ရာစုရဲ့ ကျန်ရှိတဲ့ကာလတွေမှာ ဖြစ်ပေါ်လာမယ့် ရန်ကုန်ကို ပုံဖော်နိုင်မယ်လို့ ယူဆရသလို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေနဲ့လည်း စတင်တည်ထောင်ချိန်ကနေ အခုချိန်ထိ လေးနှစ်တာကာလအတွင်းမှာ မြို့ပြစီမံကိန်းရေးရာကိစ္စတွေကို အစိုးရဌာန၊ ပြည်တွင်းပြည်ပ ပညာရှင်တွေအပါအဝင် အဖွဲ့အစည်းတွေ အများကြီးနဲ့ အကြိမ်များစွာ လေ့လာဆွေးနွေးခဲ့ပြီး အဆောက်အအုံစာရင်းတွေ ကောက်ယူတာ၊ လေ့လာဆန်းစစ်ချက်တွေလုပ်တာတွေ ဆောင်ရွက်ခဲ့ရတယ်လို့ ယင်းအဖွဲ့ရဲ့ သတင်းထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

အလေးပေးဆောင်ရွက်ဖို့နဲ့ အားလုံးပူးပေါင်းဆောင်ရွက်ကြမယ့် လုပ်ငန်းစဉ်တွေကို ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က အဆိုပြုထုတ်ပြန်ထားရာမှာ

(၁) မြို့၏ သူမတူထူးခြားသော သမိုင်းဝင်ဗိသုကာ အမွေအနှစ်များအား တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရန်၊
(၂) အများပြည်သူ အပန်းဖြေအနားယူနိုင်သော သဘာဝစိမ်းလန်းမြေကွက်လပ်များအား ထိန်းသိမ်းစောင့်ရှောက်ရန်၊
(၃) အသစ်ဆောက်လုပ်သော အဆောက်အအုံများသည် တည်ရှိပြီးဖြစ်သည့် သမိုင်းဝင်မြို့လယ်နှင့် လိုက်လျောညီထွေမှုရှိစေရန်၊
(၄) လူသွားလမ်းများမှာ လမ်းလျှောက်ရလွယ်ကူဘေးကင်းပြီး အများပြည်သူအတွက် ရည်ရွယ်သော လှပသည့် ဒီဇိုင်းများဖြစ်ရန်၊
(၅) ဘတ်စ်ကားများ၊ ကူးတို့များ၊ မီးရထားနှင့် စက်ဘီးအစရှိသည့် လွယ်ကူသက်သာ ကောင်းမွန်သော အများပြည်သူသုံး ပို့ဆောင်ရေးစနစ် ဖော်ဆောင်ရန်၊
(၆) မြို့နေပြည်သူများ၏ ဘာသာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်သမိုင်းဆိုင်ရာ တန်ဖိုးထားသည့် ပြယုဂ်ဖြစ်သော အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊
(၇) လုပ်ငန်းအမျိုးမျိုးဖြင့် စိုလွင်တက်ကြွသော မြို့၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရန်၊
(၈) သန့်ရှင်းသောပတ်ဝန်းကျင်၊ လေကောင်း လေသန့်နှင့်ရေကောင်းရေသန့်များဖြင့် မြို့နေလူထု၏ ကျန်းမာသော လူနေမှုဘဝများကို အထောက်အကူပြုရန်တို့ ပါဝင်ပါတယ်။

အာရှထဲက နေချင့်စဖွယ်အကောင်းဆုံးရန်ကုန်မြို့အဖြစ်ကို ပုံဖော်ပေးဖို့အတွက် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရဲ့ အခင်းအကျင်း တစ်ခုကို အများပြည်သူတွေနဲ့ မကြာမီကျင်းပတော့မယ့် ရွေးကောက်ပွဲဝင်ရောက်ကြမယ့် ပါတီတွေအပါအဝင် ကိုယ်စားလှယ်လောင်းတွေဆီ ဖြန့်ဝေလို့ အကြံဉာဏ်တွေ တောင်းခံထားတယ်လို့ သိရပါတယ်။

ပထမဆုံးကတော့ ရန်ကုန်မြို့လယ်ရဲ့ ထူးခြားချက်တွေကို ဆက်လက်ထိန်းသိမ်းထားပြီး စီးပွားရေးကို ပြန်လည် အသက်ဝင်လာစေဖို့ ကြိုးပမ်းကြမှာဖြစ်ပြီး အသစ်ဆောက်လုပ်မှုတွေကိုလည်း ပိုမိုကောင်းမွန်တဲ့ မြို့ပြပုံစံဖြစ်လာဖို့၊ ထိန်းသိမ်းစောင့်ရှောက်ဖို့ အရေးကြီးနေချိန်လည်း ဖြစ်ပါတယ်။

**မြို့လယ်ထိန်းသိမ်းစောင့်ရှောက်ရေးဇရိယာ**

ဒီဇရိယာဟာ ၁၉ ရာစုနှောင်းနဲ့ ၂၀ ရာစုအစောပိုင်း မြို့ပြအခင်းအကျင်း ထူးထူးခြားခြား မပြောင်းမလဲ ကျန်ရှိနေသေးတဲ့ ဇရိယာတစ်ခုဖြစ်ပါတယ်။ နိုင်ငံရဲ့သမိုင်းမှာ အရေးပါတဲ့နေရာတစ်ခုလည်းဖြစ်သလို တစ်မူထူးခြားစွာနဲ့ လူမျိုးဘာသာပေါင်းစုံ စုဝေးနေထိုင်တာကိုလည်း တွေ့နိုင်တဲ့နေရာတစ်ခုဖြစ်ပါတယ်။ လူနေထိုင်မှုတွေနဲ့ စီးပွားရေးလုပ်ငန်းကြီးတွေဟာလည်း ရောထွေးယှက်တင်တည်ရှိနေတဲ့အတွက် ကမ္ဘာ့ထိပ်တန်း ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းတွေ ဖြစ်လာစေမယ်လို့ သိရပါတယ်။

အခုလို ထူးခြားချက်တွေနဲ့ ပြည့်နေတာကြောင့် မြို့လယ်ထိန်းသိမ်းစောင့်ရှောက်မှု ဇရိယာဟာမြို့ရဲ့ စီးပွားရေးအနာဂတ်ကို မောင်းနှင်ပေးမယ့်နေရာအဖြစ် ဆက်လက်လို့ အနာဂတ်အတွက် အရေးကြီးတဲ့နေရာ ဖြစ်နေဦးမယ်လို့ လေ့လာဆန်းစစ်မှုများအရ သိရပါတယ်။ မြို့လယ်ထိန်းသိမ်းစောင့်ရှောက်ရေး ဇရိယာအများစုဟာ မပြောင်းလဲဘဲ ကျန်ရှိနေတဲ့ မြို့ပြအခင်းအကျင်းတွေ ဖြစ်ပါတယ်။ ဆက်လက်ထိန်းသိမ်းဖို့အတွက်တော့ အားလုံးမှာ တာဝန်ရှိနေတာပါ။

စာမျက်နှာ ၁၇ သို့




**မြို့ပြစီမံကိန်းကို ရေးဆွဲပြီး ဆောင်ရွက်မထားရင် အနာဂတ်မှာ ရှုပ်ထွေးကျပ်ညပ်တဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှုတွေနဲ့ ပြည့်နှက်နေတဲ့ နေချင့်စဖွယ် မရှိတဲ့၊ ကိုယ်ပိုင် လက္ခဏာ အသွင်အပြင် ပျောက်ဆုံးသွားတဲ့ မြို့တစ်မြို့ဖြစ်သွားနိုင်တယ်...**



*စာမျက်နှာ ၁၆ မှ*

**ရွှေတိဂုံပတ်ဝန်းကျင်နဲ့ သမိုင်းဝင်ဇရိယာ**

ရန်ကုန်သာမက မြန်မာတစ်နိုင်ငံလုံးရဲ့ အထွတ်အမြတ်ထားရာ စေတီတော်ကြီးဟာ အချက်အချာကျကျ တည်ရှိနေပါတယ်။ သမိုင်းဝင်နေရာတွေ၊ သာသနိက အဆောက်အအုံတွေနဲ့ စိမ်းလန်းမြေတွေဟာလည်း ဒီနေရာမှာ အတူအကွ တည်ရှိနေတာကိုတွေ့ရပါတယ်။ ဒီနေရာရဲ့ လူနေကျဲပါးမှုကို ဆက်လက်ထိန်းသိမ်းရမယ်လို့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က အဆိုပြုထားပြီး ဒီအထဲမှာ သမိုင်းဝင် ရန်ကုန်တက္ကသိုလ်ရဲ့ အနာဂတ်ကိုလည်း ထည့်စဉ်းစားဖို့ လိုအပ်တယ်လို့ သိရပါတယ်။ အဆိုပါ ရပ်ဝန်းထဲမှာ ရန်ကုန်တက္ကသိုလ်အပြင် ဝင်ဒါမီယာ၊ ပြည်သူ့ဥယျာဉ်၊ ကန်တော်ကြီး၊ တိရစ္ဆာန်ရုံ၊ မူလစစ်ရုံးနဲ့ ရွှေတောင်ကြား၊ ဝက်ပါလမ်းတို့အပြင် ကျိုက္ကဆံကွင်းအထိ သတ်မှတ်ထားတာကို တွေ့ရပါတယ်။

ဒါ့အပြင် ရွှေတိဂုံဘုရားပတ်ဝန်းကျင်တစ်ဝိုက် စိမ်းလန်းရပ်ဝန်းကိုလည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ဖို့ဟာ အနာဂတ်ရန်ကုန်အခင်းအကျင်းမှာ အဓိကကျနေတယ်ဆိုတာ အဖွဲ့က ထောက်ပြထားပါသေးတယ်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်ကြီးနဲ့ စေတီတော်ကို ဖူးမြော်နိုင်တဲ့ မြင်ကွင်းတွေကို အထူးအလေးထားပြီး ကာကွယ်စောင့်ရှောက်ဖို့နဲ့ ဆက်စပ်နေတဲ့ သာသနိက အဆောက်အအုံတွေနဲ့ ပန်းခြံဥယျာဉ်တွေကို စောင့်ရှောက်ဖို့ဆိုတာ အားလုံးပူးပေါင်းပါဝင်မှ အောင်မြင်မှာဖြစ်သလို စေတီတော်ကြီးနဲ့ ပတ်ဝန်းကျင်တစ်ခွင်ကို ခြုံငုံမိတဲ့ စီမံကိန်းတစ်ရပ်ကိုတော့ ရေးဆွဲဖို့ အချိန်အခါရောက်နေပြီဆိုတာကို ထောက်ပြထားပါတယ်။

**အသစ်ဆောက်လုပ်မှုတွေပေါ်ထွက်လာနိုင်တဲ့ ရန်ကုန်အရှေ့ခြမ်း**

ရန်ကုန်မြစ်နဲ့ ပုဇွန်တောင်ချောင်းတို့ပေါင်းစည်းတဲ့ နေရာဟာ ရန်ကုန်အရှေ့ခြမ်းဖြစ်ပါတယ်။ အခုချိန်အထိ အသစ်ဖော်ဆောင်နိုင်တဲ့ ဆောက်လုပ်ရေးတွေ အများကြီးတိုးချဲ့နိုင်တဲ့နေရာတွေဖြစ်သလို မြို့ပြပုံစံအသစ် ပေါ်ထွန်းလာနိုင်တဲ့ နေရာကောင်းတစ်ခုဖြစ်နိုင်တယ်လို့ အဖွဲ့က အဆိုပြုထားပါတယ်။ ဒါ့အပြင် အမွေအနှစ်အဆောက်အအုံတွေလည်း ထိခိုက်မှုသိပ်မရှိတဲ့ နေရာတွေဖြစ်တာမို့ အသစ်တိုးချဲ့နိုင်ဖို့ အလားအလာကောင်းတယ်လို့ သိရပါတယ်။

**ရန်ကုန်အနောက်ခြမ်းက စီးပွားရေးဇုန်ဖြစ်လာမလား**

အလုံ၊ ကြည့်မြင်တိုင်ဆိုတာ ရှေးယခင်ကတည်းက မြန်မာလူမျိုးတွေ အများဆုံးနေထိုင်ခဲ့တဲ့ ရပ်ကွက်နေရာတွေဖြစ်ပြီး အနောက်ဘက်ခြမ်း ဖွံ့ဖြိုးမှုဇရိယာအဖြစ် သတ်မှတ်နိုင်ဖို့ အဖွဲ့က အဆိုပြုထားပါတယ်။ အသစ်ဖော်ဆောင်မှုတွေကို လုပ်နိုင်တဲ့အပြင် ရန်ကုန်မြစ်ကြောတစ်လျှောက်ဟာ စီးပွားရေးနဲ့ စက်မှုလုပ်ငန်းတွေ အခြေပြုသင့်တဲ့ နေရာတစ်ခုဖြစ်ပြီး အခွင့်အလမ်းတွေ အများကြီး ပေါ်ထွက်လာနိုင်တယ်လို့ ဆိုထားပါတယ်။

လက်တွေ့မှာလည်း အဆိုပါအဖွဲ့ရဲ့ အကြံပြုမှု မတိုင်ခင်ကတည်းက ရန်ကုန်မြို့သစ် စီမံကိန်းလို ကိစ္စရပ်တွေနဲ့ မြေယာပြဿနာတွေ အများဆုံးဖြစ်နေတဲ့ နေရာတွေဖြစ်ပြီး လက်တွေ့ကျကျ ဖြေရှင်းပြေလည်နိုင်မယ့် နည်းလမ်းတွေကို သုံးစွဲနိုင်ခဲ့မယ်ဆိုရင် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရဲ့ အခင်းအကျင်းက ရုပ်လုံးပေါ်နိုင်တယ်ဆိုပြီး အိမ်ခြံ မြေလုပ်ကိုင်သူတွေက မျှော်မှန်းပါတယ်။


**ပေါင်းကူးဇုန်**

ဇရိယာလေးခုကို ပေါင်းကူးပေးဖို့အတွက် ရန်ကုန်ဘူတာကြီးယာဒ်ဝန်းကို ရည်ရွယ်ထားတယ်လို့ အဖွဲ့က အဆိုပြုထားပါတယ်။ ရန်ကုန်ဘူတာကြီးပတ်ဝန်းကျင် ဇရိယာဟာ အရှေ့ကဖော်ပြထားခဲ့တဲ့ ဒေသတွေအားလုံးရဲ့ အချက်အချာတစ်ခုဖြစ်နေပါတယ်။ မြို့ရဲ့ အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကို ဖြတ်သန်းသွားတဲ့ မီးရထားလမ်းပေါ်မှာလည်း ရှိနေတာမို့ အခရာကျတဲ့နေရာဖြစ်လာနိုင်တာကို ကြိုတင်တွက်ဆကြည့်ကြတာပါ။

သို့သော်လည်း ရန်ကုန်ဘူတာကြီးနယ်နိမိတ်ဟာ အလွန်ရှုပ်ထွေးပြီး ကျူးကျော်ပြဿနာတွေနဲ့ အခြားဖြေရှင်းဖွယ်ရာတွေကိုတော့ စုပေါင်းအဖြေရှာကြဖို့ လိုအပ်မယ်လို့ အိမ်ခြံမြေ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါက်တာစိန်မောင်က သုံးသပ်ပေမယ့် အဟောင်းနဲ့အသစ် ပေါင်းစပ်ပြီး အဆောက်အအုံတွေဖော်ထုတ်ဖို့ နေရာကောင်းတစ်ခုဖြစ်နေတာကတော့ အသေအချာပါပဲ။

**စိမ်းလန်းနယ်မြေ**

အဆောက်အအုံတွေကို ထိန်းချုပ်မှုတစ်ခုတည်းနဲ့တော့ နေချင့်စဖွယ် ရန်ကုန်ကို ဖော်ဆောင်နိုင်ဖို့ဆိုတာ မလုံလောက်ပါဘူး။ မြို့တွင်းမှာရှိနေတဲ့ ရေတွင်းရေကန်တွေ၊ စိမ်းလန်းနယ်မြေတွေကိုလည်း ဆက်လက်ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ကွန်ကရစ်ဂျန်ဂယ်လ်လို့ခေါ်ကြတဲ့ ပြဿနာဟာ အလွန်ကြီးထွားပါတယ်။ အနီးစပ်ဆုံး ယှဉ်ထိုးပြရရင် မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ကြောင်းသာခြားတဲ့ ရွှေလီမြို့မှာ သစ်တစ်ပင်တောင်ခုတ်ခွင့်မရှိသလို အမြန်ဆုံးပြန်လည်စိမ်းလန်းလှပတဲ့ မြို့ဖြစ်လာစေဖို့ မြန်မာနိုင်ငံက နှစ်ရှည်ပင်တွေကိုတောင် တင်သွင်းစိုက်ပျိုးနေကြပါတယ်။




အရိပ်ရအပင်ကြီးတွေနဲ့ သစ်ပင်ပန်းမန်တွေ ဝန်းရံထားတဲ့ လမ်းမကျယ်ကြီးတွေ၊ အဆင်ပြေပြေလမ်းလျှောက်သွားနိုင်မယ့် လူသွားလမ်းတွေနဲ့ ကျယ်ပြောတဲ့ ပန်းဥယျာဉ်တွေဟာ မြို့ရဲ့စိမ်းလန်းစိုပြည်မှုနဲ့ မြို့နေလူထုကျန်းမာရေးအတွက် အဓိကကျပါတယ်။

အဓိကကတော့ မြစ်ကမ်းနားတစ်လျှောက်နဲ့ ပုဇွန်တောင်ချောင်းတစ်လျှောက်မှာ စိမ်းလန်းစိုပြည်လာအောင် ဖန်တီးပြီး နဂိုရှိရင်း ပန်းမန်ဥယျာဉ်တွေနဲ့ ချိတ်ဆက်နိုင်မယ်ဆိုရင် နေချင့်စဖွယ် ဥယျာဉ်မြို့တော် ဖြစ်လာမယ်ဆိုပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က အဆိုပြုထားပါတယ်။

**အများသုံးပို့ဆောင်ရေးလမ်းကြောင်းကြီးတွေပေါ်ထွက်ဖို့**

အနာဂတ်ဖွံ့ဖြိုးမှုဆိုရာမှာ သယ်ယူပို့ဆောင်ရေးဟာလည်း အလွန်အရေးကြီးပါတယ်။ ယာဉ်ကြောကျပ်တာဟာ အကြောင်းများစွာပေါင်းစပ်ပါဝင်နေပါတယ်။ တံတားတွေဆောက်ရုံ၊ အမြန်လမ်းတွေဖောက်ရုံ၊ ယာဉ်တင်သွင်းမှုကန့်သတ်ရုံနဲ့ ရေတိုကန့်သတ်မှုတွေက လက်ပူတိုက်နေရတဲ့ အခြေအနေသာဖြစ်ပြီး အများသုံးသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေဖော်ဆောင်နိုင်ဖို့ လိုအပ်နေတဲ့ အချိန်အခါဖြစ်ပါတယ်။

မကြာမီမှာ အထပ်မြင့်အမြန်လမ်းမကြီးကို အကောင်အထည်ဖော်ဖို့အတွက် နိုင်ငံတော်ကလည်း ပြင်ဆင်နေတဲ့ အချိန်ဖြစ်ပါတယ်။ ဒါပေမယ့် မူလမီးရထားလမ်းကြောင်းကိုအခြေခံတဲ့ ခေတ်မီသယ်ယူပို့ဆောင်ရေးစနစ် (Mass Transit) ကိုလည်း ဖော်ဆောင်သင့်တယ်လို့ သိရပါတယ်။

ဥပမာအနေနဲ့ မြို့လယ်အမွေအနှစ်နဲ့ ရွှေတိဂုံစေတီဝန်းကျင်နေရာတွေမှာ မြေအောက်ရထားလမ်းပုံစံကို အကောင်အထည်ဖော်သင့်ပြီး အခြားနေရာတွေမှာ မိုးပျံရထားလမ်းတွေကိုလည်း တည်ဆောက်သင့်တယ်လို့ အဖွဲ့က သုံးသပ်ထားသလို ရထားလမ်းတစ်လျှောက်ရဲ့ လမ်းဆုံနေရာတွေမှာ မြို့ပြတည်ဆောက်မှုအသစ်တွေကို ဖော်ဆောင်သင့်ပြီး ပင်မပို့ဆောင်ရေးလမ်းကြောင်းဆိုင်ရာ နေရာမျိုးတွေကို မြို့ရဲ့ အဓိကအချက်အချာ နောက်တစ်ခုအဖြစ်နဲ့ ထားရှိနိုင်တယ်လို့ ထောက်ပြထားပါတယ်။

"ကောင်းတဲ့အရာတွေ အများကြီးရှိနေသေးတယ်။ တစ်ခါက ရန်ကုန်ကို Reform လုပ်လိုက်ရင် အများကြီးပိုကောင်းသွားမယ်။ အခွင့်အရေးလည်းရှိတုန်း၊ အခွင့်အခါလည်းသင့်တုန်းမှာ လုပ်ကြဖို့ပဲလိုပါတယ်။ အဆောက်အအုံတွေ ထိန်းသိမ်းရုံနဲ့တော့ မပြီးပါဘူး။ မြို့ပြစီမံကိန်းတစ်ခုဖြစ်လာဖို့ လိုအပ်ချက်တွေ အများကြီးရှိတာမို့ အားလုံးဝိုင်းဝန်းဆွေးနွေးပြီး မြို့ပြစီမံကိန်းကို ရေးဆွဲသင့်တယ်" လို့ ဒေါက်တာနုနုဝေက ဆိုပါတယ်။

(မြန်မာ့အလင်း)




**မြို့လယ်အမွေအနှစ်နဲ့ ရွှေတိဂုံစေတီ ဝန်းကျင်နေရာတွေမှာ မြေအောက်ရထားလမ်းပုံစံကို အကောင်အထည်ဖော်သင့်ပြီး အခြားနေရာတွေမှာ မိုးပျံရထားလမ်းတွေကိုလည်း တည်ဆောက်သင့်တယ်လို့ အဖွဲ့က သုံးသပ်ထားသလို ရထားလမ်းတစ်လျှောက်ရဲ့ လမ်းဆုံနေရာတွေမှာ မြို့ပြတည်ဆောက်မှုအသစ်တွေကို ဖော်ဆောင်သင့်ပြီး ပင်မပို့ဆောင်ရေးလမ်းကြောင်းဆိုင်ရာ နေရာမျိုးတွေကို မြို့ရဲ့ အဓိကအချက်အချာ နောက်တစ်ခုအဖြစ်နဲ့ ထားရှိနိုင်**

# သရေခေတ္တရာမှ ပျူစေတီလုံးများ

မောင်သာ(ရှေးဟောင်းသုတေသန)



ဘောဘောကြီးစေတီ

မြန်မာနိုင်ငံ၏ ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် သရေခေတ္တရာကို မြန်မာနိုင်ငံသားများသာမက ပြည်ပနိုင်ငံသားများကပါ သိရှိကြသည်။ လွန်ခဲ့သော နှစ် ၂၀၀၀ ဝန်းကျင်က ပျူမြို့ပြတစ်ခုဖြစ်ခဲ့သည့် သရေခေတ္တရာသည် နှစ်များစွာကပင်ထင်ရှားခဲ့သည့် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည်။ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က သရေခေတ္တရာအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က တရားဝင်သတ်မှတ်ခဲ့သည့်နောက်ပိုင်းတွင် သရေခေတ္တရာသည် ပြည်တွင်းပြည်ပခရီးသွားများအကြား ပိုမိုထင်ရှားကျော်ကြားလာခဲ့သည်။

မြန်မာနိုင်ငံရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့်ဟန်လင်းတို့အနက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောမြို့ဟု အဓိပ္ပာယ်ရသည့် သရေခေတ္တရာသည် အရွယ်အစားအကြီးဆုံးဖြစ်သည်။ သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့မှ အရှေ့တောင်ဘက်ငါးမိုင်အကွာ မှော်ဇာရွာတွင်တည်ရှိပြီး ဧရိယာ ၅ ဒသမ ၅ စတုရန်းမိုင်ကျယ်ဝန်း၍ မဝိုင်းစက်သော စက်ဝိုင်းပုံသဏ္ဌာန်ရှိကာ မြို့ရိုးပတ်လည်အလျားသည် ၈ မိုင် ၅ ဖာလုံရှိသည်။ မြေပုံအညွှန်းအရ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၇၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅ မိနစ်တွင်တည်ရှိသည်။ သရေခေတ္တရာသည် မြန်မာနိုင်ငံအတွင်း အေဒီတစ်ရာစုမှ အေဒီကိုးရာစုအကြား၌ ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံများအနက် အထင်ရှားဆုံးမြို့ဟောင်းတစ်ခုဖြစ်သည်။ သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်းက သရေခေတ္တရာကို ခရစ်မပေါ်မီ နှစ်ရာစုနှောင်းတွင် တည်ဆောက်ခဲ့သည်ဟု အဖြေထွက်ရှိကြောင်း "ဂြိဳကွေတြ (သရေခေတ္တရာ) မြို့ဟောင်း"ဆောင်းပါးတွင်ရေးသားခဲ့သည်။

သရေခေတ္တရာမြို့ဟောင်းကို ကျောက်စာဝန် ဒေါက်တာအီးဖော်ချားမား (Dr. E Forchmmer)က ၁၈၈၂ ခုနှစ်မှ ၁၈၈၄ ခုနှစ်အတွင်း ကွင်းဆင်းသုတေသနပြုခဲ့ပြီး ကျောက်စာဝန် မစ္စတာတော်စိန်ခိုနှင့် ပြင်သစ်ဗိုလ်ချုပ်ကြီး လီယွန်ဒီဗဲလီယေ (General Leon de Beylie) တို့က ၁၉၀၇ ခုနှစ်တွင် တူးဖော်သုတေသနပြုခဲ့ကြသည်။ နောက်ပိုင်းတွင် မစ္စတာတော်စိန်ခို၊ ဦးလူဖေဝင်း၊ မွန်ဆီယာဒူရွိုင်ဆယ် စသောကျောက်စာဝန်များသည် သရေခေတ္တရာကို ဒုတိယကမ္ဘာစစ်မဖြစ်မီအထိ အခါအားလျော်စွာ တူးဖော်ခဲ့ကြသည်။ သရေခေတ္တရာတူးဖော်မှုလုပ်ငန်းကို ခေတ်အဆက်ဆက်ပြုလုပ်ခဲ့ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သရေခေတ္တရာတွင် ယခုအချိန်အထိ ကုန်းပေါင်း ၅၇ ကုန်း တူးဖော်သုတေသနပြုခဲ့ပြီးဖြစ်သည်။

တစ်ချိန်က ပျူလူမျိုးများနေထိုင်ခဲ့သည့် ဒေသများတွင် ယနေ့တိုင်ထင်ရှားစွာ ကြွင်းကျန်နေသည့် အဆောက်အအုံများတွင် စေတီပုထိုးများလည်း အပါအဝင်ဖြစ်သည်။ ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ဒေသတစ်ခုဖြစ်သည့် သရေခေတ္တရာတွင် ဗုဒ္ဓဘာသာနှင့်ဆက်နွယ်သည့် အဆောက်အအုံများဖြစ်သည့် ပျူလက်ရာစေတီ၊ ပုထိုးများကို ယနေ့တိုင်မြင်တွေ့ကြရသည်။ ယင်း ရှေးဟောင်းဘာသာရေးအဆောက်အအုံများအား အကြမ်းအားဖြင့် (၁) ထူပခေါ်စေတီလုံးနှင့် (၂) ဂူဘုရားဟုနှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။

မြန်မာအဘိဓာန်တွင် ထူပါကို ပါဠိဘာသာ ထူပ၊ 'ထူပါစေတီ၊ ပုထိုး' ဟု လည်းကောင်း၊ ဂူဘုရားကို 'ကုလားကျောင်းခံ၍ ကွမ်းတောင်ပေါက်သော ဘုရား'ဟု လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထူပခေါ်စေတီလုံးသည် လုံးတော်ပြည့်အပိတ်တည်ဆောက်ထားသည့် စေတီအဆောက်အအုံဖြစ်ပြီး ဂူဘုရားသည်အောက်ပိုင်း၌ ဂန္ဓကုဋိ သို့မဟုတ် လေးထောင့်ကုလားကျောင်းခံကာအထက်တွင် စေတီလုံး သို့မဟုတ် ပစ္စယာပေါ်တွင် ကွမ်းတောင်ပေါက်ထားသော အဆောက်အအုံဖြစ်သည်။

သရေခေတ္တရာမြို့ဟောင်းတွင် ယနေ့တိုင်မြင်တွေ့ရသည့် ဘောဘောကြီး၊ ဘုရားကြီးနှင့် ဘုရားမာတို့သည် ထူပခေါ်စေတီလုံးများဖြစ်ကြပြီး ဘုရားထောင်၊ အရှေ့ဈေးဂူ၊ ဘဲဘဲဂူ၊ လေးမျက်နှာ၊ ရဟန္တာဂူ စသော အဆောက်အအုံများကို ဂူဘုရားများဟု ပညာရှင်များက သတ်မှတ်ခဲ့သည်။ သရေခေတ္တရာမြို့ရိုး၏အပြင်တွင်တည်ရှိနေသည့် ဘောဘောကြီး၊ ဘုရားကြီးနှင့် ဘုရားမာစေတီလုံးသုံးဆူတို့သည် တစ်ဆူနှင့်တစ်ဆူသုံးပွင့်ဆိုင် အနေအထားတည်ရှိနေကြသည်။ သရေခေတ္တရာမြို့ဟောင်းအတွင်း၌ ယင်းစေတီသုံးဆူကဲ့သို့ ထုထည်ကြီးမားသော စေတီလုံးများကို မတွေ့ရပါချေ။ ဘောဘောကြီးစေတီသည် တစ်ဖြောင့်တည်းသော ထုလုံးရှည်ပုံစံဖြစ်ကာ ဘုရားကြီးနှင့်ဘုရားမာတို့သည် တောင်ပုံသဏ္ဌာန်ဖြစ်ကြပြီး စက်လုံးပုံတစ်ဖြောင့်တည်းမဟုတ်ဘဲ ထိပ်ပိုင်းသို့ရှူးသွားကြသည်။ မြင်ဇာဟုစေတီသည်စေတီလုံးတစ်ဆူဖြစ်သော်လည်း ယခုခေတ်တွင် ပြန်လည်တည်ဆောက်ထားသဖြင့် ခေတ်လက်ရာများ ဖုံးလွှမ်းလျက်ရှိနေသည်။ သရေခေတ္တရာထွန်းကားခဲ့စဉ်ကာလက ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာတွင် စေတီတော်ကိုးဆူတည်ထားခဲ့ရာ ဘောဘောကြီး၊ ဘုရားကြီးနှင့်ဘုရားမာတို့လည်း အပါအဝင်ဖြစ်ကြောင်း ယူဆခဲ့ကြသည်။

**ဘောဘောကြီးစေတီ**

ဘောဘောကြီးသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်မြို့ရိုးအနီးတွင်တည်ရှိပြီး သရေခေတ္တရာရှိ ပျူခေတ်လက်ရာ ကြီးမားသောစေတီလုံးသုံးဆူအနက် ရှေးအကျဆုံးဖြစ်သည်။ ဘောဘောကြီးသည် ပစ္စယာငါးဆင့်ပေါ်ရှိ ပေ ၂၄၀ ကျယ်သော စက်ဝိုင်းပစ္စယံပေါ်၌ ထုလုံးရှည်တည်ထားသည့် အုတ်စေတီဖြစ်ပြီး စေတီလုံးတော်ကို ပြောင်းတိုင်သဖွယ် တစ်ဖြောင့်တည်း ဝိုင်းဝိုင်းမတ်မတ်တည်ထားသည်။ စေတီ၏ ထိပ်ပိုင်းအခုံးပေါ်တွင် ထီးတော်တင်ထားသည်။ ဘောဘောကြီးစေတီ၏ မူလပုံစံတွင် အတွင်းလိုဏ်ပါရှိခဲ့သော်လည်း နောက်ပိုင်းတွင် စေတီတော်ကြံ့ခိုင်ရေးအတွက် လိုဏ်ပေါက်အား ဝမ်းစာဖြည့်ကာပိတ်ခဲ့သည်။

စေတီ၏ဉာဏ်တော်အမြင့်သည် ၁၅၃ ပေဖြစ်ပြီး ဘုရားရှင်၏ သင်းကျစ်တော်နှင့် ဓာတ်တော်မွေတော်များ ဌာပနာကာတည်ထားခဲ့သော စေတီတစ်ဆူဖြစ်သည်ဟု အစဉ်အဆက်ယူဆခဲ့ကြသည်။ ၁၉၀၉-၁၉၁၀ ခုနှစ်အတွင်း "သရေခေတ္တရာမြို့ဟောင်းတွင် ရှာဖွေတွေ့ရှိရသော ကျောက်သလင်းစေတီငယ်တစ်ဆူသည် ဘောဘောကြီးစေတီပုံစံမျိုးဖြစ်သည်ဟု "ရှေးဟောင်းမြန်မာ့မြို့တော်များ"စာအုပ်တွင် ရေးသားထားသည်။ ထို့အပြင် "သရေခေတ္တရာမြို့ဟောင်းမှရရှိခဲ့သော အုတ်ခွက်အချို့တွင် ဘောဘောကြီးစေတီနှင့် ပုံစံဆင်သော စေတီပုံများကို မြင်တွေ့ကြရသည်"ဟုလည်း ဖော်ပြထားသည်။

ဘောဘောကြီးစေတီကို အေဒီခြောက်ရာစုနှင့် ၇ ရာစုတွင် တည်ထားခဲ့သည်ဟု ပညာရှင်များကယူဆခဲ့ကြပြီး ဘောဘောကြီးစေတီ၏ ထုလုံးရှည်ပုံစံကို အေဒီ ၁ ရာစုနှင့် ၂ ရာစုများအတွင်း အိန္ဒိယနိုင်ငံတွင်တည်ခဲ့သည့် စက်ဝိုင်းခြမ်းပုံရှိသည့် ဆန်ချီနှင့်အမရဝတီပုံစံများနှင့် နှိုင်းယှဉ်ကြသည်။ ဘောဘောကြီးသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဆာရ်နတ်အရပ်ဒေသရှိ ဓမ္မိက်စေတီနှင့်ပုံစံတူသည်။ သို့သော် ယခုခေတ်စေတီတော်များကဲ့သို့ ခေါင်းလောင်း၊ ဖောင်းရစ်၊ ကြာလှန်၊ ကြာမှောက်စသည့် ခေတ်ပေါ်စေတီလက္ခဏာများမပါရှိချေ။ ပုဂံရှိ ငကြွဲနားတောင်းစေတီသည် ဘောဘောကြီးစေတီနှင့်ပုံစံတူညီကြောင်း တွေ့နိုင်သည်။

**ဘုရားကြီးစေတီ**

ဘုရားကြီးစေတီသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်မြောက်ဘက် ပြည်-အောင်လံကားလမ်းဘေးတွင် တည်ရှိသည်။ ဘုရားကြီးစေတီ၏ ဉာဏ်တော်အမြင့်သည် ၁၃၉ ပေဖြစ်ပြီး လုံးပတ် ၃၀၇ ပေရှိသည်။ ဘုရားကြီးစေတီကို ဘုရားရှင်၏ ဓာတ်တော်အစစ်တစ်ဆူနှင့် လက်ယာခြေမခြေသည်းတော်ကို ဌာပနာခဲ့သည်ဟု ဆိုကြသည်။ စေတီတော်တည်ထားစဉ်က အေးအေးဆေးဆေးအချိန်ယူကာ တည်ထားခဲ့သဖြင့် အေးဆေးစေတီဟု လည်းကောင်း၊ ထုထည်ကြီးမားသောကြောင့် မဟာစေတီဟုလည်းကောင်း ခေါ်ဆိုခဲ့သည်။ စေတီတော်၏ပုံသဏ္ဌာန်သည် ပစ္စယာလေးဆင့်ပါရှိပြီး ထောင့် ၁၆ ခုပါဝင်သည့် ပစ္စယာသုံးဆင့်နှင့် ထိပ်ဆုံးတွင် အဝိုင်းပုံပစ္စယာရှိသည်။ အေဒီ ၄ ရာစုမှ ၇ ရာစုအတွင်း တည်ထားခဲ့သော ပျူခေတ်လယ်စေတီတော်ဖြစ်သည်။

ဘုရားကြီးသည် ယခုခေတ်စေတီတော်များ၏ သွယ်လျသောပုံစံ၏ ရှေ့ပြေးပုံဖြစ်သည်။ မြန်မာနိုင်ငံတွင် စေတီတော်များ တည်ထားကိုးကွယ်မှုသမိုင်းတွင် အစောဆုံးကာလစေတီတော်တစ်ဆူဖြစ်သည်။ ဘုရားကြီးစေတီတော်အနီးမှ ပျူစာများရေးထွင်းထားသည့် ကျောက်အရိုးအိုးလေးလုံးနှင့် မြေအရိုးအိုးတစ်လုံးတို့ကို ၁၉၁၂ ခုနှစ်ဝန်းကျင်က တူးဖော်ရရှိခဲ့သည်။ အရိုးအိုးတွင် ရေးထွင်းထားသောစာများအရ သရေခေတ္တရာတွင်စိုးစံခဲ့သော ဟရိဝိကြမမင်း၊ သိဟဝိကြမမင်း၊ သူရိယဝိကြမမင်းတို့၏အရိုးအိုးများဖြစ်ကြောင်း သိရှိခဲ့ရသည်။

**ဘုရားမာစေတီ**

ဘုရားမာစေတီသည် သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက် ပြည်-ပေါက်ခေါင်းကားလမ်းဘေး ကုန်းရိုးကျေးရွာအနီးတွင် တည်ရှိသည်။ စေတီတော်၏ပုံသဏ္ဌာန်သည် အခြေတွင်ပြောင်းရှည်ပုံရှိ၍ အပေါ်သို့ တောင်ပုံသဏ္ဌာန် တဖြည်းဖြည်းခုံးတက်သွားသည်။ ဘုရားမာသည် ဘုရားကြီးကဲ့သို့ပင် ပစ္စယာလေးဆင့်ပါရှိပြီး ထောင့် ၁၆ ခုပါဝင်သည့် ပစ္စယာသုံးဆင့်နှင့်အဝိုင်းပုံထိပ်ပစ္စယာရှိသည်။ ဘုရားမာစေတီသည် ဉာဏ်တော်အမြင့် ၁၃၈ ပေဖြစ်ပြီး လုံးပတ် ၃၁၂ ပေရှိသဖြင့် ဘုရားကြီးနှင့်အရွယ်တူသည်ဟု ဆိုနိုင်သည်။

ဘုရားကြီးနှင့်ဘုရားမာတို့သည် ဘောဘောကြီးစေတီကဲ့သို့ပင် ပစ္စယာအနိမ့်ပေါ်၌ စေတီလုံးပေါက်ကာ ထိပ်တွင်ထီးတင်ထားသည့် အဆောက်အအုံများဖြစ်ကြသည်။ သို့သော် ယင်းစေတီများသည် ဘောဘောကြီးနှင့်မတူဘဲ ထိပ်သို့ငှက်ပျောဖူးများသဖွယ် တဖြည်းဖြည်းချွန်သွားသည့်ပုံသဏ္ဌာန်ရှိသည်။ ဘုရားမာစေတီသည်လည်း ဒွတ္တဘောင်မင်းကြီး၏ ကုသိုလ်တော်ဖြစ်သည်ဟုဆိုကြပြီး ရှေးအခါက သရိုင်မာဟု ခေါ်ဆိုခဲ့ကြသည်ဟု သိရသည်။ ဘုရားမာကို အေဒီ ၄ ရာစုနှင့် ၉ ရာစုအတွင်း တည်ထားခဲ့ကာ ယခုတိုင်ရှေးမူမပျက်တည်ရှိနေသည်။

၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင် သရေခေတ္တရာ ပျူမြို့ဟောင်းတူးဖော်ရေးလုပ်ငန်းများကိုဆောင်ရွက်စဉ် ဘုရားမာအနီးမှ ကမ္ဘာကျော်ပျူကချေသည်ရုပ် ငါးရုပ်ကိုရရှိခဲ့သည်။

**ဆူးပုပ်ကုန်းစေတီ**

သရေခေတ္တရာတွင် ဘောဘောကြီး၊ ဘုရားကြီးနှင့် ဘုရားမာစေတီများကဲ့သို့ ထုထည်မကြီးမားဘဲ အရွယ်အစားသေးငယ်သော စေတီလုံးတစ်ခုကို ဆူးပုပ်ကုန်းအရပ်တွင်မြင်တွေ့ကြရသည်။ ဆူးပုပ်ကုန်းသည် သရေခေတ္တရာမြို့ဟောင်း၏တောင်ဘက် သောင်းပြည့်ကုန်း၏ မြောက်ဘက်တွင်ရှိသည်။ ယခင်က ယင်းစေတီတော်ကိုငုံ၍ စေတီတော်တစ်ဆူတည်ခဲ့သော်လည်း ထိုငုံထားသော အပြင်စေတီတော်သည် လုံးဝပျက်စီးသွားခဲ့သည်။ ဆူးပုပ်ကုန်းစေတီတော်သည် ၁၂ ပေမျှသာ ဉာဏ်တော်မြင့်သော်လည်း ပန်းတင်ခုံ၊ ခေါင်းလောင်း၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလှန်တို့ဖြင့် အနုစိတ်မွမ်းမံထားသည်ကိုလေ့လာနိုင်သည်။ ဆူးပုပ်ကုန်းစေတီနှင့် အလားတူစေတီငယ်တစ်ဆူကို ရှေးဟောင်းသုတေသနဌာနက ၁၉၂၇-၁၉၂၈ ခုနှစ်တွင် သောင်းပြည့်ကုန်းအရပ်၌ တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။

မြန်မာနိုင်ငံ၏ရှည်လျားသော သမိုင်းတစ်လျှောက် သမိုင်းအကြိုခေတ် (Proto Historic Period)ကာလ ဘီစီ ၁ ရာစုမှ အေဒီ ၉ ရာစုအတွင်း ထွန်းကားခဲ့သည့် ပျူမြို့ပြများနှင့်ပျူယဉ်ကျေးမှုများသည် မြန်မာနိုင်ငံ၏ ခိုင်မာသောယဉ်ကျေးမှု အထောက်အထားများအဖြစ် သရေခေတ္တရာအပါအဝင် ပျူမြို့ဟောင်းများတွင် ယနေ့တိုင်ကျန်ရှိနေပေသည်။ ပျူလူမျိုးများ တည်ဆောက်ခဲ့ကြသည့် သာသနိကအဆောက်အအုံများ၊ စေတီများ၊ မြို့ရိုးများသည် ပျူလူမျိုးများ၏ဗိသုကာနှင့် တည်ဆောက်မှုနည်းပညာ အဆင့်မြင့်မားမှုကို သက်သေထူလျက်ရှိသည်။

ပျူယဉ်ကျေးမှု အထောက်အထားများအား သရေခေတ္တရာအပါအဝင် ပျူမြို့ဟောင်းများသို့ သွားရောက်လည်ပတ်ကြည့်ရှုလေ့လာကြရာတွင် ပျူလူမျိုးများတည်ထားခဲ့သည့် ထူပခေါ်စေတီလုံးများအား ထင်ရှားသော ပျူခေတ်လက်ရာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးအဆောက်အအုံများအဖြစ် မြင်တွေ့ကြရသည်။ ထုထည်ကြီးမားသော အုတ်စေတီကြီးများကို တည်ထားခဲ့သည့် ပျူတို့၏ဗိသုကာပညာကို သရေခေတ္တရာရှိ ထူပခေါ်စေတီလုံးများတွင် ထင်ရှားစွာမြင်တွေ့နိုင်သဖြင့် သရေခေတ္တရာသို့ ရောက်ရှိလာကြသော ပြည်တွင်းပြည်ပခရီးသွားများသည် ယင်းစေတီလုံးများကို သွားရောက်လေ့လာ ဖူးမြော်လျက်ရှိကြပေသည်။



ဘုရားမာစေတီ

**မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် တစ်ချိန်က အထက်အညာပြည် မန္တလေးမှ မြန်မာပြည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း အတန်းသီးသီး၊ အလွှာအသီးသီးမှ ရွှေခါးပတ်များ ကိုယ်စီရယူပေးခဲ့သော ရိုးရာလက်ဝှေ့ သမားကောင်းကြီးများ ပေါ်ထွန်းယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ယခုတွင်လည်း အဆိုပါ လက်ဝှေ့သမားဟောင်းကြီးများသက်ရှိထင်ရှားရှိနေသေးသည်။ သူတို့သည် မြန်မာပြည်တစ်ဝန်းသာမက ပြည်ပနိုင်ငံများသို့ပင် သွားရောက်ယှဉ်ပြိုင်အနိုင်ယူထိုးသတ်ကာ ရွှေခါးပတ်များကို ရယူပေးပြီး မန်းရွှေခေတ်ကို ဖန်တီးခဲ့သူများဖြစ်သည်။**

# စောင့်ကြည့်ရမယ့် အထက်အညာရဲ့ ရိုးရာကျွားများထဲမှ ယူနိုက်တက်မျိုးဆက်သစ်များ တကယ်ပဲမန်းရွှေခေတ်ကို ပြန်ပို့နိုင်မည်လား

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ- မင်းထက်**

အတိတ်တစ်ချိန်က အထက်အညာမြို့တော် မန္တလေးမှ ရိုးရာလက်ဝှေ့လောကတွင် နည်းပြကောင်းများ၊ လက်ဝှေ့သမားကောင်းများ၊ ကလပ်ကောင်းများက အောင်မြင်မှုအသီးသီးကိုယ်စီရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ပြောရလျှင် တစ်ချိန်က မန္တလေးမြို့မှ ရိုးရာလက်ဝှေ့သမားများ ရွှေခေတ်တစ်ခေတ်ရှိခဲ့သည်။ ထိုစဉ်က အောင်မြင်မှုများရခဲ့သော်လည်း ယနေ့ မန္တလေးမြို့၏ ရိုးရာလက်ဝှေ့ တစ်ခေတ်ပြန်ပေါ်ထွန်းလာချိန်တွင် မျိုးဆက်သစ်အင်အားနည်းမှု၊ နည်းပြအင်အားနည်းမှု၊ ကလပ်အင်အားနည်းမှုများနှင့်အတူ ရန်ကုန်ကလပ်များကဲ့သို့ အမှီအခိုပြုစရာ သီးသန့်ရိုးရာလက်ဝှေ့ရုံမရှိခြင်းအပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် အဘက်ဘက်မှ အားနည်းယိမ်းယိုင်လျက်ရှိကြောင်း မန္တလေးရိုးရာလက်ဝှေ့လောကသားများထံမှ သိရသည်။

သို့မို့ကြောင့် ယခုနှစ်အတွင်းမှ မန္တလေး မဟာအောင်မြေမြို့နယ်တွင် ယခုနှစ်မှ စတင်တည်ထောင်သည့် ယူနိုက်တက်ရိုးရာလက်ဝှေ့ကလပ်မှ နည်းပြချုပ်နှင့် အားကစားသမားများကို သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ယူနိုက်တက်ကလပ်ကို မျိုးဆက်သစ်လေးများဖြင့် မကြာမီကမှ စတင်တည်ထောင်ထားပြီး ယခုနှစ် ဇန်နဝါရီလတွင် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ စာရင်းပေးမှတ်ပုံတင်ခဲ့ကြောင်း သိရသည်။ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ရန်ကုန်မြို့၌ ကျင်းပလျက်ရှိသော မျိုးဆက်သစ်ပွဲသို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်ကာ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ထားသည့် ကလပ်လည်းဖြစ်သည်။

"ကျွန်တော် ဒီယူနိုက်တက်ကလပ်ကို အခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ဖြစ်တာပါ။ အရင်ကတော့ စွမ်းကေကေ ကလပ်မှာနည်းပြ လုပ်ခဲ့သေးတယ်။ အခုကလပ်မှာရှိတဲ့ ကလေးတွေကိုလည်း သင်ပေးသလို၊ ရိုးရာလက်ဝှေ့ဝါသနာပါတဲ့ ကလေးတွေကိုလည်း အခမဲ့သင်ပြပေးနေပါတယ်။ ဒါကလည်း အထက်မြန်မာပြည် ရိုးရာလက်ဝှေ့လောက တစ်ချိန်ကလို တစ်ခေတ်ပြန်ဆန်းလာအောင် ကိုယ်တတ်နိုင်တဲ့ဘက်က အသက်သွင်းပေးတဲ့သဘောပါ။ အခုက ကျွန်တော်တို့ ထိုးတုန်းကခေတ်လို မဟုတ်တော့ဘူး။ မျိုးဆက်သစ်တွေက အလွန်ရှားသွားပြီ။ မွေးမြူဖို့လည်း တော်တော်ခက်ခဲလာတယ်"ဟု ယူနိုက်တက်ကလပ်ကို တည်ထောင်ထားသည့် ကိုမိုးလေး (ယူနိုက်တက်ကလပ်နည်းပြချုပ်၊ မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့နည်းပြချုပ်)က ပြောသည်။

ယူနိုက်တက်ကလပ်ကိုတည်ထောင်ပြီး မျိုးဆက်သစ်ဝါသနာရှင်လေးများကို အခမဲ့ ပညာသင်ကြားပေးနေသော ကိုမိုးလေးသည် တစ်ချိန်က အထက်မြန်မာပြည် လက်ဝှေ့ကျော် ကျားသစ်ရဲအောင်၏တပည့်ဖြစ်ပြီး လက်ဝှေ့သမားဘဝ ပွဲပေါင်း ၂၀၀ ကျော်ကို နိုင်ငံတစ်ဝန်းလှည့်လည် ထိုးသတ်ခဲ့သည့် လက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။ ပွဲပေါင်း ၂၀၀ ကျော်ကို ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ငါးပွဲသာ ရှုံးနိမ့်ခဲ့သည့် အထက်မြန်မာပြည် လက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။ စည်းကမ်း ပိုင်းဆိုင်ရာနှင့် စည်းစနစ်ကျနမှုတို့ကြောင့် တပည့်တပန်းများစွာကို အောင်မြင်မှုရအောင် မွေးထုတ်ပေးနိုင်ခဲ့သည့် နည်းပြချုပ် တစ်ဦးလည်း ဖြစ်သည်။ လက်ရှိ မွေးမြူထားသည့် မျိုးဆက်သစ် လူငယ်နှစ်ဦးသည်လည်း တစ်ဦးက ၁၀ ပွဲ၊ တစ်ဦးက ပွဲ ၂၀ ဝန်းကျင် ယှဉ်ပြိုင်ထိုးသတ်ထားသော်လည်း ရှုံးနိမ့်မှု မရှိသေးသည်ကို တွေ့ရသည်။ သူသည် ၁၉၈၆ ခုနှစ်က မြန်မာ့ရိုးရာလက်ဝှေ့လောကသို့ ဝင်ရောက်လာပြီး ၁၉၉၇ ခုနှစ် ၁၀ နှစ်ကျော်ကာလအထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့သူ ဖြစ်သည်။




"ကျွန်တော်တို့ လက်ဝှေ့ထိုးတုန်းက ထိုးကြေးတစ်ပွဲကို ငွေကျပ် ၁၅၀၊ ၂၀၀ နဲ့စခဲ့ရတာ။ နောက်ဆုံး ထိုးကြေးအမြင့်ဆုံးကတော့ ငွေကျပ် ၃၀၀၀၀ ပဲရခဲ့တယ်။ အဲဒီနောက်ဆုံးထိုးကြေး ၃၀၀၀၀ ကို နားခါနီး တောင်ငူနဲ့ တမူး မြို့မှာ ထိုးတုန်းကပဲရခဲ့တယ်။ ခုခေတ်ထိုးကြေးတွေနဲ့တော့ကွာတယ်။ ထိုးခဲ့တဲ့ အချီတွေနဲ့လည်း မတူဘူး။ အဲဒီ ကျွန်တော်တို့ ထိုးတုန်းက ၁၀ ချီ၊ ၁၂ ချီခေတ် ပေါ့။ ပထမတန်းက ၁၂ ချီ။ ခုနောက်ပိုင်းမှ တဖြည်းဖြည်းနဲ့အချီတွေက လျှော့လျှော့လာတယ်။ ဒါဟာကောင်းတဲ့ လက္ခဏာတစ်ရပ်တော့ မဟုတ်ဘူး။ ပြည်ပလက်ဝှေ့သမားတွေနဲ့ထိုးရင် သက်လုံကောင်းဖို့ အဓိကလိုအပ်တယ်။ ကျွန်တော်တို့ ၁၀ ချီထိုးခဲ့တဲ့ ကာလတုန်းက အချီ ၂၀ လောက် လေ့ကျင့်ခဲ့ရတာ။ ဒါကြောင့် အခုကလေးတွေကိုလည်း ငါးချီထိုးမယ်ဆိုရင် ၁၀ ချီစာလောက်အထိ ကျွန်တော်လေ့ကျင့်ပေးတယ်"ဟု နည်းပြချုပ် ကိုမိုးလေးက ထပ်မံရှင်းပြသည်။

ယူနိုက်တက်ကလပ်သည် ယခုနှစ် ရန်ကုန်မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲသို့ ပထမအကြိမ်က တစ်ခါ၊ ဒုတိယအကြိမ်ကတစ်ခါ လာရောက်ထိုးသတ်ဖူးခဲ့သည့် ကလပ်တစ်ခုဖြစ်သည်။ ပထမအကြိမ်လာရောက်ထိုးစဉ် လက်ဝှေ့သမား၊ နည်းပြချုပ်နှင့် အကူလူများကို နေစရာ၊ စားစရာအပြည့်အစုံစီစဉ်ပေးသော်လည်း ယခုနောက်ပိုင်းတွင် ကစားသမားတစ်ဦးအတွက်သာ လမ်းစရိတ်၊ စားစရိတ်တို့ကို စီစဉ်ပေးခဲ့သောကြောင့် နောက်မျိုးဆက်သစ်ပွဲတွေ ဖိတ်လျှင်သွားကစားရန် အခက်အခဲရှိနေကြောင်း သိရသည်။ ထို့အပြင် တစ်နှစ်စာဆန်ဖိုးငွေ ကျပ် ၂၆၀၀၀၀ ကူညီထောက်ပံ့သည်ဆိုသော်လည်း အမှန်တကယ်ငွေ နှစ်သိန်းသာတိတိရရှိခဲ့ကြောင်း ကလပ်အချို့ နည်းပြချုပ်များထံမှ သိခဲ့ရသည်။

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ရိုးရာလက်ဝှေ့ နိုင်ငံတကာအဆင့်မီစေရန် ရည်ရွယ်၍ သိမ်ဖြူအားကစားရုံကို ရိုးရာလက်ဝှေ့ အားကစားရုံအဖြစ် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် မျိုးဆက်သစ်ပွဲများကို ယခုနှစ်အတွင်း စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။ ယခု နိုဝင်ဘာ ၁ ရက်တွင် ကျင်းပမည့်ပွဲနှင့်ဆိုလျှင် (၉)ကြိမ်မြောက် ရှိပြီဖြစ်သည်။ သို့သော် ယခုအကြိမ်အထိ နိုင်ငံတစ်ဝန်းမှ မျိုးဆက်သစ်များ ပါဝင်ထိုးသတ်မှုအင်အားမှာ နည်းနေသေးကြောင်း သိရသည်။ မျိုးဆက်သစ်ပွဲဟုဆိုသော်လည်း တချို့ပွဲများဆိုလျှင် ရွှေခါးပတ်ချန်ပီယံများပင် တက်ရောက်ထိုးသတ်နေသည်ကိုတွေ့မြင်နေရသည်။ အထူးသဖြင့် နယ်ဝေးကလပ်၊ အသင်းငယ်လေးများက လာရောက်ထိုးသတ်မှုနည်းနေသေးပြီး ရန်ကုန်ကလပ်အများစုကသာ ဝင်ရောက်ထိုးသတ်နေသည်များရှိနေကြောင်း သိရသည်။

"ကျွန်တော် ရန်ကုန်မှာကျင်းပတဲ့ မျိုးဆက်သစ်ပွဲကို သွားထိုးဖူးပါတယ်။ ရတာနဲ့ ကုန်တာကပိုများနေပါတယ်။ နောက်ပွဲတွေကိုတော့ ကျွန်တော် သွားထိုးဖြစ်တော့မှာ မဟုတ်ပါဘူး။ ဒီအတိုင်း ဆက်သွားနေရင်ပေါ့။ ကျွန်တော်က ဝါသနာတော်တော်လေးပါလို့ ဒီလောကထဲကို ဝင်လာတာပါ။ သုံးတန်းနှစ်ကတည်းက စထိုးဖြစ်ပါတယ်။ နောက် ပြိုင်ဘက်မရှိတော့လို့ ခြောက်တန်းနှစ်မှာ ပြန်ထိုးရင်းအခုလိုစွဲစွဲမြဲမြဲ ထိုးဖြစ်သွားတာပါ။ ရိုးရာလက်ဝှေ့သမားတွေထဲမှာ အားကျတာကတော့ ကိုဖျံသွေး၊ ကိုရဲသွေးနီနဲ့ ကိုသပြေညို ကိုအားကျပါတယ်။ ကျွန်တော့်ရည်မှန်းချက်ကတော့ အထက်မြန်မာပြည်နဲ့ မြန်မာတစ်နိုင်ငံလုံးချန်ပီယံဖြစ်သည့်အထိ ရည်ရွယ်ထားပါတယ်"ဟု ယူနိုက်တက်ကလပ်မှ မျိုးဆက်သစ်လက်ဝှေ့ကျော် ကျော်စွာဝင်းက ပြောသည်။




အထက်မြန်မာပြည်ယူနိုက်တက်ကလပ်မှ မျိုးဆက်သစ်လက်ဝှေ့ကျော် ကျော်စွာဝင်းသည် အသက် ၁၃ နှစ်ကျော်သာရှိသေးပြီး ပွဲပေါင်း ၂၀ ကျော် ယှဉ်ပြိုင်ထိုးသတ်ထားကာ ယနေ့တိုင် ရှုံးပွဲမရှိစံချိန်တင်ထားနိုင်သည့် မျိုးဆက်သစ် လက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။ ၎င်းသည် သုံးတန်းနှစ် အရွယ်ကတည်းက လက်ဝှေ့ စတင်ထိုးသတ်ခဲ့သူဖြစ်ကာ အထက်မြန်မာပြည်နှင့် မြန်မာနိုင်ငံ ချန်ပီယံဖြစ်ရန် ရည်ရွယ်ထားသူ တစ်ဦးဖြစ်ပြီး လက်ရှိတွင် ယူနိုက်တက်ကလပ် တွင် လေ့ကျင့်နေသူတစ်ဦး ဖြစ်သည်။

**(မြန်မာ့အလင်း)**

**အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အိုလံပစ် ကော်မတီက ရိုးရာ လက်ဝှေ့ နိုင်ငံတကာ အဆင့်မီစေရန် ရည်ရွယ်၍ သိမ်ဖြူအားကစားရုံကို ရိုးရာလက်ဝှေ့ အားကစားရုံအဖြစ် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် မျိုးဆက်သစ်ပွဲများကို ယခုနှစ်အတွင်း စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိ**



ယူနိုက်တက်ကလပ်မှ မျိုးဆက်သစ်များ လေ့ကျင့်နေစဉ်။

ခ ရီ း သွ ာ း ဆ ေ ာ င် း ပါ း

# မြင်ကွင်းပသာဒ ဆန်းသစ်မှုများနှင့် ကတော့ပုံကျွန်းသို့တစ်ခေါက်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံ-မောင်ချစ်ကြည်



**ရေပြင်တွင် ရုပ်တိုက်ပြေးနေသော စက်လှေသံက ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်လျက်ရှိသည်။ ရေပြင်ပတ်လည်ဝိုင်းနေသည့် ကျွန်းများက မှိုင်းညို့ညို့ဖြင့် အစိမ်းရင့်ရင့်အသွင်ဆောင်ကာ တည်ငြိမ်မှုအပြည့်ရှိနေသည်ကို အဝေးမှလှမ်းမြင်ရသည်။ အရွယ်အစားစုံ၊ ပုံသဏ္ဌာန်စုံ၊ မြင်ကွင်းစုံသောကျွန်းများ၊ ခပ်လှမ်းလှမ်းတွင်ငါးဖမ်းစက်လှေကြီးများ၊ ရေယာဉ်ငယ်များ ခုတ်မောင်းသွားလာနေကြသည်။ ဒေသခံများ၏ ငါးဖမ်းလှေငယ်များကို ဟိုတစ်စင်းစ သည်တစ်စင်းစ မြင်တွေ့ရသည်မှာ ရေပြင်တွင် သက်ဝင်လှုပ်ရှားနေသော ပန်းချီကားတစ်ချပ်သဖွယ်။ ကျွန်တော်တို့စက်လှေက လန်ပိကျွန်းကိုဦးတည်မောင်းနှင်နေခြင်းဖြစ်သည်။**

"လန်ပိကျွန်းကို မကြာခင်ရောက်တော့မှာပါ" ဟု စက်လှေပေါ်တွင် အတူလိုက်ပါလာသော ဒေသခံတစ်ဦးက ပြောသည်။ ခပ်ဝေးဝေးမှ မှုန်ပျပျအစိမ်းရောင်ရင့်ရင့်ကျွန်းတစ်ကျွန်းကို လက်ညှိုးထိုးပြီး ပြသသဖြင့် သေသေချာချာကြည့်ရှုလိုက်ရာ ကတော့ပုံသဏ္ဌာန်ကျွန်းတစ်ကျွန်းကို လှမ်းမြင်လိုက်ရသည်။ ကျွန်တော်ရောက်ဖူးချင်နေသော လန်ပိကျွန်း၊ ကော့သောင်းမြို့ကို အကြိမ်ကြိမ် ရောက်ခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ရောက်ရန်အခွင့်မသာခဲ့။ ဒီတစ်ခေါက်တော့ မရောက်ရောက်အောင်သွားမည်ဟု အားခဲထားသဖြင့် အထမြောက်ခဲ့လေပြီ။

လန်ပိကျွန်းကို ဦးတည်ခုတ်မောင်းနေသော စက်လှေပေါ်လိုက်ပါရင်း လန်ပိကျွန်းအကြောင်း တွေးနေမိသည်။ လန်ပိကျွန်းကား တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်း တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄၅၅ မီတာမြင့်ပြီး အကျယ်အဝန်းမှာ ၂၀၅ စတုရန်းကီလိုမီတာခန့်ရှိရာ ကျယ်ဝန်းကြီးမားသော ကျွန်းတစ်ကျွန်းလည်းဖြစ်သည်။ တာဝန်ရှိသူများက အကြိမ်ကြိမ်လာရောက်စစ်ဆေးလေ့လာခဲ့ပြီးနောက် သဘာဝတောရိုင်းတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ၊ သတ္တဝါမျိုးစိတ်နှင့် ငှက်မျိုးစိတ်များစွာ ရှင်သန်ကျက်စားတည်ရှိနေသဖြင့် ၁၉၉၆ ခုနှစ် ဩဂုတ် ၂၀ ရက်မှ စတင်ကာ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

"ဒါ လန်ပိကျွန်းလေ" ဟု ပခုံးကိုပုတ်ပြီးပြောလိုက်သဖြင့် ရှေ့တူရူသို့ ကြည့်လိုက်ရာ ရေပြင်တွင် ထိုးထွက်နေသော စိမ်းညို့ညို့ တောင်ထွတ်တစ်ခုကို ဘွားခနဲမြင်တွေ့လိုက်ရသည်။ ကြည်လင်နေသော ရေပြင်ထက်တွင် စိမ်းစိမ်းစိုနေသည့် ကျွန်းမှာ ရေထဲတွင်ချထားသော ကတော့ပုံသဏ္ဌာန် အစိုင်အခဲကြီးတစ်ခုသဖွယ် မြင်တွေ့ရသည်။ အချို့နေရာတွင် ကျောက်သားကျောက်စိုင်များကို အတိုင်းသားမြင်ရပြီး သဘာဝပေါက်ပင်များက ကမ်းခြေတစ်လျှောက်၌ အစီအရီတွေ့မြင်ရသည်။

လန်ပိကျွန်းမှာ အရှည် ကီလိုမီတာ ၅၀ ခန့်ရှိပြီး အနံမှာ ၁၁ ကီလိုမီတာခန့်ရှိကာ အကျယ်အဝန်းမှာ ၂၀၅ စတုရန်းကီလိုမီတာရှိကြောင်း သိရသည်။ ကော့သောင်းမြို့မှ ၉၅ ကီလိုမီတာအကွာတွင် တည်ရှိနေသော လန်ပိကျွန်းကို ပြည်တွင်း ခရီးသွားအချို့နှင့် ပြည်ပခရီးသွားများ လာရောက်လေ့လာကြသည်။ စက်လှေခရီးစဉ်ဖြင့် လာရောက်နိုင်သည်ဖြစ်ရာ ပင်လယ်ပြင်အလှ၊ ကျွန်းစုများအလှ၊ ဒေသခံပြည်သူတို့၏ လှုပ်ရှားသွားလာမှုနှင့် သင်္ဘောရေယာဉ်များ ခုတ်မောင်းသွားလာနေမှုများက စိတ်အသွင်ကို အမြင်ဆန်းကာ လန်းဆန်းစေသည်မှာ အမှန်ပင်။ သန့်ရှင်းလတ်ဆတ်သောလေ၊ ကြည်လင်အေးမြသော ရေပြင်တို့ကြောင့် ပတ်ဝန်းကျင်မြင်မြင်သမျှ စိတ်နှလုံးအေးချမ်းစရာများချည်းအဖြစ် ခံစားရသည်။

လန်ပိကျွန်းကမ်းခြေကိုချဉ်းကပ်နေသော စက်လှေက စက်အရှိန်ကို သိသာစွာလျှော့ချလိုက်သည်။ ကမ်းခြေနှင့် လွှက်ကင်းသည်အထိ ရေပြင်သို့ ထိုးထွက်တည်ဆောက်ထားသော ကမ်းခြေကပ် သစ်သားတံတားတစ်စင်းကို တွေ့ရသည်။ တံတားပေါ်တွင် လူတစ်ဦးစ၊ နှစ်ဦးစကိုတွေ့ရပြီး ကျွန်းမှ ပြန်ထွက်ရန် စက်လှေတစ်စင်းပေါ် ဆင်းသက်နေကြသည်။ စက်လှေဆိုက်ကပ်ပြီးနောက် သစ်သားတံတားပေါ်မှလျှောက်ကာ လန်ပိကျွန်းပေါ်တက်ခဲ့သည်။ လန်ပိကျွန်းပေါ် ကျွန်တော်ရောက်ခဲ့ပြီ။

"လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်" ဟူသော အစိမ်းရောင်အောက်ခံပေါ်တွင် အဖြူရောင်ဖြင့် ခပ်ဝိုင်းဝိုင်းရေးသားထားသော ဆိုင်းဘုတ်ကိုမြင်တွေ့လိုက်ရသည်။ အနီးတွင် မြေစိုက်အဆောက်အအုံတစ်ခု တည်ရှိနေပြီး မြင့်မားသောသစ်ပင်များကို အနီးဝန်းကျင်တွင် တွေ့မြင်ရသည်။ ကမ္ဘာလှည့် ခရီးသွားအချို့နှင့် ဒေသခံအချို့ သွားလာလှုပ်ရှားနေကြသည်ကိုလည်း တွေ့ရသည်။

မြေလမ်းအတိုင်း ကျွန်တော်တို့ ဖြည်းဖြည်းချင်းလျှောက်ကာ ပတ်ဝန်းကျင်ကို လေ့လာမိသည်။ အောက်ခြေရှင်းပြီး မြင့်မားသော အပင်များက ဖြောင့်တန်းစွာ မတ်မတ်ပေါက်ရောက်နေသည်။ နေရောင်က မြေပြင်ပေါ်သို့ အပင်များအရွက်များကို ဖြတ်သန်းကျဆင်းနေရာ အလင်းပြောက်များအဖြစ် ကွက်တိကွက်ကြား ဖြစ်နေသည်။ အချို့နေရာများတွင် အပင်အုပ်အုပ်များက မြေကြီးတွင်ကပ်ပြီး ပေါက်နေရာ အရွယ်အစား သေးငယ်သော ငှက်လေးများက ဟိုမှသည်မှ ပျံသန်းလျက်ရှိသည်။ လန်ပိကျွန်းက ရေနှင့် ကုန်းနှစ်သွယ် နေထိုင်ကျက်စားသည့် သတ္တဝါမျိုးစိတ်များကို အကောင်းဆုံး လေ့လာနိုင်သည့် ကျွန်းတစ်ကျွန်းလည်းဖြစ်ကြောင်း သိရသည်။


အပင်မြင့်ထက်ဆီမှ ငှက်သံတစ်သံကိုကြား၍ မော့ကြည့်လိုက်ရာ ပင်လယ်ပျော်သိမ်းငှက်တစ်ကောင် ထပျံသွားသည်ကို တွေ့ရသည်။ အဖြူရောင်နှင့် စပ်ကြားရောင်ရောပြွမ်းနေသော သိမ်းငှက်က ရေပြင်ဘက်ဆီသို့ ပျံသန်းသွားရာ အစာရှာထွက်သွားခြင်းဖြစ်မည်ဟု တွေးမိသည်။ အချို့အပင်ကိုင်းများပေါ်တွင် ငဟစ်ငှက်နှင့်ဆင်တူသော ငှက်တစ်မျိုးကို တွေ့ရသည်။ မည်သည့် ငှက်ဟူ၍ တိတိကျကျမသိရ။ လန်ပိကျွန်းပေါ်တွင် ငှက်မျိုးစိတ်များစွာ၊ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ငှက်မျိုးများနှင့် ကုန်းရေနှစ်သွယ်နေထိုင်ကျက်စားသည့် သတ္တဝါများစွာ ရှိနေသည်။ အပင်၊ ရေနေသတ္တဝါမျိုးစိတ်နှင့် အခြားတိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

လန်ပိကျွန်းအတွင်း ဒေသခံတံငါရွာအချို့လည်း ရှိနေသည်။ လန်ပိကျွန်းကမ်းခြေနှင့်နီးသော နေရာတွင် တံငါရွာများက ပင်လယ်ပြင်တွင် ငါးဖမ်းခြင်း၊ လှေအငှားဝန်ဆောင်မှုပေးခြင်းတို့ဖြင့်လည်း လုပ်ကိုင်ကြသည်။ လှေအငှားဝန်ဆောင်မှုက တစ်ခါတစ်ရံတွင်သာ လုပ်ကိုင်လေ့ရှိပြီး အများအားဖြင့် ရေလုပ်ငန်းများ လုပ်ကိုင်ကာ မိသားစုဘဝ နေ့စဉ်ဖြတ်သန်းနေကြခြင်းဖြစ်သည်။

*စာမျက်နှာ ၂၁ သို့*

**အရွယ်အစား သေးငယ်သော ငှက်လေးများက ဟိုမှသည်မှ ပျံသန်းလျက်ရှိသည်။ လန်ပိကျွန်းက ရေနှင့်ကုန်းနှစ်သွယ် နေထိုင်ကျက်စားသည့် သတ္တဝါမျိုးစိတ်များကို အကောင်းဆုံး လေ့လာနိုင်သည့် ကျွန်းတစ်ကျွန်းလည်းဖြစ်**





စာမျက်နှာ ၂၀ မှ

လန်ပိကျွန်းအတွင်း တဖြည်းဖြည်းချင်း ဝင်ရောက်လေ့လာခဲ့ရာ ဒရယ်၊ တောကြောင်နှင့် ရှဉ့်တို့ကို မြင်တွေ့ရသည်။ ဒရယ် တစ်ကောင်ကို ခပ်လှမ်းလှမ်းမှ ရုတ်တရက် မြင်တွေ့ခြင်းဖြစ်ပြီး စက္ကန့်ပိုင်းသာ တွေ့လိုက်ရသဖြင့် ဓာတ်ပုံရိုက်သော်လည်း မရခဲ့။ ဒရယ်ကတောတွင်း၌ လျင်မြန်စွာ ပြေးလွှားနိုင်သော သတ္တဝါဖြစ်သည်။ ရှဉ့်များက သစ်ပင်အမြင့်ပေါ်တွင် ပြေးလွှားနေသည်ကို အတိုင်းသား မြင်တွေ့နေရသည်။ အန္တရာယ်ပေးမည်မဟုတ်သဖြင့် လွတ်လပ်ပေ့ါပါးစွာ သွားလာနေကြခြင်း ဖြစ်သည်။


လန်ပိကျွန်းကို အပြင်ဘက်မှ စက်လှေဖြင့် ပတ်ကြည့်ရန် ကမ်းခြေသို့ ပြန်ဆင်းခဲ့သည်။ စက်လှေကို ဖြည်းဖြည်းမောင်းခိုင်းကာ ကမ်းခြေတစ်လျှောက် လေ့လာဖြစ်သည်။ မြေပြင်ပေါ်သို့ အမြစ်များစွာ ထွက်ပေါ်နေပြီး ဝေဟင်သို့ မြင့်မားစွာ ပေါက်ရောက်နေသော သစ်ပင်များ၊ ရေသောက်မြစ်များက ကြီးမားစွာဖြင့် ရေစပ်အထိ ဆင်းကာ ရှင်သန်နေသော အပင်များကို တွေ့မြင်ရသည်။ တစ်နေရာ၌ ပန်းပွင့်များ ပင်စည်များ၌ ပေါက်နေသဖြင့် မော့ကြည့်ရာ သစ်ခွရိုင်းများဖြစ်ကြောင်း သိရသည်။

လန်ပိကျွန်းအနီး ရေပြင်တွင် လှေငယ်တစ်စင်းပေါ်၌ တံငါသည်နှစ်ဦး မှိန်းထိုးတံဖြင့် ငါးဖမ်းရန် အသင့်ပြင်ဆင်နေသည်ကို တွေ့ရသည်။ ကင်မရာကို အမြန်ချိန်ပြီး ခလုတ်နှိပ်လိုက်ရာ လှေလှုပ်သွားသဖြင့် ပုံကောင်းမရ၊ ထပ်မံပြီးကင်မရာ ချိန်လိုက်သည့်အခါ လှေငယ်ပေါ်တွင် ပုံမှန်အတိုင်း တံငါသည်နှစ်ဦး လုပ်စရာရှိသည်များကို လုပ်ဆောင်နေသဖြင့် ဓာတ်ပုံရိုက်လိုက်နိုင်သော်လည်း ပုံရိပ်က စိတ်တိုင်းကျမရ။ စက်လှေက ဖြည်းဖြည်းချင်း သွားနေရသဖြင့် လန်ပိကျွန်းဘက်သို့ ပြန်ကြည့်မိသည်။

လန်ပိကျွန်းက တောင်မှမြောက်သို့ ရေမိုင် ၂၀ ခန့်ရှိပြီး အရှေ့မှ အနောက်သို့ ရေမိုင် ၁၀ ခန့် ကျယ်ဝန်းသည်ဟု ဒေသခံတစ်ဦးက ပြောပြသည်။ လှိုင်းလေတည်ငြိမ်သဖြင့် ရေပြင်တွင် စက်လှေဖြင့် သွားရသည်မှာ အဆင်ပြေသည်။ ကျွန်းကမ်းစပ်တွင် တစ်ခါတစ်ရံ ကြွံတစ်ကောင်စ၊ နှစ်ကောင်စမြင်တွေ့ရသည်ဟု စက်လှေမောင်းနှင်သူကပြောသဖြင့် သေသေချာချာအာရုံစိုက်ကြည့်သော်လည်း အချိန်အတော်ကြာအထိ မတွေ့ရ။

လန်ပိကျွန်းသည် တောင်ပိုင်းနှင့် မြောက်ပိုင်းဟူ၍ နှစ်ပိုင်းရှိသည်။ ကျွန်း တောင်ပိုင်းတွင် တံငါရွာအချို့ရှိနေပြီး ကျွန်းမြောက်ပိုင်းတွင် ကျေးငှက်များနားခိုမှု ပိုမိုများပြားကြောင်း သိရသည်။ လှေစီးခြင်း၊ ရေကူးခြင်း၊ ငှက်ကြည့်ခြင်းနှင့် ရေပျော်နေ ဆလုံလူမျိုးအချို့၏ လှုပ်ရှားမှုကိုလည်း တွေ့မြင်နိုင်သည်။ ယခုအခါ ဟိုတယ်နှင့်ခရီးသွား

**မြေပြင်ပေါ်သို့ အမြစ်များစွာ ထွက်ပေါ်နေပြီး ဝေဟင်သို့ မြင့်မားစွာ ပေါက်ရောက်နေသော သစ်ပင်များ၊ ရေသောက်မြစ်များက ကြီးမားစွာဖြင့် ရေစပ်အထိဆင်းကာ ရှင်သန်နေသော အပင်များကို တွေ့မြင်ရသည်**



လာရေးဝန်ကြီးဌာန စီစဉ်ခွင့်ပြုမှုဖြင့် ကော့သောင်းခရိုင်အတွင်းရှိ လန်ပိကျွန်းအပါအဝင် မြောက်တော်ဝင်ကျွန်း၊ အောက်ကျွန်းနီကျွန်း၊ ကိုဖော့ကျွန်း၊ ကျွန်းဖီလာနှင့် လိုဏ်ဂူကျွန်းတို့အပါအဝင် ကျွန်းအတော်များများကို ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လေ့လာအပန်းဖြေနေကြပြီဖြစ်သည်။

လန်ပိကျွန်းအနီး ရေကြမ်းပြင်အောက်တွင် ရှင်သန်နေသောသစ်ပင်များ၊ သန္တာကျောက်တန်းများနှင့် ရေနေသတ္တဝါများကို ရေအောက်ငုပ်လျှိုးပြီး လေ့လာနိုင်သလို လက်တွေ့လည်း လာရောက်လေ့လာနေကြသည်ကို တွေ့ရသည်။ ရေကူးခြင်း၊ ရေလွှာလျှောစီးခြင်းအပြင် အပန်းဖြေခြင်းတို့အတွက် ခွင့်ပြုထားပြီးဖြစ်ရာ ယခုပွင့်လင်းရာသီရောက်လာပြီဖြစ်၍ ပိုမိုလာရောက်ကြတော့မည်ဖြစ်သည်။

လန်ပိကျွန်းပတ်လည်ကို နှစ်နာရီခန့်လေ့လာကြည့်ရှုခဲ့ရာ လှေငယ်အချို့ပေါ်တွင် တံငါသည်အချို့ငါးဖမ်းရန် သွားလာနေကြသည်ကို တွေ့ရသည်။ တစ်ဖန်ဒေသအတွင်း ကုန်တင်ရေယာဉ်ငယ်အချို့ ခုတ်မောင်းသွားလာနေကြပြီး အချို့ရေယာဉ်များက ကျွန်းအနီးတွင် ကျောက်ချရပ်နေကြသည်ကို တွေ့ရသည်။ လန်ပိကျွန်းကို ရေပြင်မှ စက်လှေဖြင့် ကြည့်ရှုလေ့လာပြီးနောက် ကော့သောင်းမြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။ ရေပြင်ပြာပြာ၊ ကျွန်းစိမ်းညို့ညို့တို့က တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့သည်။ ပွင့်လင်းရာသီရောက်ပြီဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာအပန်းဖြေကာ ဗဟုသုတရှာမှီးကြလေဦးမည်ဟုတွေးကာ လန်ပိကျွန်းကို သမင်လည်ပြန်ငေးကြည့်ရင်း စိတ်ထဲကနှုတ်ဆက်နေမိတော့သည်။

# အချစ်ဆုံးက ဘယ်သူလဲ

တင်မောင်သန်း

အိမ်က ကလေးတွေကိုတော့ ပြောကိုမပြောချင်ပါဘူး။ မိဘတွေ ဘယ်လောက် ပင်ပန်းရတယ်ဆိုတာလည်း သူတို့မသိဘူး။ ပြောစကားလည်း နားမထောင်ချင်ကြဘူး။ သူတို့လုပ်ချင်ရာ လုပ်နေကြတယ်လေ။ ကျေးဇူးရှင် ကြွေးရှင်လေးတွေလေ။ အရင်ဘဝ က သူတို့ဆီမှာ ကျေးဇူးတွေ အကြွေးတွေရှိခဲ့လို့ လိုက်လာပြီး ပြန်ယူနေကြတာ။ ပြန်ဆပ်နေရမှာပေ့ါလေ။

တချို့မိဘတွေက အဲဒီလိုပဲ ညည်းတတ်ကြတယ်။ သူတို့ကလေးတွေရဲ့ကောင်းကြောင်းကို ပြောလေ့မရှိကြဘဲ မကောင်းကြောင်းကိုသာ ညည်းတွားလေ့ရှိကြတယ်။ ကလေးတွေအတွက် ဘယ်လိုအနစ်နာခံ ရတဲ့အကြောင်း၊ ကလေးတွေက သူတို့ကျေးဇူးတွေနဲ့ မိဘမေတ္တာကို နားမလည်တဲ့အကြောင်း၊ မိဘတွေမှာ တာဝန်ရှိတဲ့အတွက် သူတို့အတွက် လုပ်ကို လုပ်ပေးရမှာ ဖြစ်တယ်လို့ မှတ်ယူနေကြတဲ့အကြောင်းစုံလို့ ဖောက်သည်ချတတ်ကြတယ်။ သာမန်အားဖြင့် သူတို့ကို မကောင်းပြော မိဘတွေလို့ဘဲ ခေါ်ရမှာလား။ သူတို့ဝသီပေ့ါ။ စိတ်ထဲကတော့ မပါကြပါဘူး။ မိဘဆိုတော့ သားသမီးကို ချစ်တာပါပဲ။

ကလေး မရှိတဲ့ လင်မယားတွေကို တွေ့ကြတဲ့အခါများမှာလည်း သူတို့က ပြောတတ်ကြတယ်။

"ရှင်/ခင်ဗျားတို့ အလွန်ကံကောင်းတာပဲ။ နှောင့်ယှက်မယ့်သူ မရှိဘူးနော်။ အေးချမ်းလိုက်တာ။ ကောင်းလိုက်တာ။ ကျွန်တော်/ကျွန်မတို့မှာဖြင့်လေ အဲဒီလိုမဟုတ်ဘူး။ ပင်ပန်းလိုက်တာလွန်ပါရောလား။"

ဒါပေမယ့် တကယ်မှာတော့ သားသမီးမဲ့ လင်မယားအပေါ်မှာ စာနာစိတ်နဲ့ နှစ်သိမ့်စကားပြောကြတာမျိုးပါ။ ပါးစပ်က ဘယ်လိုပဲ မကောင်းပြောနေပေမယ့် သားသမီးတွေအတွက် ပင်ပန်းရတာတွေ၊ အနစ်နာခံရတာတွေကို စိတ်ထဲမှာကြိတ်ပြီး ဂုဏ်ယူဝမ်းသာနေကြတဲ့သူတွေပါ။

မှန်ပါတယ်လေ။ သားသမီးတွေနဲ့ မိဘတွေအကြားမှာ နားမလည်မှုလေးတွေတော့ ရှိတတ်စမြဲပါ။ မဆန်းပါဘူး။ အထူးသဖြင့် မြီးကောင်ပေါက်အရွယ်ရောက်လာတဲ့ အချိန်မျိုးမှာပါ။ သူတို့တွေရဲ့ အတွေ့အကြုံနဲ့ သူတို့ပေါင်းသင်းနေထိုင်ရာ ပတ်ဝန်းကျင်တို့ဟာ မိဘတွေရဲ့ မေတ္တာနဲ့ ကျေးဇူးတရားတွေကို နားလည်နိုင်လောက်အောင်တော့ မရင့်ကျက်သေးပါဘူး။

မြီးကောင်ပေါက် အရွယ်ကျော်လို့ အသက် ၂၀ ထဲကို ရောက်လာချိန်မှာလည်း နားလည်ဖို့၊ သိတတ်ဖို့ဆိုတာ သာမန်အားဖြင့် အလွန်ကိုခက်ခဲပါသေးတယ်။ ကိုယ့်ကိုကိုယ် မိဘတွေရဲ့နေရာမှာထားပြီး စဉ်းစားဖို့ဆိုတာ ဒီအရွယ်တွေမှာ အတော်လေးကို မဖြစ်နိုင်သေးပါဘူး။

အဲ. . . အိမ်ထောင်ကျပြီးတဲ့အချိန်၊ ကိုယ်တိုင်ကလေးတွေရလာတဲ့ အချိန်၊ ရင့်ကျက်သွားတဲ့ အချိန်။ ဒီလိုအချိန်မျိုး ရောက်ကြတဲ့အခါမှာတော့ မိဘရဲ့ကျေးဇူး၊ မိဘရဲ့မေတ္တာ။ ဒါတွေ အားလုံးရဲ့တန်ဖိုးတွေကို နားလည်လာတတ်ကြပြီပေ့ါ။ ဒါတောင်မှ မေတ္တာဆိုတာ စုန်သာဆင်းတတ်ပြီး ဆန်မတက်တတ်တဲ့သဘောတွေကြောင့် မိဘတွေဘက်ကို သိပ်ပြီး ပြန်မလှည့်နိုင်တာမျိုးတွေလည်း ရှိတတ်ကြပါတယ်။ မိဘတွေဘက်ကို ပြန်လှည့်တဲ့ အချိန်မှာ နောက်ကျသွားတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ကဲ. . . ဒီတစ်ခါတော့ မိဘနောက်တစ်မျိုးအကြောင်းပြောကြတာပေ့ါ။ ဒီမိဘမျိုးတွေက သားသမီးအကြောင်း အကောင်းပဲပြောလေ့ရှိကြတယ်။ သူတို့ကလေးတွေဟာ ဘယ်လိုတော်တာ၊ ဘယ်လို ဉာဏ်ကောင်းတာ၊ ဘယ်လိုလူလည်ကျတတ်တာ စသည်ဖြင့် ဂုဏ်ယူဝမ်းသာစွာ ပြောပြလေ့ရှိကြတယ်။ အားကစားတို့လို ပြိုင်ပွဲတွေမှာလည်း သူတို့သားသမီးတွေက ရွယ်တူပြိုင်ဘက်တွေအပေါ်မှာ ဘယ်လိုအနိုင်ယူနိုင်တာ။ အဲဒါမျိုးတွေကိုလည်း မမောတမ်းမပန်းတမ်းပြောပြလေ့ရှိကြတယ်။ သူတို့ကလေးတွေ အသာစီးရရင်၊ အနိုင်ရရင် ဟန်မဆောင်တမ်းလည်း ဝမ်းသာတတ်ကြတယ်။ ကလေးတွေကို အလိုလိုက်တယ်။ ပြီးတော့ အလျှော့ပေးဖို့လည်း အဆင်သင့်ပဲ။ ခွင့်လွှတ်ဖို့လည်း အဆင်သင့်ပဲ။ သူတို့စိုးရိမ်တာက သိပ်တင်းကျပ်တဲ့ စည်းမျဉ်းတွေနဲ့ ကိုင်တွယ်မယ်။ ရိုက်နှက်ဆုံးမမယ်။ ဒီလိုနည်းတွေသုံးမယ်ဆိုရင် သူတို့သားသမီးတွေဟာ ကြောက်တတ် သွားမယ်။ တွန့်ဆုတ်သွားမယ်။ လူတော မတိုးရဲဖြစ်သွားမယ်။ ပြတ်သားတဲ့ ဆုံးဖြတ်ချက်မျိုးတွေ မချတတ်သူတွေ ဖြစ်သွားမယ်။ ဒါတွေကို စိုးရိမ်တဲ့အတွက် အလိုလိုက် အကြိုက်ဆောင်ရင်း ညင်သာစွာပဲ ထိန်းကျောင်းကိုင်တွယ်သွားတတ်ကြတယ်။ ဒီဆောင်းပါးမှာ သူတို့ကိုတော့ အကောင်းပြော မိဘတွေလို့ပဲ အမည်တပ်လိုက်မယ်။ သူတို့က သားသမီးတွေရဲ့ကောင်းကြောင်းသာပြောပြီး တတ်နိုင်သလောက် အကောင်းဆုံးလည်း ထားတာကိုး။

ကလေးမဲ့ စုံတွဲတွေနဲ့တွေ့တဲ့အခါမျိုးတွေမှာလည်း မှတ်ချက်ပေးလေ့မရှိကြဘဲ စာနာတဲ့ မျက်လုံးနဲ့သာ ကရုဏာသက်ကြောင်း ဖော်ပြလေ့ရှိကြတယ်။



ဒီလို အလိုလိုက် အကြိုက်ဆောင်ထားပေမယ့်လည်း ကလေးတွေဘက်က မကျေနပ်နိုင်တာမျိုးလေးတွေလည်း တစ်ခါတစ်ရံ ရှိနေတတ် သေးပါတယ်။ အခုလို ခေတ်ကြီးမှာ ကလေးတွေရဲ့ လိုလားချက်တွေ လိုအပ်ချက်တွေဟာ အလွန်ကို ကြီးမားကျယ်ပြန့်နေပြီလေ။ လူ့အလို နတ်မလိုက်နိုင်သလိုပါပဲ။

စာမျက်နှာ ၂၃ သို့

**သားသမီးတွေနဲ့ မိဘတွေအကြားမှာ နားမလည်မှုလေးတွေ တော့ ရှိတတ်စမြဲပါ။ မဆန်း ပါဘူး။ အထူးသဖြင့် မြီးကောင်ပေါက် အရွယ်ရောက် လာတဲ့ အချိန်မျိုးမှာပါ**

**နိုင်ငံတကာရေးရာသတင်းဆောင်းပါး**

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# အဆုံးမမြင်နိုင်သည့် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ



စက်တင်ဘာလ ဂျူးနှစ်သစ်ကူးကာလမှ စတင်ခဲ့သည့် ပါလက်စတိုင်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများမှာ တစ်လနီးပါးကြာလာသော်လည်း အဆုံးသတ်မည့် အရိပ်အယောင်မတွေ့ရသေးပေ။

ဂျေရုဆလင်မြို့ ဘာသာရေးနယ်မြေအတွင်းမှ စခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် ဂျေရုဆလင်တစ်မြို့လုံးသာမက အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသအထိ ပျံ့နှံ့ခဲ့သည်။

တစ်လအတွင်း၌ပင် သေနတ်ပစ်ခတ်မှု၊ ဓားထိုးမှုစသည့် အကြမ်းဖက်မှုများကြောင့် အစ္စရေးလူမျိုးငါးဦး သေဆုံးခဲ့သည်။ အစ္စရေးလုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အနည်းဆုံးပါလက်စတိုင်း ၂၆ ဦး သေဆုံးသွားခဲ့ပြီဖြစ်သည်။

> **အနာဂတ်မျှော်လင့်ချက်ကင်းမဲ့နေသည့် ပါလက်စတိုင်းလူငယ်များ၏ တစ်ကိုယ်တော်တိုက်ခိုက်မှုများကို အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်းဆောင်နှစ်ဦးက မည်သည့်အတိုင်းအတာအထိ ထိန်းချုပ်နိုင်မလဲ၊ ၎င်းမေးခွန်းအတွက် အဖြေမရှိလျှင် အစ္စရေးပါလက်စတိုင်းပဋိပက္ခမှာ အဆုံးမမြင်နိုင်သေးပါဟု အေပီသတင်းဌာနမှ ဂျိုးဇက်ဖက်ဒါမန်က ဝေဖန်သုံးသပ်ထား**

၎င်းတို့အနက် ၁၀ ဦးမှာ အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်သဖြင့် လုံခြုံရေးတပ်ဖွဲ့များက ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ကျန် ၁၆ ဦးမှာ အဓိကရုဏ်းဖြစ်ပွားစဉ် ၎င်းတို့က ခဲများဖြင့်ပစ်ပေါက်ခဲ့သဖြင့် အစ္စရေးရဲများက ပစ်ခတ်နှိမ်နင်းစဉ် သေဆုံးခဲ့ကြခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိသူ ပါလက်စတိုင်းလူမျိုးများရာချီရှိနေသည်။ အစ္စရေးနှင့်ပါလက်စတိုင်းပဋိပက္ခပြေငြိမ်းရေး ဆွေးနွေးညှိနှိုင်းမှု၌ ရလဒ်ကောင်းများ ထွက်လာစရာမရှိပုံရသည့်အခါတွင် အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ခဲ့သည်ဟု သိရသည်။

ယခုတစ်ကြိမ် ပါလက်စတိုင်းများ၏ အကြမ်းဖက်တိုက်ခိုက်မှုသည် အစ္စရေးခေါင်းဆောင်များကို အကျပ်ရိုက်စေခဲ့သည်။

ရာစုနှစ်ထက်ဝက်ကျော် အဖိနှိပ်ခံဘဝအဆုံးသတ်ပြီး လွတ်လပ်သည့်နိုင်ငံဖြစ်မည့် အခွင့်အလမ်းများမှာလည်း ပိတ်ဆို့ခံနေရသည့် ပါလက်စတိုင်းပြည်သူတို့မှာ မျှော်လင့်ချက်ကင်းမဲ့နေကြသည်။ နှစ်ရှည်လများ သံတမန်ဆွေးနွေးပွဲများ၌လည်း သဘောတူညီချက်မရဘဲ ပျက်ပြားသွားသည့်အပြင် လတ်တလောအကြမ်းဖက်မှုများ တိုးမြှင့်လာခြင်းကြောင့် အစ္စရေးနှင့်ပါလက်စတိုင်း စစ်ပွဲအသစ်ကြီး (Intifada)တစ်ခု အစပျိုးနေပြီလားဟု စိုးရိမ်မှုများရှိနေကြသည်။

အစ္စရေးတို့က ဂျေရုဆလင်မြို့ရှိ Temple Mount ဘာသာရေးနယ်မြေကို အပိုင်သိမ်းရန် လျှို့ဝှက်ကြံစည်နေသည်ဆိုသည့် ကောလာဟလသတင်းများကြောင့် ဂျူးနှစ်သစ်ကူးကာလတွင် အကြမ်းဖက်မှုများ စတင်လာခြင်းဖြစ်သည်။

ဂျူးတို့က Temple Mount ဟု သတ်မှတ်ထားသော ဘာသာရေးအထွတ်အမြတ်နယ်မြေတွင် အစ္စလာမ်ဘာသာဝင်တို့၏ တတိယအထွတ်အမြတ်အထားဆုံး အယ်အက်စာဗလီဝတ်ကျောင်းလည်းရှိနေသည်။

၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲပြီးဆုံးပြီးနောက်တွင် ထိုဘာသာရေးနယ်မြေကို မွတ်စလင်များက ဆက်လက်အုပ်ချုပ်စီမံခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ သဘောတူထားသည့်အစီအစဉ်အရ ထိုဘာသာရေးမြင့်မြတ်နယ်မြေအတွင်းသို့ မွတ်စလင်မဟုတ်သူများ ဝင်ရောက်လည်ပတ်ခွင့်ရှိသော်လည်း ဝတ်ပြုရှိခိုးခွင့်မပြုပေ။

ယခုနှစ်များအတွင်း ထိုမြင့်မြတ်နယ်မြေသို့ လာရောက်လည်ပတ်သည့် ဂျူးလူမျိုးအရေအတွက် တိုးလာသည့်အပြင် ဂျူးလူမျိုးများ ပိုမိုဝင်ရောက်ခွင့်ရရှိရေးကို ဘာသာရေးတက်ကြွလှုပ်ရှားသူများက တောင်းဆိုနေကြသဖြင့် အစ္စရေးအစိုးရက အစီအစဉ်ပြောင်းရန် ကြံစည်နေသည်ဟု ပါလက်စတိုင်းတို့က စိုးရိမ်နေကြသည်။

ထိုနယ်မြေကို ဘာသာရေးအရလည်းကောင်း၊ အမျိုးသားရေးအရလည်းကောင်း အရေးပါသည့်နေရာအဖြစ် ပါလက်စတိုင်းတို့က အပြင်းအထန်ကာကွယ်နေကြသည်။

အရှေ့အလယ်ပိုင်းတွင် အကြမ်းဖက်မှုများ ပျံ့နှံ့နေမှုကြောင့် အယ်အက်စာဗလီကြီး ဖျက်ဆီးခံရမှုကိုစိုးရိမ်နေကြသည်။ အစ္စရေးအစိုးရအနေဖြင့် လက်ရှိသဘောတူထားသည့်အစီအစဉ်ကို လေးစားလိုက်နာမည်ဟု အကြိမ်ကြိမ်ကတိပြုထားပါလျက် ပါလက်စတိုင်းနှင့် မွတ်စလင်ဘာသာရေးခေါင်းဆောင်များက အကြမ်းဖက်မှုများဖြစ်စေရန် လှုံ့ဆော်နေသည်ဟု အစ္စရေးအာဏာပိုင်များက တုံ့ပြန်စွပ်စွဲပြောဆိုသည်။

ယခုရက်ပိုင်းအတွင်း ပါလက်စတိုင်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို တတိယမြောက် ပါလက်စတိုင်းအုံကြွမှုအသစ် (New Intifada)ဟု ဝေဖန်ပြောဆိုသူများရှိသော်လည်း ထိုကဲ့သို့သတ်မှတ်ရန်အချိန်စောသေးသည်ဟု တချို့ကသုံးသပ်သည်။

၂၀၁၀ ပြည့်နှစ် ဒုတိယမြောက်ပါလက်စတိုင်းအုံကြွမှုတွင် ထိုစဉ်က အစ္စရေးအတိုက်အခံခေါင်းဆောင် အေရီယာရှရွန်က ထိုမြင့်မြတ်နယ်မြေသို့ လာရောက်လည်ပတ်ခဲ့မှုကြောင့် ပါလက်စတိုင်းများကို ပိုမို၍ဒေါသထွက်စေခဲ့ခြင်းဖြစ်သည်။ အစ္စရေးလုံခြုံရေးတပ်ဖွဲ့များ၏ အုပ်ချုပ်မှုအောက်တွင် နှစ် ၅၀ ကျော်ကြာနေခဲ့ရပြီး လွတ်လပ်ရေးရတော့မည့် မျှော်လင့်ချက်မှေးမှိန်နေခြင်းကလည်း ဒုတိယအုံကြွမှုကိုဖြစ်စေသည့် အကြောင်းတစ်ချက်ဖြစ်ခဲ့သည်။

ဒုတိယမြောက် ပါလက်စတိုင်းအုံကြွမှုနှင့် ယခုအကြမ်းဖက်မှုများတွင် မတူကွဲပြားမှုများရှိနေသည်။ ယခုဖြစ်စဉ်တွင် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်သည် အစ္စရေးအာဏာပိုင်များနှင့်ပူးပေါင်းကာ ဒေသတွင်းလုံခြုံအေးချမ်းမှုရှိရန် ကြိုးပမ်းအားထုတ်မှုကို တွေ့ရှိရသည်။ ၎င်းသည် အကြမ်းဖက်မှုများကို အတိအလင်း ဆန့်ကျင်သူဖြစ်သည်။

ဒုတိယမြောက်အုံကြွမှုတွင်နောက်ကွယ်၌ ပါလက်စတိုင်းစစ်သွေးကြွအုပ်စုများရှိနေပြီး ၎င်းအုပ်စုခေါင်းဆောင်များက နောက်ကွယ်မှကြိုးကိုင်၍ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း ယခုအုံကြွမှုတွင် ၎င်းအကြမ်းဖက်အုပ်စုများပြိုကွဲနေပြီး ခေါင်းဆောင်များမှာလည်း အစ္စရေးထောင်များတွင် အကျဉ်းကျနေကြသည်။

ယခုအကြမ်းဖက်မှုဖြစ်စဉ်ကို လေ့လာကြည့်လျှင် နိုင်ငံရေးအုပ်စုများနှင့် အဆက်အစပ်မရှိဘဲ ပါလက်စတိုင်းလူငယ်များသည် မိမိဆန္ဒအလျောက် အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

**ထွန်းတောက်**

ပါလက်စတိုင်းတစ်ကိုယ်တော်တိုက်ခိုက်ရေးသမားများ ဖြစ်နေခြင်းကြောင့် အစ္စရေးတို့က စစ်ရေးနည်းလမ်းဖြင့် အဖြေရှာရန်ခက်ခဲနေသည်။ ထိုအကြမ်းဖက်မှုများ မည်မျှကြာကြာ ဆက်လက်ဖြစ်ပွားနေမည်ကိုလည်း အစ္စရေးအာဏာပိုင်တို့က ခန့်မှန်းရခက်နေသည်။

ဓားဖြင့်တိုက်ခိုက်မှုများ မြင့်တက်နေမှုကြောင့် အစ္စရေးပြည်သူများက ကြောက်လန့်နေကြသည်။ ဂျေရုဆလင်မြို့တော်ဝန်နှင့် အစ္စရေးနိုင်ငံရေးခေါင်းဆောင်များက သေနတ်ပိုင်ဆိုင်ထားသည့် ဂျူးလူမျိုးများအနေဖြင့် ခွင့်ပြုချက်ရယူပြီးမှသာ သေနတ်များကို သယ်ဆောင်သွားလာရန် တိုက်တွန်းခဲ့သည်။

အစ္စရေးနိုင်ငံတစ်ဝန်းတွင် လုံခြုံရေးတင်းကျပ်ထားရသည့် အခြေအနေဖြစ်ပေါ်နေသည်။ ဓားဖြင့်တိုက်ခိုက်သည့် ဖြစ်စဉ်များတွင် အစ္စရေးရဲတပ်ဖွဲ့ သို့မဟုတ် လက်နက်ကိုင်ထားသည့် အရပ်သားများက ဓားဖြင့်တိုက်ခိုက်သည့် ပါလက်စတိုင်းများကို ချက်ချင်းပင် ပစ်သတ်ခဲ့ကြသည်။

ထိုလုပ်ရပ်များကြောင့် အစ္စရေးနှင့် ပါလက်စတိုင်းများကြားတွင် မုန်းတီးမှုနှင့်တင်းမာမှုများ တိုးလာခြင်းဖြစ်သည်ဟု သိရသည်။

လတ်တလောအကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် ဝန်ကြီးချုပ်နေတန်ယာဟုနှင့် သမ္မတအာဘတ်စ်တို့၏ အခန်းကဏ္ဍအရေးပါသော်လည်း ၎င်းတို့နှစ်ဦးလုံးမှာ ပြင်ပမှဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။

အစ္စရေးသဘောထားတင်းမာသူများနှင့် ပြည်သူအချို့က ဝန်ကြီးချုပ်နေတန်ယာဟုအား ပါလက်စတိုင်းတို့အပေါ်တွင် ပိုမိုပြင်းထန်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ဖိအားပေးနေကြသည်။

ဝန်ကြီးချုပ်နေတန်ယာဟုသည် ဂျေရုဆလင်မြို့နှင့် အနောက်ဘက်ကမ်းဒေသတွင် လုံခြုံရေးတပ်ဖွဲ့များကို ထူထပ်စွာဖြန့်ကြက်ချထားပြီးဖြစ်သည်။ ပါလက်စတိုင်းဆန္ဒပြသူများကို နှိမ်နင်းရာတွင် တပ်ဖွဲ့ဝင်များလိုက်နာရမည့် စည်းကမ်းများကိုလည်း လျှော့ပေါ့ပေးထားသည်။

ပါလက်စတိုင်းလူမျိုးများအပေါ် အစ္စရေးတပ်ဖွဲ့များက ပြင်းထန်စွာနှိမ်နင်းနှိပ်ကွပ်မှုကြောင့် အကြမ်းဖက်မှုများ ပိုမိုမြင့်တက်နိုင်သည့်အပြင် နိုင်ငံတကာ၏ ပြစ်တင်ရှုတ်ချမှုကိုလည်း ခံရဖွယ်ရှိနိုင်သည်။

ပါလက်စတိုင်းဒေသတွင် တည်ငြိမ်အေးချမ်းမှုကို ထူထောင်နိုင်လျှင် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်အတွက် နိုင်ငံရေးအကျိုးရှိနိုင်သည်။

လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့သော်လည်း ရလဒ်ထွက်ပေါ်မလာခြင်းမှာ ဝန်ကြီးချုပ်နေတန်ယာဟု၏ သဘောထားတင်းမာမှုကြောင့်ဖြစ်သည်ဟု အပြစ်တင်ပုံချနေသည့် သမ္မတအာဘတ်စ်ကိုလည်း ပါလက်စတိုင်းလူမျိုးများက မကြိုက်ကြတော့ပေ။

ထိုကဲ့သို့သောအခြေအနေ၌ ပါလက်စတိုင်းအကြမ်းဖက်မှုများ မြင့်တက်လာမည်သာဖြစ်သည်။ မစ္စတာအာဘတ်စ်သည်အစ္စရေးအစိုးရနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ပေါ်ပေါ်ထင်ထင်ပြုလုပ်နေလျှင် မစ္စတာအာဘတ်စ်သည် ပျော့ညံ့၍ညံ့ဖျင်းသည့် ခေါင်းဆောင်အဖြစ် ပါလက်စတိုင်းတို့က သတ်မှတ်ကြတော့မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အနာဂတ်မျှော်လင့်ချက်ကင်းမဲ့နေသည့်ပါလက်စတိုင်းလူငယ်များ၏ တစ်ကိုယ်တော်တိုက်ခိုက်မှုများကို အစ္စရေးနှင့်ပါလက်စတိုင်း ခေါင်းဆောင်နှစ်ဦးက မည့်သည့်အတိုင်းအတာအထိ ထိန်းချုပ်နိုင်မလဲ၊ ၎င်းမေးခွန်းအတွက် အဖြေမရှိလျှင် အစ္စရေးပါလက်စတိုင်း ပဋိပက္ခမှာ အဆုံးမမြင်နိုင်သေးပါဟု အေပီသတင်းဌာနမှ ဂျိုးဇက်ဖက်ဒါမန်က ဝေဖန်သုံးသပ်ထားသည်။

# လှမ်းလာခဲ့ပါ စလင်းဌာနေ ဝက်သည်းကန် သာယာမြေ



စစ်ကြည်(စလင်း)

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့၏ ကျက်သရေဆောင် ဝက်သည်းကန်တော်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၈၂၀ ခန့် ပုဂံပြည်ကြီး ကောင်းစားစဉ်က နရပတိစည်သူမင်းကြီး၏ ကိုယ်လုပ်တော် ရှင်စောဝက ကုသိုလ်ပြုတူးဖော်ပေးခဲ့သော ကန်ကြီးဖြစ်သည်။ ကန်ကြီး၏ မူလအကျယ် အဝန်းမှာ ၁၀၈၈ ဧက ဖြစ်ပြီး ယခုလက်ရှိမှာ ဧက ၅၃၀ နှင့် ရေပြင်အကျယ် ဧရိယာမှာ ၃၈၅ ဧကခန့်သာရှိပါတော့သည်။ စွန့်လွှတ်မြေယာဧကမှာ ၅၁၁ ဒသမ ၉၇ ဧကဖြစ်ပါသည်။ ယခုအခါ ကမ္ဘာကြီးသည် ပူနွေးလာ၍ ဂေဟစနစ်များပျက်သုဉ်းစပြုနေပါပြီ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို နိုင်ငံတကာမှပင် အထူးဂရုပြုလုပ်ဆောင်နေကြပါသည်။ ဤကန်ကြီးကို အမှီပြု၍ စလင်းမြို့အတွက် ရေသယံဇာတများ လွန်စွာအကျိုးပြုဖြစ်ထွန်းမှု ရှိပါသည်။ ယခုနှစ်တွင် စလင်းမြို့နယ်၌ မိုးနည်းပါး၍ မြောင်းရေများ လုံးဝခန်းခြောက်သွားပါသည်။ မတော်တဆ မီးဘေးကြုံတွေ့လာလျှင် ဤရေကန်ကြီးမှ ရေများကိုသာ အဓိကအားကိုးရမည်ဖြစ်ပါသည်။ နွေကာလ ရေတွင်းများ ရေမခန်းသည်မှာ ဤကန်ကြီး၏ ဆက်စပ်မှု ကျေးဇူးကြောင့် ဖြစ်ပေသည်။ ကန်ကြီး၏ ဘေးနားရှိ ရွာများသည် ဤကန်ကြီးကိုအမှီပြု၍ ဝမ်းစာရှာသူအများစုဖြစ်ပါသည်။ မိမိမြို့သို့ ဧည့်သည်များလာရောက်လည်ပတ်လျှင်လည်း ဤကန်ကြီးနှင့်ရွှေမုဋ္ဌောဘုရားကို ဦးတိုက်ပြသရပေမည်။ ရွှေမုဋ္ဌောဘုရားကြီးသည် ဝက်သည်းကန်ကြီး၏ အလယ်တွင် တံတားစောင်းတန်းများဖြင့် သွယ်တန်းထားပြီး အဆိုပါ ရွှေမုဋ္ဌောစေတီမှာ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ခန့်က သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော စေတီပေါင်း ၈၄၀၀၀ အပါအဝင်ဖြစ်ပါသည်။

ဝက်သည်းကန်ကြီးဖြစ်ပေါ်လာပုံမှာ ပုဂံပြည့်ရှင်နရပတိစည်သူမင်းကြီးသည် ခရစ်သက္ကရာဇ် ၁၁၉၄ ခုနှစ် (ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်) တွင် ပန့်သကူဝစွယ်ရှင်ဆရာတော်၊ ပေါင်းလောင်းရှင်ကဿပဆရာတော်တို့ကို ပင့်ဆောင်ပြီး မြန်မာနိုင်ငံအကြေအညာတစ်ဝန်းကို တိုင်းခန်းလှည့်လည်တော်မူခဲ့သည်။

နရပတိစည်သူမင်းကြီးသည် ဆည်မြောင်းမြို့ပြ သုံးဌာနနှင့်ညီညွတ်၍ ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ် တော်သလင်းလဆန်း ၁၅ ရက် အင်္ဂါနေ့တွင် တစ်ပြိုင်နက် ပန္နက်ချ၍ စလင်းမြို့ကို တည်တော်မူခဲ့သည်။ စလင်းဆည်တော် (ယခု လင်းဇင်းရေလွှဲဆည်)၊ မြောင်းမတော်ကြီး၊ မြောင်းငယ်အသွယ်သွယ်တို့ကိုလည်း တူးဖော်ဖောက်လုပ်စေခဲ့ပါသည်။ နရပတိစည်သူမင်းကြီး၏ ကိုယ်လုပ်တော်ရှင်စောဝသည် မိမိ၏ကျေးကျွန်ခြွေရံသင်းပင်းတို့ကို လယ်ယာမိုးမြေများလုပ်ဆောင်စေချင်သည့်အတွက် ကျည်းကုလားတို့ပြည်မှ ဖြစ်သော ပိတ်လေးအုပ်ကို လက်ဆောင်နှင်း၍ စလင်းမြို့သူကြီး လေးဦးတို့ထံမှ လယ်ယာမိုးမြေတို့ကို တောင်းခံသည်။ ယခုဆင်ကျုံးရွာ၊ ရှမ်းစုရွာများ၏ အနောက်ဘက်နှင့်တောင်ဘက်တွင်ရှိသော ကြက်တက်မျှောလယ်ပွဲ၊ အရာတော် လယ်ပွဲ၊ ဆင်ကျုံးလယ်ပွဲတို့ဖြစ်သည်။ သို့ရာတွင် မြေနေရာရှိသော်လည်း ရေအခက်အခဲရှိပါသည်။ တောတောင်ကျရေများရှိသော်လည်း မိုးကောင်းချောက်ကျဖြစ်၍ ရေများကြာရှည်မနေ ဖြစ်နေပါသည်။ သို့ဖြစ်၍ ရှင်စောဝသည် မင်းကြီးထံ ကန်ပေါင်ကန်ရိုးတူးဖော်ခွင့်တောင်းသောအခါ မင်းကြီးက မိုးကောင်းချောက်ကျနှင့်နီး၍ ရေနေလောက်သောနေရာအား ကန်တူးဖော်ခွင့်ပြုပါသည်။

ဤတွင်ရှေးရိုးရာမြန်မာတို့၏အယူအဆအတိုင်း ကွန်း၊ ကနား၊ မဏ္ဍပ်များ တည်ဆောက်ပြီးဆိုင်ရာပိုင်ရာ နယ်တော့်ရှင်၊ ပယ်တော့်ရှင်နတ်များအား ပင့်ဖိတ်ပြီး ဗလိနတ်စာများကျွေးမွေးပူဇော်ပါသည်။ ထိုအချိန်တွင် စွန်တစ်ကောင်သည် ဝက်အသည်းတစ်ခုကို အရှေ့အရပ်မှ ကိုက်ချီလျက် စလင်းမြို့အနောက်ဘက်ကုန်းတန်း ခင်ကြောတစ်လျှောက်ဝဲပျံပြီး တစ်ခုသော နေရာတွင် ဝက်အသည်းကိုလွှတ်ချခဲ့သည်။ ၎င်းနောက် အရှေ့အရပ်ဆီသို့ တုန့်ခေါက်ပျံသန်းသွားပါသည်။ ၎င်းနိမိတ်ကိုယူ၍ ဝက်အသည်းချထားခဲ့သည့်နေရာအား ကန်တော်မင်္ဂလာတူးဖော်စေခဲ့ပါသည်။ ကန်တော်မင်္ဂလာကိုလည်း ဝက်အသည်းချခဲ့သောနေရာများတွင် တူးဖော်ခဲ့ခြင်းဖြစ်၍ "ဝက်သည်းကန်" ဟုခေါ်တွင်ခဲ့ပါသည်။ အချို့သော ပညာရှိများကလည်း စွန်ငှက်ဝဲသည့်အတိုင်း တူးဖော်ခဲ့ခြင်းဖြစ်၍ "ဝဲသည့်ကန်" ဟုဆိုကြသည်။ နောက်မှအသံညင်သာမှုကိုလိုက်၍ "ဝက်သကန်" မှ "ဝက်သည်းကန်" ဟုဖြစ်လာကြောင်း မှတ်သားရသည်။ ထိုအချိန်မှစ၍ စလင်းမြေတွင် "ဝက်သည်းကန်တော်ကြီး"ပေါ် ထွန်းခဲ့ပေသည်။ မူလဝက်သည်းကန်တော်ကြီးသည် စလင်းမြို့၏ အနောက်ဘက်တွင်ကပ်လျက် တစ်ဆက်တစ်စပ်တည်းတည်ရှိပြီး အနောက်ဘက်တွင် ကန်ဘောင်ကျေးရွာအုပ်စု ၊ အောက်လှိုင်းကျေးရွာအုပ်စု၊ တမာချောင်းကျေးရွာအုပ်စု၊ ဆင်ကျုံးကျေးရွာအုပ်စုများ၏ နယ်နိမိတ်အတွင်း ၁ ဒသမ ၇ စတုရန်းမိုင် ဧကအားဖြင့် ၁၀၈၈ ဧကရှိပါသည်။

ကန်တော်ကြီးအား မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်မှစတင်ပြီး နိုင်ငံတော်အစိုးရက(သားငှက်ဘေးမဲ့ကြိုးဝိုင်း) အဖြစ်သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ကန်ကြီး၏ ပိုလျှံရေများဖြင့် ဆင်ကျုံးကွင်း၊ ရှမ်းစုကွင်း၊ ကူဖြူကွင်း၊ ကူတိုကွင်း၊ မန်ကျည်းပင်ပုကွင်းစသည်ဖြင့် ကွင်းများမှ လယ်ဧက ၂၅၀၀ ကျော်ကို ရေသွင်းပြီး စပါးစိုက်ပျိုးကြသည်။ မိုးရာသီကာလတွင် ကန်ကြီးအတွင်းတွင် ပဒုမ္မာကြာများ ကန်လုံးပြည့် ဖူးပွင့်ကြပါသည်။ ပဒုမ္မာကြာများမှာလွန်စွာမှပင် ကန်ကြီးနှင့်ပန်းတင့်ပေသည်။ ၎င်းကြာမှကြာရိုးများကိုအသုံးပြု၍ ကြာချည်ထုတ်လုပ်ကြပါသည်။ ထွက်သမျှကြာချည်များကို ကုန်ကြမ်းအဖြစ် အင်းလေးသို့ ပေးပို့ရောင်းချပါသည်။ အင်းလေးတွင် ၎င်းကြာချည်များမှ ကြာသင်္ကန်းများရက်လုပ်၍ ကြာသင်္ကန်းတစ်စုံလျှင် ငွေကျပ်နှစ်သိန်းမှသုံးသိန်းနှင့်အထက် ရောင်းချကြောင်း သိရပါသည်။

နိုင်ငံခြားအထူးဧည့်သည်များကိုလည်း ကြာချည်နှင့် ရက်လုပ်ထားသော သဘာဝချည်ထည်ဝတ်စုံများ လက်ဆောင်ပေးရာ အဆိုပါ ဧည့်သည်များက အထူးပင်နှစ်ခြိုက်ကြကြောင်း သိရပါသည်။ ယခုအခါ ကန်တော်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ၈၂၀ ကျော်ရှိပြီဖြစ်၍ ပျက်ယွင်းစပြုနေပြီဖြစ်သော ကန်တော်ကြီးကို ဝိုင်းဝန်းစောင့်ရှောက်ရန် အထူးပင်လိုအပ်လျက်ရှိပေသည်။ နိုင်ငံတော်မှလည်း ဤကန်မျိုး အသစ်ပြန်လည်တူးဖော်မည်ဆိုလျှင် အချိန်၊ ငွေ၊ ယန္တရားအင်အား မြောက်မြားစွာ ကုန်ကျမည်ဖြစ်ပေမည်။ စလင်းသူ၊ စလင်းသားများက ဤကန်ကြီးကို နိုင်ငံတော်အဆင့်ပြုပြင်ပေးရန် မျှော်လင့်နေကြပေသည်။ ဤကန်ကြီးသို့ နှစ်စဉ် နိုဝင်ဘာလမှစ၍ ဆောင်းခိုငှက်များ လာလေ့ရှိသည်။ ကန်ကြီးထဲတွင် ငါးမျိုးစိတ်မြောက်မြားစွာရှိသည်။ ယခုနှစ်တွင်လည်း ပွင့်ဖြူငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်ကောင်ရေ ၅၀၀၀ ထည့်သွင်းပေးခဲ့သည်။

ဤကန်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းမှာပင် ရှေးဟောင်းကျောင်းတော်ကြီးများနှင့် စေတီပုထိုးများစွာသပ္ပာယ်စွာ ရှိနေပေသည်။ ယခုအခါ ပွင့်လင်းရာသီသို့ ရောက်လာပြီဖြစ်၍ မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ဝက်သည်းကန်ကြီး၏ အလှအပနှင့် ရှေးဟောင်းအမွေအနှစ်များကို လာရောက်လေ့လာလည်ပတ်နိုင်ကြပြီ ဖြစ်ပါသည်။ စလင်းမြို့သည် ဆက်သွယ်ရေးလမ်းများ အထူးကောင်းမွန်ပြီး ဧည့်သည်များ စိတ်ချမ်းမြေ့စွာတည်းခိုနိုင်ရန် တည်းခိုခန်းများ၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်များသို့ သွားရောက်လည်ပတ်နိုင်ရန် သုံးဘီးမော်တော်ဆိုင်ကယ်ယာဉ်များလည်း ပေါများပါသည်။ သို့ပါ၍ ရပ်ဝေးမှ ဆွေသဟာများ စလင်းမြေဝက်သည်းကန်ကြီးကို တစ်ခါတစ်ခေါက် လာရောက်အပန်းဖြေဖို့ ဖိတ်ခေါ်လိုက်ရပါသည်။

**စွန်တစ်ကောင်သည် ဝက်အသည်းတစ်ခုကို အရှေ့အရပ်မှကိုက်ချီလျက် စလင်းမြို့ အနောက်ဘက်ကုန်းတန်း ခင်ကြောတစ်လျှောက်ဝဲပျံပြီး တစ်ခုသောနေရာတွင် ဝက်အသည်းကိုလွှတ်ချခဲ့ရာ ၎င်းနိမိတ်ကိုယူ၍ "ဝက်သည်းကန်" ဟု ခေါ်တွင်ခဲ့**



---

*စာမျက်နှာ ၂၁ မှ*

ဒီနှစ်မျိုးအပြင် နောက်တစ်မျိုးလည်းရှိနေသေးတယ်။ သူတို့က သားသမီးတွေနဲ့ ပတ်သက်လာရင် ကောင်းတယ်လည်း ပြောခဲသလို မကောင်းဘူးလို့လည်း ပြောလေ့မရှိကြဘူး။ ရိုးရိုးအေးအေးနဲ့ နည်းနည်းလည်း ရှေးဆန်တဲ့ မိသားစုမျိုးတွေမှာ ဒီလိုပုံစံမျိုးကို တွေ့ရတတ်ပါတယ်။ ဒီလို မိဘမျိုးတွေဟာ သူတို့ရဲ့ သားသမီးတွေကို သိုသိုသိပ်သိပ်နဲ့ပဲ ပွဲပြင်တယ်၊ ဆုံးမတယ်၊ ထိန်းကျောင်းတယ်။ စာရေးသူမှာ အိမ်နီးချင်း မိသားစုလေးတစ်စုရှိခဲ့ဖူးတယ်။ သမီး သုံးယောက်ရှိတာ အကြီးဆုံးက အခု ဆရာဝန်မဖြစ်သွားပြီ။ အငယ်နှစ်ယောက်က ဆေးကျောင်းသူတွေပါ။ တက္ကသိုလ်ဝင်တန်းကိုလည်း သုံးယောက်စလုံး ခြောက်ဘာသာ ဂုဏ်ထူးတွေနဲ့ အောင်ခဲ့ကြတာပါ။ သမီး သုံးယောက်ကို ဒီလိုဖြစ်လာဖို့ ဘယ်လိုအပင်ပန်းခံခဲ့ရတယ် ဆိုတာမျိုးကို တစ်ခါမှ ပြောတာမျိုး မကြားဖူးခဲ့သလို ကျွန်တော် ကျွန်မတို့ရဲ့ သမီးတွေ ဘယ်လို တော်တယ်၊ ဘယ်လို စကားနားထောင်တယ်ဆိုပြီး ဝမ်းသာအားရ ပြောတာမျိုးလည်း မတွေ့ခဲ့ဖူးပါ။ သူတို့ဟာ အတော်ကို သိုသိပ်ပါတယ်။ ဒီတော့ ဆိတ်ဆိတ်နေ မိဘတွေလို့ပဲ ခေါ်ရမှာလား။ ကလေးတွေဘက်ကလည်း ကျေနပ်တာ၊ မကျေနပ်တာ ဘာသံမှ မကြားဖူးပါ။

ဘယ်သူမှ ပြီးပြည့်စုံတယ် ဆိုတာမျိုးတော့ မရှိနိုင်ပါဘူး။ မိဘတွေဘက်မှာ လိုအပ်ချက်တွေ ရှိနိုင်သလို သားသမီး ဘက်ကလည်း နားမလည်နိုင်တာတွေ၊ မသိ နားမလည်တာတွေ ရှိနေတတ်မှာပါ။ ဒီတော့လည်း မိဘနဲ့ သားသမီး အကြား ဆက်ဆံရေးမှာ အဖုအထစ်ကလေးတွေ၊ အတားအဆီးလေးတွေ ရှိနေကြစမြဲပါ။ ဒါတွေဟာ ပုံမှန်ဖြစ်ရပ်တွေပါပဲ။

မိဘတွေက ခေတ်ကာလအလိုက် သားသမီးတွေရဲ့ လိုအင်တွေနဲ့ စိတ်ခံစားချက်တွေကို နားလည်ပေးဖို့လိုသလို သားသမီးတွေကလည်း မိဘမေတ္တာရဲ့ အတိမ်အနက်ကို အမြန်ဆုံး နားလည်အောင် ကြိုးစားရမယ်။ မိဘတွေဟာ မကောင်းပဲပြောပြော၊ အကောင်းပဲ ပြောပြော၊ ဆိတ်ဆိတ်ပဲ နေနေ သားသမီးအပေါ်ထားတဲ့ မေတ္တာကတော့ အတူတူပါဘဲ။ ဘယ်အမျိုးအစားမှာပဲပါပါ မိဘမေတ္တာဆိုတာ တုနှိုင်းလို့မရနိုင်ပါဘူး။ အနန္တမေတ္တာပါ။

ဒီတော့ ဘယ်မိသားစုမှာပဲဖြစ်ဖြစ် သားသမီးတွေ အမြဲ နားလည်သိမြင်နိုင်ဖို့က မိဘမေတ္တာရဲ့တန်ဖိုးတွေကိုပါ။







## အမည်ပြောင်း

ဦးသိန်းဝင်း ၅/မရန(နိုင်)၀၀၃၂၄၄ ၏သမီး မြိတ်မြို့ (ကန်စွန်းအင်း-ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း B )မှ မစိုးသန္တာအောင် အား မဆုဝင့်ကုဋေ ဟုပြောင်းလဲခေါ်ပါရန်။

## အမည်ဖြည့်စွက်

ဦးအောင်ကျော်သန်း၏သမီး ရန်ကုန်ပညာရေးတက္ကသိုလ်၊ လေ့ကျင့်ရေးအထက်တန်းကျောင်း Grade (10-J) မှ မဇွန်လပြည့်အား မနန်းဇွန်လပြည့်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၁၅၊ အလျား ၄၈ပေ×အနံပေ၆၀၊ ဧရိယာ ၀ ဒသမ ၀၆၆၈ဧက၊ စတုရန်းပေ ၂၈၈၀၊ နှစ် ၆၀ ဂရန်မြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော အလျား ၂၈ပေ × အနံပေ ၆၀ အကျယ်အဝန်းရှိ ခေါင်းရင်းဘက်အခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၁၅/က၊ ဗိုလ်စောအောင်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေနှင့် အုတ်ညှပ်တစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား သက်ဆိုင်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (မြို့မြေစာရင်း)တွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဉာဏ်ကျယ် ၁၂/ဒဂန(နိုင်)၀၁၃၂၉၄ (အေစီ-၀၀၆၄၉၁) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့်အဆောက်အအုံအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဥပဒေများနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ကျော်မြတ်၊ အထက်တန်းရှေ့နေ (စဉ်-၂၇၀၀၉)**
**အမှတ် ၉၂၇၊ ဦးဘဝင်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၉၁၅၉၉၊ ၀၉-၅၀၆၁၄၃၂**

## ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)

ရမည်းသင်းမြို့နယ်အသင်း (ရန်ကုန်) တည်ရှိရာ အောင်ပန်းကျောင်းတိုက်၌ ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၁၅-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီ တွင်ကထိန်သင်္ကန်းကပ်လှူ တရားနာမည်ဖြစ်ပါသည်။အသင်းဝင်များနှင့် ရမည်းသင်းမြို့နယ်သူ/သားများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ တစ်ဦးချင်း သီးခြားဖိတ်ကြားခြင်းမပြုပါ။

လှူဒါန်းလိုသူများ အောက်ဖော်ပြပါအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ဦးညွန့်လှိုင် | ဖုန်း-၀၉-၅၀၅၈၂၈၅၊ |
| ဒေါ်ခင်မြတ်သူ | ဖုန်း-၀၉-၇၃၁၉၈၆၀၀၊ |
| ဦးခင်မောင်ကျော် | ဖုန်း-၀၉-၅၁၃၈၅၀၁ |

**အမှုဆောင်အဖွဲ့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/2715 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/5197 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက (၂) အဋ္ဌမတန်း (F)မှ မောင်သန်းစိုးအောင်နှင့် အဋ္ဌမတန်း(D)မှ မောင်စိုးမိုးကျော် တို့၏ ဖခင်အမည်မှန်မှာ ဦးဇီစံ ၁/လဂန(နိုင်)၀၀၀၁၈၇ ဖြစ်ပါသည်။ **ဦးဇီစံ၊ လွယ်ဂျယ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ (ပိန္နဲကုန်း)၊ မြေကွက်အမှတ် ၅၇/က၊ ဧရိယာ ၀ ဒသမ ၀၇၇ ဧက၊ မြေကွက်တည်နေရာအမှတ် ၂၆၉၊ ပိတောက်လမ်း၊ ပိန္နဲကုန်း၊ အင်းစိန် (ဦးလိုကင်ဆိုင်)အမည်ပေါက် B၊ လ/န (၃၉)ရပြီး မြေပိုင်မြေအား အမည်ပေါက် ဦးလိုကင်ဆိုင် ၁၂/ရကန(နိုင်)၀၃၉၃၇၅ မြေအမည်ပေါက်ခဲ့သည့် အရောင်းအဝယ်စာချုပ် ၁၂၃/၂၀၀၇ (၁၉-၁-၂၀၀၇) စာချုပ်ရုံးလက်ခံမိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မသင်းယုနွယ် (၁၂/ဗတထ(နိုင်)၀၃၆၄၀၃)

## မှတ်ပုံတင်(မူရင်း)လက်ဝယ်ရှိသူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်မသင်းယုနွယ်၏ မှတ်ပုံတင် (မူရင်း) မှာ ၂၀၀၇ ခုနှစ်ကပင် ပျောက်ခဲ့သောကြောင့် **ထပ်မံထုတ်ပေးသည့်ကတ်ပြားအသစ်ကို** (၇-၆-၂၀၀၇) နေ့မှစ၍ အသုံးပြုနေသည်မှာ ယနေ့အချိန်ထိပင်ဖြစ်ပါသည်။ သို့သော် မသမာသူအချို့က ကျွန်မပျောက်ခဲ့သော မှတ်ပုံတင်(မူရင်း)နှင့် ထိုးမြဲလက်မှတ်ကို အသုံးချကာ ဘဏ်များတွင်စာရင်းဖွင့်ပြီး Online မှတစ်ဆင့် ကုန်ပစ္စည်းအချို့ကို ရောင်းချဟန်ပြု၍ ငွေတောင်းခံခြင်းပြုကာ တစ်ဖက်လှည့်ဖြင့် စာရင်းမှ လိမ်ညာ၍ ငွေထုတ်သွားသည်ကို သိရှိရပါသည်။ သို့ဖြစ်၍ ကျွန်မ၏မှတ်ပုံတင်(မူရင်း)ကို အလွဲသုံးစားပြုသူများကြောင့် ဖြစ်ပေါ်လာသည့် မှုခင်းကိစ္စအဝဝတို့သည် ကျွန်မနှင့်လုံးဝသက်ဆိုင်မှုမရှိပါကြောင်း၊ ကျွန်မမှတ်ပုံတင်(မူရင်း)ကို အလွဲသုံးစားပြုလုပ်သူများကိုလည်း သက်ဆိုင်ရာရဲစခန်းတွင် အကြောင်းကြား၍ စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မသင်းယုနွယ်၊ အထက်တန်းရှေ့နေ (စဉ် ၂၄၃၈၂)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၁-၁၁-၂၀၁၅ ရက်
**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** -၃၀-၁၁-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကိုသိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့၊ဖုန်း- ၀၅၉-၂၃၅၈၃၊၀၅၉-၂၃၅၈၄ တွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**ဒိုက်ဦးကော်မှုန့်စက်ရုံ**
**ကုန်ကြမ်း၊ ကုန်ချောပစ္စည်း(၅၉)မျိုးအား ရောင်းချရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ကုန်ကြမ်းပစ္စည်း(၄၈)မျိုး
- ကုန်ချောပစ္စည်း(၁၁)မျိုး

၂။ **တင်ဒါစတင်ရောင်းချသည့်ရက်** - ၂-၁၁-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်ရက်** - ၂၀-၁၁-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
၄။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးအဖွဲ့ရုံးခန်း၊ ရုံးအမှတ်(၃၇)နေပြည်တော်
၅။ စုံစမ်းရန်-အသေးစိတ်အချက်အလက်များသိလိုပါက
**ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၉၈**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မောင်တောခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်/ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်နှင့် လုပ်ငန်းဆောင်ရွက်လိုပါသည်။

| စဉ် | ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် | |
|---|---|---|---|
| ၁။ | ခွဲကျောက်ရှယ်စုံ | ၅၃၁၇·၃၁ | ကျင်း |
| ၂။ | အုတ် | ၃၂၆၀၇၄ | ချပ် |
| ၃။ | ဘိလပ်မြေ(ဆင်) | ၄၆၂၄ | အိတ် |
| ၄။ | သံချောင်းရှယ်စုံ(နိုင်ငံခြား) | ၂၉·၃၉၆ | တန် |
| ၅။ | သစ်ခွဲသားရှယ်စုံ(ကညင်) | ၃၂·၇၁ | တန် |
| ၆။ | ဒီဇယ်ဆီ | ၁၂၈၄၅ | ဂါလန် |
| ၇။ | လေးမြို့ကျောက်စရစ် | ၃၄·၇၁ | ကျင်း |
| ၈။ | မြေကြီးလုပ်ငန်း | | လုပ်ငန်းတစ်ခု |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** ၁၆-၁၁-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မောင်တောခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၀-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၄၃-၅၅၀၄၄**

---

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)တွင် အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) Cutting Tools (၅၈) မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၃-၁၁-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၀-၁၁-၂၀၁၅ ရက် ၁၂း၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)တွင် ၃-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၅-၄၅၃၂၀၊ ၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၅၁၈၇၃၃၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများသည် မိမိတို့တင်သွင်းရမည့် Cutting Tools များအား အသေးစိတ်ကြည့်ရှုလိုပါက အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)သို့ ရုံးချိန်အတွင်း လာရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)**
**အထက်မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ အမှတ်(၂)လမ်းမကြီးမှ ကျိုစုစက်မှုဇုန်သို့ ဆက်သွယ်သောလမ်း အလျား ၅ကီလိုမီတာခန့်ရှိ ရိုးမရိပ်သာလမ်းပိုင်းနှင့် လှော်ကားလမ်းထောင့်ရှိ Box Culvert မွမ်းမံခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထား ပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့် စည်းကမ်းချက်များစတင် ထုတ်ယူနိုင်သည့်ရက်** - ၂-၁၁-၂၀၁၅ရက်၊ ၉း၃၀နာရီ
(၂) **တင်ဒါပိတ်မည့်ရက်** - ၁၆-၁၁-၂၀၁၅ရက်၊ ၄း၃၀နာရီ
(၃) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၄၀)၊ ဆောက်လုပ်ရေးဝန်ကြီး ဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော်။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 12(Q) Survey Equipments/ Local Purchase/IRR/2015-2016 | Survey Equipments | 1 Lot | Myanmar Kyat |
| 2. | 13(Q) Deformed Bar/Local Purchase/IRR/2015-2016 | Deformed Bar | 1 Lot | Myanmar Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၄၃၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၃၁၆**

---

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉က/၅၅၈၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇ဃ/၄၂၉၈၊ Toyota LIST-2, SCP-90 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးအောင် ၈/ရနခ(နိုင်)၀၉၆၆၉၄က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းပိုင် မြစ်တွင်းသွားရေယာဉ်များဖြစ်သော ကြံခင်း(၂)၊ ကြံခင်း(၃)၊ ကြံခင်း(၆) ရေယာဉ်များနှင့် စက်မဲ့တွဲရေယာဉ် မှန်တွဲ(၄)ရေယာဉ် တို့အား ငှားရမ်းလိုပါသည်။
၂။ တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များအား ၂-၁၁-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါများ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၁၇-၁၁-၂၀၁၅ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

**အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၆၀**

---

## ဝန်ထမ်းအလိုရှိသည်

ရန်ကုန်မြို့တွင်ဖွင့်လှစ်သော Thaiစားသောက်ဆိုင်တွင်အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ **Chef** **ကျား ၂ ဦး (500000-700000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ(သို့)ဘွဲ့တစ်ခုခုရှိပြီးသူဖြစ်ရမည်။ အသက်(၃၀) အထက်ဖြစ်ရမည်။ Food & Beverage Production (သို့) Cooking Training အစရှိသည့် သင်တန်းတစ်ခုခုတတ်မြောက်ပြီးဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်အထက်ရှိရမည်။

၂။ **Bartender** **ကျား ၃ ဦး (190000-240000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၂၀)နှင့်အထက်ဖြစ်ရမည်။ Bar အတွေ့အကြုံ(၃)နှစ်အထက်ရှိရမည်။

၃။ **Preparation Cook** **ကျား/မ ၁၀ ဦး(148000-160000)**
ပညာအရည်အချင်း အထက်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရမည်။ အသက်(၁၈) နှစ်နှင့် အထက်ဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံအနည်းဆုံး တစ်နှစ်ရှိရမည်။

၄။ **Commis** **ကျား ၆ ဦး (190000-240000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ(သို့)ဘွဲ့တစ်ခုခုရှိပြီးသူဖြစ်ရမည်။ အသက်(၂၅) နှစ် အထက်ဖြစ်ရမည်။ Food & Beverage Production (သို့) Cooking Training အစရှိသည့် သင်တန်းတစ်ခုခုတတ်မြောက်ပြီးဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။

၅။ **Waiter / Waitress** **ကျား/မ ၁၀ ဦး (148000-160000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၁၈)နှစ်နှင့်အထက် ဖြစ်ရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၆)လရှိရမည်။

၆။ **Hostest** **မ ၅ ဦး (148000-160000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ ယဉ်ကျေးပျူငှာစွာပြောဆိုဆက်ဆံတတ်ရမည်။ အသက်(၁၈)နှစ်နှင့်အထက်ရှိရမည်။ Restaurant လုပ်ငန်းအတွေ့အကြုံ (၁) နှစ်နှင့်အထက် ရှိရမည်။ ရုပ်ရည်အသင့်အတင့်ရှိရမည်။

၇။ **Cashier** **မ ၂ ဦး (148000-160000)**
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၂၀)အထက်ဖြစ်ရမည်။ လုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။

၈။ **Security** **ကျား ၄ ဦး (138000-148000)**
ပညာအရည်အချင်းအလယ်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရမည်။ အသက်(၄၀)နှင့် အထက်ဖြစ်ရမည်။ ရိုးသားကြိုးစား၍ မိမိလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူဖြစ်ရမည်။

၉။ **Admin Executive** **ကျား ၁ ဦး (220000-290000)**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။ အသက်(၂၀) အထက်ဖြစ်ရမည်။ admin field ကျွမ်းကျင်ရမည်။ admin executive ရာထူးဖြင့် အနည်းဆုံးလုပ်သက်(၃)နှစ်ရှိရမည်။

၁၀။ **HR Staff** **မ ၁ ဦး(160000-210000)**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။ အသက်(၁၈)နှစ်အထက်ဖြစ်ရမည်။ HR Certificate ရရှိထားပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်နှင့်အထက်ရှိရမည်။

၁၁။ **admin Staff** **ကျား ၁ ဦး (160000-210000)**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။ အသက် (၁၈)နှစ်အထက်ဖြစ်ရမည်။ အစိုးရဌာနများသို့ သွားလာနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၁)နှစ်နှင့်အထက်ရှိရမည်။

၁၂။ **Purchaser** **ကျား ၁ ဦး(130000-150000)**
အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၁၈)နှစ်နှင့်အထက်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံ တစ်နှစ်နှင့်အထက်ရှိရမည်။

၁၃။ **Maintaince & Electronic Staff ကျား ၁ ဦး(negotiable)**
အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ ပညာအရည်အချင်းလျှော့ပေါ့စဉ်းစားပေးမည်။ အထက်ပါရာထူးအလိုက်လျှောက်ထားလိုလျှင် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ဓာတ်ပုံ၊ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်နှင့်အတူ ပညာရေးထောက်ခံချက်၊ စာရွက်စာတမ်းများနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။ **ဖုန်း-၀၉-၇၉၅၂၄၂၈၃၃**

---

## အများသိစေရန်ကြေညာအပ်ပါသည်

မသန္တာဝင်း ၁၂/သကတ(နိုင်)၁၃၈၉၉၅မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မသန္တာဝင်းသည် ကိုအေးသင်ထွဋ် (ဘ) ဦးခင်ထွန်း ၁၂/ရပသ(နိုင်)၀၇၈၉၆၅ နှင့် ၆-၆-၂၀၁၅ ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ၃၀-၉-၂၀၁၅ ရက်တွင် သမီးမိန်းကလေး မွေးဖွားခဲ့ပါသည်။ ကိုအေးသင်ထွဋ်သည် ၃၀-၉-၂၀၁၅ ရက်မတိုင်ခင် လွန်ခဲ့သော ရှစ်လခန့်ကတည်းက ခွင့်မလွှတ်နိုင်သော ပြုလုပ်မှုများ လုပ်ဆောင်ခဲ့သဖြင့် တစ်ဦးနှင့်တစ်ဦး စကားများရန်ဖြစ်၍ ကျွန်မအားစွန့်ခွာသွားခဲ့ရာ ယနေ့ထိ ဖြစ်ပါသည်။နောက်ပိုင်းတွင်လည်း ၎င်းဆောင်ရွက်ခဲ့သော အလုပ်များအတွက် ရရန်ပေးရန်ရှိသည်များကို ကျွန်မမှ ဖြေရှင်းပေးခဲ့ရပါသည်။ သို့ပါသော်လည်း ယခုခါတွင် လင်မယားချင်းတရားဝင်ကွာရှင်းပြတ်စဲရန် စီစဉ်လျက်ရှိပါသောကြောင့် ကိုအေးသင်ထွဋ်နှင့် ပတ်သက်သော ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွင်ဦး (စဉ်-၆၂၃၅)**
**တရားလွှတ်တော်ရှေ့နေ၊**
**အမှတ် ၁၀၁/လေးလွှာ၊ အရိုးကုန်းလမ်း၊ တာမွေ ဖုန်း-၀၉-၅၀၅၀၇၉၉**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၁၁-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂-၁၁-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## အမြန်အလိုရှိသည်

၁။ အရောင်းဝန်ထမ်း ကျား ၂ ဦး
၂။ အထွေထွေဝန်ထမ်း ကျား ၁၀ ဦး

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူများသည်
(၁) အသက်(၂၅-၃၅)အတွင်း
(၂) ဘွဲ့ရ၊ အရောင်းလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီး ဆက်ဆံရေးကောင်းမွန်သူ။
(၃) ရန်ကုန်မြို့တွင်း သန်းခေါင်စာရင်းဖြင့် နေထိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအတွင်း မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်အပြည့်အစုံဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ။ ။ စတားအင်ပါယာတာယာရောင်းဝယ်ရေး
အမှတ်(၉၅)၊ ဗညားဒလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၇၅၉၉၊ ၀၉-၅၂၆၀၃၉၅၊ ၀၉-၂၅၂၂၄၂၄၂

---

## အမြန်ဆက်သွယ်ပါ

လွန်ခဲ့သော ၄၅ နှစ်ခန့်က ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၃ လမ်း အနီးတစ်ဝိုက်တွင် နေထိုင်ခဲ့သော ကျောင်းဆရာမ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက် ၆၅နှစ်ခန့်ရှိ ဒေါ်ချစ်ချစ်နှင့် ဒေါ်လှလှ ညီအစ်မနှစ်ဦးအား မိတ်ဆွေတစ်ဦးမှ အမြန်တွေ့ချင်နေပါသည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၂၅၁၆၄၊ ၀၉-၅၀၆၈၉၉၀**

---

## အမြန်ဆက်သွယ်ပေးပါ

လွန်ခဲ့သောနှစ်(၂၀)ကျော်ခန့်က ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုတွင်စခန်းမှူး တာဝန် ထမ်းဆောင်ခဲ့ဖူးသော "ဦးတင်ထွန်းနှင့်ဇနီးမညို၊ သားကြီးရဲထွန်း၊ သမီးသီတာ၊ သားငယ်ကျော်ကြီး "မိသားစုဝင်များကို မိတ်ဆွေ ဖြစ်သူအိုင်သပြုရဲစခန်းဘေးတွင် ယခင်က "ဒီညီနောင်ကြက်ဒိုင်" လုပ်ကိုင်ဖူးသူ ဝင်းလွင်ဦး(ခ)ယာယာမှ အမြန်တွေ့ချင်နေပါသဖြင့် အောက်ပါ ဖုန်းနံပါတ်များသို့ ကျေးဇူးပြု၍ဆက်သွယ်ပေးပါရန်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၄၇၃၈၃၊ ၀၉-၉၇၄၅၈၈၈၃၄**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ သလ္လာ ၁၀ ရပ်ကွက်နေ ဦးမြင့်အောင် ၅/မရန(နိုင်)၀၂၃၂၈၈နှင့် ဒေါ်မြသန်းညွန့် ၅/မရန(နိုင်)၀၂၃၃၁၀တို့၏သား မောင်ဇော်ဇော်အောင်(ခ)ဇော်ဇော်လွင် ၅/မရန(နိုင်)၂၉၉၇၆၅သည် မိသားစုအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူခြင်း၊ မိသားစုအား စိတ်ဒုက္ခရောက်စေခြင်းတို့ကြောင့် မိဘများတွင် စီးပွားရေး၊ လူမှုရေးနစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ခံစားခဲ့ရပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့် လွှတ်လိုက်ပါကြောင်းနှင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)၊**

**ဦးမြင့်အောင်-ဒေါ်မြသန်းညွန့်**




GROHE Authorized Distributor
PREMIUM HOME

Yangon : No. 79-B3 / B3, East Shwe Gone Dine Road, Near SSC Women's Center, Bahan Township, Yangon, Myanmar.
Tel : 01-401 083, 09-730 56736, 09-512 8882, 09-502 6665, 09-797 888222, 09-507 5932
Mandalay : No.125, 30th Street, Between 65th & 66th Street, Chan Aye Thar Zan Township, Mandalay.
Tel : 02-74297, 09-73056736
Email : grohe.myanmar@gmail.com Website : www.grohe.com


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဂ/၈၃၄၄ AMA Light Truck PU(4x2) ® ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးမိုးအေး ၁၂/သဃက(နိုင်)၀၀၄၈၂၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**


ရန်ကုန် ⇌ မန္တလေး အတန်ဆုံးလက်မှတ်ခ (၁၁ဝဝဝ/-) ကျပ်



← အကြီးဆုံးထိုင်ခုံ
( မြန်မာနိုင်ငံမှာ ပထမဦးဆုံး
JJ Express က မိတ်ဆက်ပေးလိုက်တာပါ )


အကျယ်ဝန်းဆုံးနေရာ →
ခရီးသည်များ သက်တောင့်သက်သာ
စီးနင်းနိုင်ဖို့အတွက် ကျယ်ဝန်းသောနေရာ



အတန်ဆုံး လက်မှတ်ဖိုး
1,1000 / kyats



အကောင်းဆုံး (၈) ဘီးကားသစ်
← ကျပ်သိန်းပေါင်း (၂၆ဝဝ) ကျော်တန်
European Bus




Special Discount 50% →
(25 Oct ~ 25 Dec)

ရန်ကုန် : 09-73123571~72~73~74
မန္တလေး : 02-81047,09-402564442~43

ရန်ကုန် ⇌ မန္တလေး ခရီးသွားမယ်ဆိုရင် JJ Express ကိုပဲရွေးစီးမှာပေါ့


## အထူးကျေးဇူးတင်ရှိခြင်း

**ဦးအေးသိန်း (ပြည်)**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**
**အသက် (၆၉)နှစ်**

၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသော အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဖခင်ကြီး၏ နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးခင်ဇော်- ဇနီး ဒေါ်နွယ်နွယ်ယုနှင့် မိသားစု၊ ဦးကျော်မြင့်လှိုင် ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းဦးစီးဌာန-ဇနီး ဒေါ်စန္ဒာခင် ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဦးမြင့်ထွန်းလတ် ညွှန်ကြားရေးမှူး တည်ဆောက်ရေး (၂) ဆည်မြောင်းဦးစီးဌာန- ဇနီး ဒေါ်ဝါဝါတင့်၊ မင်းအနော်ရထာအုပ်စုကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ကိုခိုင်ဦး- မစု၊ Neo Energy Oasis Company Ltd. မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဖေဖေ့သူငယ်ချင်းမိတ်ဆွေများနှင့် တပည့်သားမြေးများ၊စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ (၁၉၇၂)ခုနှစ် ကျောင်းဆင်း ဖေဖေ့သူငယ်ချင်းများ၊ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းမှ နာယကကြီး ဦးကျော်စန်ဝင်း ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဆည်မြောင်းဦးစီးဌာန-ဇနီး ဒေါ်ခင်မြသိန်းနှင့်တကွ လုပ်ဖော်ကိုင်ဖက်များ၊ နာရေးကိစ္စအစမှအဆုံး အောက်ခြေသိမ်းလိုအပ်သည်များကို အဘက်ဘက်မှ ကူညီဆောင် ရွက်ပေးကြသော ပြည်ဒေသဆည်မြောင်းမှ အရာထမ်းများနှင့်တကွ ဝန်ထမ်းများအားလုံး၊ ခေတ္တရာလူငယ်များသာရေးနာရေး ကူညီပံ့ပိုးမှုအသင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**ဒေါက်တာ အောင်ဇော်မြင့်-ဒေါ်အေးမွန်သာ(ခ)အောင်အောင်**
**ဦးရဲခေါင်(ခ)မောင်မောင်-ဒေါ်မေသက်ခိုင်(ခ)ချောချော**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်ဝေဖြိုးသက်**
**အသက် (၂၇)နှစ်**

(ယခင်)မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး၊ (ယခု)တာမွေမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးတင်ထွန်းဦး-ဒေါ်သီသီဦးတို့၏ သားငယ် မောင်ဝေဖြိုးသက် အသက်(၂၇)နှစ်သည် ၂၈-၁၀-၂၀၁၅ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်ဝေဖြိုးသက်**
**အသက် (၂၇)နှစ်**

(ယခင်)မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး၊ (ယခု)တာမွေမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးတင်ထွန်းဦး-ဒေါ်သီသီဦးတို့၏ သားငယ် မောင်ဝေဖြိုးသက် အသက်(၂၇)နှစ်သည် ၂၈-၁၀-၂၀၁၅ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တာမွေမြို့နယ်တရားရုံး**
**ဝန်ထမ်းမိသားစုများ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၉၃၆၇၊ Toyota Mark II JZX 110, S/L (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းစိုး ၉/မစန(နိုင်)၂၀၃၄၄၇မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး၊ မြေကွက်အမှတ် V၉၂၊ မြေကွက်တည်နေရာအမှတ် ၁၄၊ ထီးတန်း ၃ လမ်း၊ ထီးတန်းစက်မြေရပ် ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (မောင်ပိန်)အမည်ပေါက် သုံးလပတ်မြေငှားဂရန် (သက်ကုန်)မြေအား အရောင်းစာချုပ်အမှတ် (၅၄၅၉/၂၅-၈-၁၅)ဖြင့်ရရှိသူ (၁)ဒေါ်သိန်းမြိုင်၁၂/ကမတ(နိုင်)၀၁၄၃၉၁၊(၂) ဒေါ်ဝင်းဝင်းကြည် ၁၂/ကမတ(နိုင်)၀၄၆၃၄၁၊ (၃) ဒေါ်ခင်အေး ၁၂/ဒပန(နိုင်)၀၀၄၁၅၅ တို့မှ သုံးလပတ်မြေငှားဂရန် ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ အရောင်းစာချုပ်တင်ပြ၍ နှစ်ဖ၀မြေငှားစာချုပ် (ဂရန်)သက်တမ်းတိုး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 5G-9535 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၂၀၆၄၅၊ Honda Click, M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးဗိုလ်ဗိုလ်ဟိန်း ၉/အမရ(နိုင်)၁၀၇၇၃၈ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း(အထက)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဖြူဖြူဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၅/ကဘလ(နိုင်)၀၅၁၁၆၁ဖြစ်ပါသည်။

**ဦးဝင်းရွှေ**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း(အထက)၊ တက္ကသိုလ်ဝင်တန်း(I)မှ မောင်နိုင်သူအောင်၏ဖခင်အမည်မှန်မှာ ဦးဆွေ ၅/ကဘလ(နိုင်)၀၈၂၉၃၅ဖြစ်ပါသည်။

**ဦးဆွေ**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း(အထက)၊ တက္ကသိုလ်ဝင်တန်း(A)မှ မနွယ်နွယ်စိုး၏ ဖခင်အမည်မှန်မှာ ဦးတင်စိုးဦး ၅/ကဘလ(နိုင်)၁၅၁၁၉၃ ဖြစ်ပါသည်။

**ဦးတင်စိုးဦး**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ကာဘိုး(အထက)၊ တက္ကသိုလ်ဝင်တန်း(B)မှ မစိုးစန္ဒာထွေး၏ ဖခင်အမည်မှန်မှာ ဦးမောင်လင်း ၅/ကဘလ(နိုင်)၀၆၄၈၃၃ ဖြစ်ပါသည်။

**ဦးမောင်လင်း**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ကာဘိုး(အထက)၊ တက္ကသိုလ်ဝင်တန်း(B)မှ မမိုးထက်ထက်၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင် ၅/ကဘလ(နိုင်)၀၀၂၃၅၄ ဖြစ်ပါသည်။

**ဦးမင်းအောင်**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ကာဘိုး(အထက)၊ တက္ကသိုလ်ဝင်တန်း(C)မှ မလွင်မာမိုး၏ ဖခင်အမည်မှန်မှာ ဦးညဏ် ၅/ကသန(နိုင်)၀၃၀၅၄၄ ဖြစ်ပါသည်။

**ဦးညဏ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်းဒါယိကာမကြီး
### ဒေါ်လှတင်
### အသက်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အလင်းရောင်၊ မင်္ဂလာရာမကျောင်းဆရာတော်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒဝံသ ကဝမြို့နယ်၊ ဓမ္မသတ်ကျေးရွာ၊ ဓမ္မသီရိကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒာသိရီ ရန်ကုန်မြို့၊ အလယ်တောရကျောင်း(စာချ) ဆရာတော် ဘဒ္ဒန္တဝိမလတို့၏ ရဟန်း ဒါယိကာမကြီး၊ ဓမ္မသတ်ကျေးရွာနေ (ဦးဘမောင်-ဒေါ်သိန်းတင်)၊ (ဦးဖိုးငွေ-ဒေါ်နု) တို့၏ သမီး၊ သနပ္ပင်မြို့နယ်၊ လွမ်းပြေရွာနေ (ဦးတင်-ဒေါ်တင်စိန်)၊ ဓမ္မသတ်ကျေးရွာနေ (ဦးအောင်တင်-ဒေါ်ရင်သွယ်)၊ စဉ့်အိုးဖိုကျေးရွာနေ (ဦးကုလား-ဒေါ်ခင်လှ)၊ ခရမ်းမြို့နေ (ဦးထွန်းရင်-ဒေါ်မြညွှန့်)၊ ဓမ္မသတ်ကျေးရွာနေ (ဦးမြမောင်-ဒေါ်အေးသင်)တို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးကျော်ရှိန်-ဒေါ်တင်ညွန့်)၊ အုန်းနဲ့စံပြကျေးရွာနေ (ဦးသိန်းတန်)-ဒေါ်မြခင်၊ ရန်ကုန်မြို့နေ (ဦးထွန်းရှင်)-ဒေါ်သန်းတင်၊ သက္ကလမြို့နေ(ဦးသန်းလှိုင်)-ဒေါ်ရင်နုတို့၏အစ်မ၊ အုန်းနဲ့စံပြကျေးရွာနေ ဦးတင်ဦး-ဒေါ်လှရီ၊ မော်ဘီမြို့နယ်၊ ရွှေမြယာနေ(ဦးသိန်းထွန်း)-ဒေါ်မြင့်မြင့်သန်း၊ ရန်ကုန်မြို့နေ ဦးမောင်ဆန်း-ဒေါ်မြင့်မြင့်ဆန်း၊ အုန်းနဲ့စံပြကျေးရွာနေ ဦးလှမြိုင်-ဒေါ်အေးမိစံ(ငွေကြယ်ရောင်းဝယ်ရေး)၊ ဦးဌေးအောင်-ဒေါ်စိန်စိန်(ခ)ဒေါ်ခင်ခင်မြင့်(ဇွဲလင်းမိသားစု)၊ ဦးစိန်ဝင်း-(ဒေါ်ခင်စန်းထွေး)တို့၏ မိခင်၊ မြေး-မြစ် ၂၆ယောက်တို့၏အဘွား၊ (ဦးကျော်နီ)၏ ချစ်လှစွာသော ဇနီးသည် ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝိစာရအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

ချင်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်ဇနီး ဒေါ်ဝါဝါတို့၏ညီမ ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်နေ ဒေါ်ဟုန်းစိမ်း အသက်(၅၃)နှစ်သည် ၂၇-၁၀-၂၀၁၅ ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ချင်းပြည်နယ်အစိုးရအဖွဲ့**
**ဟားခါးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

ချင်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်ဇနီး ဒေါ်ဝါဝါတို့၏ညီမ ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်နေ ဒေါ်ဟုန်းစိမ်း အသက်(၅၃)နှစ်သည် ၂၇-၁၀-၂၀၁၅ ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ချင်းပြည်နယ်ဌာနဆိုင်ရာများ**
**ဟားခါးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

ချင်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်ဇနီး ဒေါ်ဝါဝါတို့၏ညီမ ချင်းပြည်နယ်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်နေ ဒေါ်ဟုန်းစိမ်း အသက် (၅၃)နှစ်သည် ၂၇-၁၀-၂၀၁၅ ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခရိုင်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ**
**ချင်းပြည်နယ်**

## လွမ်းဆွတ်သတိရခြင်း

### သခင်ချစ်မောင်(မြန်အောင်၊ ကြံခင်း)
### ပြန်ကြားရေးဝန်ကြီးဟောင်း (ဖဆပလ)
### ၉-၁၀-၇၉ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်တွင် ကွယ်လွန်သည်

မြင့်မိုရ်တောင်မက ကျေးဇူးကြီးမားခဲ့သော အဘိုးကွယ်လွန်သည်မှာ ၃၅ နှစ် ကြာမြင့်ခဲ့ပါပြီ။ အဘိုးအတွက်ရည်စူး၍ ကွယ်လွန်ခဲ့သည့်နှစ်မှ နှစ်စဉ်စစ်ကိုင်း ရွှေဟင်္သာတိုက်သစ်တွင် သံဃာအားလုံးအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဤယနေ့တွင်လည်း ဆွမ်းဆက်ကပ်လှူဒါန်းပါသည်။ရောက်ရှိရာဘုံဘဝမှ သာဓုခေါ်ဆိုပါရန် အမျှပေးဝေပါသည်။

**အဘိုးရဲ့ကျေးဇူးများကို မမေ့တဲ့**
**မြေးဖြစ်သူ**
**မင်းမင်းသန်း (ဘေဘီ)**
ကြည့်မြင်တိုင်၊ ဖုန်း-၀၉-၄၂၀၀၄၃၁၇၉

## နှစ်နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဗိုလ်မှူးခင်ဦး(ငြိမ်း) ကြည်-၅၇၆၇
### ဂျပန်ခေတ်စစ်တက္ကသိုလ် ပထမပတ်(ယောနင်း)
### စံပြကျောင်းသား
### လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
### နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### အသက်(၈၈)နှစ်

### (၄)နှစ်(၄)လပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ပါမောက္ခ ဒေါ်တင်တင်မြင့်
### အမှုဆောင်အဖွဲ့ဝင်
### မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့(ငြိမ်း)
### အသက်(၈၅)နှစ်

ကျေးဇူးကြီးမားလှ၍ ချစ်သောဖေဖေနှင့် မေမေ ဖေဖေနှင့် မေမေရဲ့ ဂုဏ်ကျေးဇူးတရား၊ မေတ္တာစေတနာများကို အမြဲအမှတ်ရ သတိရနေပါတယ်။ သားသမီး၊ တူ၊ တူမများ၊ မြေးများက ဖေဖေနှင့်မေမေ့အတွက် ရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေပါတယ်။ ဖေဖေနှင့် မေမေ အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ…

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သန်းရီ(ခ)ဒေါ်ပုချို(ဒိုက်ဦး၊သုံးခွ)
### အသက်(၈၅)နှစ်

ဒေါက်တာ သန်းထွဋ်ဦး (ဒု-ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန)-ဒေါက်တာ ခင်မျိုးနောင် (ပါမောက္ခ၊ ဌာနမှူး၊ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ မိခင်ကြီး ဒေါ်သန်းရီ(ခ)ဒေါ်ပုချို (ဒိုက်ဦး၊သုံးခွ) အသက်(၈၅)နှစ်သည် ၂၆-၁၀-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဌာနမှူးနှင့်ဆရာ/ဆရာမများ**
**ဓာတုဗေဒဌာန၊ ဟင်္သာတတက္ကသိုလ်**

## (၁)နှစ်ပြည့်အလွမ်း

### ဦးသန်းမြင့် ရုံးအဖွဲ့မှူး (ငြိမ်း) စီမံ/ဘဏ္ဍာဝန်ကြီးရုံး
### အသက် (၈၈)နှစ်
### (၁-၁၁-၂၀၁၄) - (၁-၁၁-၂၀၁၅)

အချစ်ဆုံးဖေဖေ သမီးကိုခွဲခွာသွားတာ တစ်နှစ်ပြည့်ခဲ့ပြီး မေမေကတော့ ၇ နှစ် ၉ လရှိခဲ့ပါပြီ။ နေ့စဉ်နှင့်အမျှ ဖေဖေရဲ့သမီးရေ ခေါ်သံလေးကြားယောင်နေပြီး ကျွေးမွေးလို့မဝ၊ ပြုစုလို့မဝ၊ ကျေးဇူးဆပ်၍ မဝနဲ့မျက်ရည်မစဲနိုင်သေးပါဘူး၊ ဖေဖေ ဘဝဆက်တိုင်း ဖေဖေ့သမီးအဖြစ်နဲ့ပြန်လည်ဆုံတွေ့ပါရစေ နေ့စဉ်၊ လစဉ်၊ တစ်နှစ်ပြည့် သမီးလှူဒါန်းခဲ့သမျှ ကုသိုလ်ကောင်းမှုအဝဝအား သာဓုခေါ်ဆိုရင်း မြင့်မြတ်သော ဘုံဘဝမှတစ်ဆင့်ပြီးတစ်ဆင့် မြင့်သထက်မြင့်အောင် တက်လှမ်းနိုင်ပါစေ။
ဖေဖေနှင့်မေမေရေ အမျှ-အမျှ-အမျှ

**သမီးကြီး - မမြင့်မြင့်ခိုင် အကောက်ခွန်ဦးစီးဌာန**

## ငွေချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဘိုကလေးမြို့နယ်တရားမရုံး၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၀၈

| | | |
|---|---|---|
| ဦးမြင့်လွင် | နှင့် | ဦးထွန်းထွန်းဦး |
| **တရားလို** | | **တရားပြိုင်** |

ဘိုကလေးမြို့နယ်၊ ဘုရားသုံးဆူကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာရပ်နေ ဦးထွန်းထွန်းဦး(ဘ)ဦးမြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်လွင်က ကတိစာချုပ်အရငွေ ၁၀၃၄၀၇၀ဝိ/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၉ ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ကျော်)**
**မြို့နယ်တရားသူကြီး**
**ဘိုကလေးမြို့နယ်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံဒါယိကာမကြီး
### ဒေါ်ကြင်စိန်
### အသက်(၇၉)နှစ်

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မင်းကွန်းကျောင်းလမ်း၊ အမှတ် ၈/၃၁ နေ (ဦးတင်အောင်)၏ဇနီး၊ ဦးလှဌေး-ဒေါ်အေးမြမြစိုး(စင်ဒရဲလား၊ Mobile & Electronic) (Executive Director of M 9 Group Co.,Ltd.)၏မိခင် ဒေါ်ကြင်စိန် အသက်(၇၉)နှစ်သည် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M9 GROUP COMPANY LIMITED**
**Chairman, MD, Board of Director**
**အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

## အမည်ဖြည့်စွက်ခေါ်ပါရန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ ဦးအုန်းဖေ၏သား ဦးဝင်းနိုင်အား တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ ဦးမင်းဝင်းနိုင် ၁၀/ခဆလ(နိုင်)၀၁၆၈၆၉ဟု ဖြည့်စွက်ခေါ်ပါရန်။

**ဦးဝင်းနိုင်(ခ)ဦးမင်းဝင်းနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့၊ ကျွန်းညိုရွာသစ်ရပ်နေ မောင်ယောနယ်လင်း (တက္ကသိုလ်ဝင်တန်းအောင်)၏ဖခင် ဦးဗန်အုပ် ၄/ထတလ(နိုင်)၀၁၆၆၇၆နှင့် ဦးနိုင်ဦးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဗန်အုပ်(ခ)ဦးနိုင်ဦး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၁)၊ ဇေယျဝတီလမ်း (ဗဟိုလမ်း)၊ သံတံတားရပ်ကွက်နေ ဦးအောင်စိုး-ဒေါ်ချစ်ချစ် (အလွန်ခန့်ရတနာအနုပညာလုပ်ငန်း) တို့၏သား၊ ဒေါ်ယဉ်မြတ်မွန်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်လင်းထွန်း(ခ)ဖိုးစီ၏ ချစ်လှစွာသောဖခင် ဦးအောင်ဟိန်းမင်း(ခ)သူကြီး အသက်(၃၄)နှစ် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Machinery & Solutions Co.,Ltd.**
**ဦးအောင်ရဲစိုး(MD)နှင့်ဇနီး ဒေါ်ခင်ခင်ချို**
**(M&S ဝန်ထမ်းများအားလုံး)**

# နိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ နည်းပညာများကို သင်ကြားခွင့်ရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်

စာမျက်နှာ-၃

## ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ ထင်ရှားကျော်ကြားသည့် စာရေးဆရာကြီးသုံးဦး မြဇင်၊ မောင်ပေါ်ထွန်းနှင့် ကိုလေး(အင်း၀ဂုဏ်ရည်)တို့ ရရှိ

**ရန်ကုန်　အောက်တိုဘာ　၃၁**

ပြန်ကြားရေး၀န်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာကြီးဦး၀င်းဖေ(မြဇင်)၊ ဆရာကြီးဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)နှင့် ဆရာကြီးဦးကိုလေး (ကိုလေး-အင်း၀ဂုဏ်ရည်)တို့အား ၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်သည်။

အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ၀င် ၇၂ ဦးကို ဘာသာရပ်အလိုက် အဖွဲ့ငယ် ၁၃ ဖွဲ့ ဖွဲ့စည်းပြီး စာပေဆုများရွေးချယ်ခဲ့ရာ အဖွဲ့ငယ်တစ်ဖွဲ့လျှင် အမျိုးသားစာပေ တစ်သက်တာဆုချီးမြှင့်ရန် ဆရာကြီးသုံးဦးစီအမည်စာရင်းကို အဆိုပြုတင်သွင်းစေပြီး *စာမျက်နှာ ၁၃ ကော်လံ ၄* ✳



နေပြည်တော်နှင့် ဟံသာ၀တီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးခဲ့ပြီး မနောမြေနှင့် နေပြည်တော်တန်းဆင်းခဲ့ရ

သတင်း ညီမြတ်သော်တာ ဓာတ်ပုံ ဖိုးသော်ဇင်

**ရန်ကုန်　အောက်တိုဘာ　၃၁**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၂) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းကကျင်းပရာ သု၀ဏ္ဏကွင်း၌ ဟံသာ၀တီအသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းဆင်းဇုန်မှ နေပြည်တော်အသင်း၏ ရုန်းကန်မှုကိုမတွေ့ခဲ့ရဘဲ ခြေစွမ်းပျောက်ဆုံးမှုနှင့်အတူ ရှုံးပွဲကြုံတွေ့ခဲ့ရကာ ပထမတန်းသို့ တန်းဆင်းခဲ့ရသည်။ တန်းဆင်းအန္တရာယ်ရှိနေသည့်အသင်းများ၏ နောက်ဆုံးပွဲကို တစ်ပြိုင်နက်ကစားခဲ့ရပြီး နိုင်ပွဲရရှိခဲ့သည့် ရခိုင်အသင်းမှာ တန်းဆင်းဇုန်လွတ်မြောက်ခဲ့ကာ မနောမြေနှင့် နေပြည်တော်အသင်းတို့ တန်းဆင်းခဲ့ရသည်။ ဟံသာ၀တီအသင်းမှာ လူစုံအသုံးပြုခဲ့သော်လည်း ပုံမှန်သာကစားခဲ့ပြီး နိုင်ပွဲနှင့်ရာသီသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ နေပြည်တော်အသင်းမှာ MNL တွင် အသင်းကြီးအဖြစ်ရပ်တည်နိုင်ခဲ့သော်လည်း ရာသီအစက လစာပြဿနာများကြောင့် ကစားသမားကောင်းများစွာ ထွက်သွားပြီး အားနည်းခဲ့၍ ရလဒ်ကောင်းရန် ရုန်းကန်ခဲ့ရကာ တန်းဆင်းရသည်အထိ ဖြစ်သွားခြင်းဖြစ်သည်။

တန်းဆင်းအန္တရာယ်ရှိနေသော်လည်း နေပြည်တော်အသင်း၏ပထမပိုင်းကစားပုံမှာ အားရစရာမရှိဘဲ ပုံမှန်ကစားနေသည့် *စာမျက်နှာ ၁၀ ကော်လံ ၁* ❄



ဖျံသွေး(မြန်မာ)နှင့်လေသပ်စံ(ထိုင်း) တိုက်စစ်ဖွင့်ယှဉ်ပြိုင်ထိုးသတ်နေစဉ်။

## အထူးကဏ္ဍအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ၂၀၁၁-၂၀၁၅ အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲယှဉ်ပြိုင်ထိုးသတ်

သတင်းမြင်ကွင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မိုးမခ

**မန္တလေး　အောက်တိုဘာ　၃၁**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး အောင်သမာဓိ စိန်ရွှေရတနာဆိုင်က အဓိကကူညီပံ့ပိုးကာ ဆရာဒဿစီစဉ်သည့် မြန်မာ-ထိုင်း တွဲဆိုင်းလေးဆိုင်းပါဝင်သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို အောက်တိုဘာ ၃၀ ရက် ည ၆ နာရီက မန္တလေးမြို့ အောင်မြေမန္တလာအားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်ရာ မြန်မာကသုံးပွဲအလဲထိုးဖြင့်နိုင်ပြီး နာမည်ကြီးလက်ဝှေ့ကျော် ဖျံသွေး ပွဲသရေဖြင့် ပြီးဆုံးခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ○

## တနင်္ဂနွေ ဖတ်စရာများ


အပြာရောင်ကမ္ဘည်းများရဲ့ရာဇဝင်

မွန်းကျပ်နေတဲ့ ရန်ကုန်ကို လှုပ်နှိုးကြည့်ကြရအောင် စာ-၁၆၊ ၁၇

ခရီးသွားဆောင်းပါး

မြင်ကွင်းပဿာဒ ဆန်းသစ်မှုများနှင့် ကတော့ပုံကျွန်းသို့တစ်ခေါက် စာ-၂၀

နိုင်ငံတကာရေးရာဆောင်းပါး

အဆုံးမမြင်နိုင်သည့် အစွဲရေး-ပါလက်စတိုင်းပဋိပက္ခ စာ-၂၂





mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း




# မြန်မာ့အလင်း

## ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

နိုဝင်ဘာ ၁၊ ၂၀၁၅ (တနင်္ဂနွေနေ့)


# နယ်စပ်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး အလေးထားဖော်ဆောင်လျက်ရှိ

**နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့မှုများ**

(၁) ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၃၂၆၈၇၂ ဒသမ ၅၄ သန်း၊

(၂) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၄၄၆၄၄ ဒသမ ၉၃၅ သန်း၊

စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၇၁၅၁၇ ဒသမ ၄၇၅သန်း။

**၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များ**

(၁) ငွေကျပ် ၃၂၆ ဒသမ ၈၇၃ ဘီလီယံဖြင့် မြေလမ်း မိုင် ၂၂၇၂ ကျော်၊ လမ်းတာချဲ့ခြင်း မိုင် ၁၅၀ ကျော်၊ ကျောက်လမ်း မိုင် ၁၈၄၀ ကျော်၊ ကတ္တရာခင်းလမ်း ၃၁၅ မိုင်၊ ကတ္တရာထောက်ပံ့ခြင်း ၄၁၁၆ တန်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၄၃၄ မိုင်၊ ဆိုင်ကယ်စီး မြေလမ်း ၅၁၅ မိုင်၊ ကွန်ကရစ် လမ်း ၁၃ မိုင်ခန့်၊ ကွန်ကရစ်တံတား ပေ (၁၀၀) အထက် ၉၅ စင်း၊ ပေ (၁၀၀) အောက် ၁၉၂၂ စင်း၊ ကြိုးတံတား ၆၈ စင်း၊ သစ်သားတံတား ၆၈ စင်း၊ ဘေလီတံတား ၃၅ စင်း၊ မူလတန်းကျောင်း ၂၇၃ ကျောင်း၊ အလယ်တန်းကျောင်း ၂၆ ကျောင်း၊ အထက် တန်းကျောင်း ၁၄ ကျောင်း၊ (၁၆) ခုတင်ဆံ့ ဆေးရုံ ကိုးရုံ၊ ဆေးပေးခန်း ၂၀၊ မွေးမြူရေးခြံ ၂၁ ခြံ၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ၄၁၂၅ ဧက၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၃၄ ခု၊ စိုက်ပျိုးရေသွယ်ယူခြင်း ၁၉၁ မိုင်၊ သောက်သုံးရေရရှိရေး လုပ်ငန်း ၃၁၇ ခု၊ ရေကန် ၉၇ ကန်၊ ရေအားလျှပ်စစ်လုပ်ငန်း ၁၀၀၊ လျှပ်စစ်မီးသွယ်တန်းခြင်း ၁၈ ခု၊ ဆိုလာစနစ် ၃၈၄၉၅ စုံ၊ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံ ၆၆ ရုံ၊ စက်တာဝါနှင့် ဆက်စပ်ပစ္စည်း ၁၃ စုံ၊ စာကြည့်တိုက် ၂၈ ခု၊ ဘုန်းကြီးကျောင်း ၆၅ ကျောင်း၊ ဝန်ထမ်းအိမ်ရာ ၁၇၂ လုံး၊ တန်ဖိုးနည်းအိမ်ရာ ၁၆၃ လုံးနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကွန်ကရစ်ရေပြွန်၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ စက်ရေတွင်း(တွင်းတိမ်)၊ စက်ရေတွင်း(တွင်းနက်)၊ လက်တူးတွင်း၊ သိမ်၊ ဓမ္မာရုံ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အခြားသာသနိက အဆောက်အအုံ၊ ဘော်ဒါဆောင်နှင့် မြို့နယ်ခန်းမများကို ဆောင်ရွက်ပေးခဲ့သည်။

## နယ်စပ်ရေးရာဝန်ကြီးဌာန

(၂) ငြိမ်းချမ်းရေးအတွက် တည် ဆောက်မှုလုပ်ငန်းများတွင် မြေလမ်း ၃၇၅ မိုင်၊ လမ်းတာချဲ့ခြင်း သုံးမိုင်၊ ကျောက်လမ်း မိုင် ၂၈၀၊ ကတ္တရာလမ်း ၆၄ မိုင်၊ ကတ္တရာထောက်ပံ့ခြင်း တန် ၄၅၀၀၊ လမ်းပြုပြင် ထိန်းသိမ်းခြင်း ငါးမိုင်၊ ကွန်ကရစ်လမ်း ၁၆ မိုင်၊ ဆိုင်ကယ်စီးမြေလမ်း သုံးမိုင်၊ ကွန်ကရစ်တံတား ပေ ၁၀၀ အထက် ၁၄ စင်း၊ ပေ ၁၀၀ အောက် ၁၇၄ စင်း၊ တန်ဖိုးနည်းအိမ်ရာ ၁၃၅၀၊ သောက်သုံးရေ ရရှိရေးလုပ်ငန်း ၆၃ ခု၊ ရေကန် ၁၁ ကန်၊ ရေအား လျှပ်စစ်လုပ်ငန်း တစ်ခု၊ ဆိုလာ ၄၄၄၄ စုံ၊ မူလတန်းကျောင်း ၃၂ ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်း လေးကျောင်း၊ စိုက်ပျိုးမြေဖော်ထုတ်ခြင်း ၄၃၄ ဧက၊ *စာမျက်နှာ (ခ)သို့*



## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု၏ အဓိက ဦးစားပေးကဏ္ဍ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ဦးစားပေးတဲ့လုပ်ငန်းတွေ၊ တန်ဖိုးမြှင့် ပို့ကုန်ဦးစားပေးတဲ့လုပ်ငန်းတွေနဲ့ အဆင့်မြင့်နည်းပညာကို အခြေခံတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိပါတယ်။ လုပ်သားအင်အား အများအပြားအသုံးပြုရတဲ့ စက်မှုလုပ်ငန်းတွေဖြစ်တဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမှာ အဓိက ဦးစားပေးကဏ္ဍတွေဖြစ်ပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ခေတ်မီ မော်တာစက်ချုပ်သင်တန်း သင်ကြားလေ့ကျင့်နေစဉ်။
(ဓာတ်ပုံ-နယ်စပ်ရေးရာ)

# ဗုဒ္ဓစာပေမျိုးစုံ စာအုပ်ပေါင်း ၁၄၉၄ အုပ်အား e-Book အဖြစ် ပြောင်းလဲနိုင်ခဲ့

**ကောင်းမြတ်သော အစဉ်အလာ**

နိုင်ငံတော်အစိုးရသည် ရှေးမြန်မာ မင်းကောင်းမင်းမြတ်တို့၏ ကောင်းမြတ်သော အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်သည့်အနေဖြင့် နှစ်စဉ်လွှတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များအပ်နှင်းကြောင်း ကြေညာ၍ တပေါင်းလပြည့်နေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲအခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။

**သံဃာ့အစည်းအဝေးပွဲ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၁-၅-၂၀၁၄ ရက်နေ့မှ ၁၃-၅-၂၀၁၄ ရက်နေ့ထိ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌

## သာသနာရေးဝန်ကြီးဌာန

ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးကြီးသို့ နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံမှ တိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ် သံဃနာယက ဆရာတော်များနှင့် သီးခြားပင့်ဖိတ်ထားသည့် ဆရာတော် စုစုပေါင်း ၂၅၅၈ ပါးတို့ ကြွရောက်တော်မူကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ တစ်နှစ်လျှင် သုံးကြိမ်ကျင်းပပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ်ကျင်းပလျက်ရှိသည်။

**ပရိယတ္တိစာမေးပွဲများ**

အစိုးရ ပါဠိပထမပြန်စာမေးပွဲကို ယခင်က တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် *စာမျက်နှာ (ဂ)သို့*

### အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း မွေးထုတ်ပေးနိုင်ခဲ့သော ဒီပလိုမာ(ဗုဒ္ဓဓမ္မ)၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)၊ မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)၊ ပါရဂူဘွဲ့(ဗုဒ္ဓဓမ္မ)ရရှိသူများစာရင်းချုပ်

| စဉ် | ပညာသင်နှစ် | ဒီပလိုမာဘွဲ့(ဗုဒ္ဓဓမ္မ) | | | ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) | | | မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) | | | ပါရဂူဘွဲ့ (ဗုဒ္ဓဓမ္မ) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပြည်ပ | ပြည်တွင်း | ပေါင်း | ပြည်ပ | ပြည်တွင်း | ပေါင်း | ပြည်ပ | ပြည်တွင်း | ပေါင်း | ပြည်ပ | ပြည်တွင်း | ပေါင်း |
| ၁။ | ၂၀၁၁ -၂၀၁၂ | ၁၉ | ၃၄ | ၅၃ | ၂၂ | ၂၅ | ၄၇ | ၂ | ၁၁ | ၁၃ | - | ၆ | ၆ |
| ၂။ | ၂၀၁၂ -၂၀၁၃ | ၂၆ | ၃၂ | ၅၈ | ၁၇ | ၂၀ | ၃၇ | ၃ | ၁၀ | ၁၃ | ၁ | ၃ | ၄ |
| ၃။ | ၂၀၁၃ -၂၀၁၄ | ၃၃ | ၂၅ | ၅၈ | ၁၆ | ၃၁ | ၄၇ | ၄ | ၁၂ | ၁၆ | - | - | - |
| ၄။ | ၂၀၁၄ -၂၀၁၅ | ၃၃ | ၁၆ | ၄၉ | ၁၆ | ၂၆ | ၄၂ | - | - | - | - | - | - |
| | စုစုပေါင်း | ၁၁၁ | ၁၀၇ | ၂၁၈ | ၇၁ | ၁၀၂ | ၁၇၃ | ၉ | ၃၃ | ၄၂ | ၁ | ၉ | ၁၀ |

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅





ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပနေစဉ်။ (ဓာတ်ပုံ-သာသနာရေး)

**ရှေ့ဖုံးမှ**

ကျင်းပခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ ဗဟိုမှ ဦးစီး၍ မတ်လကုန်နှင့် ဧပြီလ ပထမပတ်များတွင် တစ်နိုင်ငံလုံးစာဖြေဌာန ၂၃၈ ဌာနတို့၌ တစ်ပြိုင်နက်တည်း နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ ဓမ္မာစရိယစာမေးပွဲကို နှစ်စဉ် မတ်လကုန်နှင့် ဧပြီလပထမပတ်များတွင် ကျင်းပပေးပြီး တစ်နိုင်ငံလုံး၌ စာဖြေဌာန ၅၀ ဖြင့် တစ်ပြိုင်နက်တည်း ကျင်းပလျက်ရှိသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို နှစ်စဉ် ဒီဇင်ဘာလ နောက်ဆုံးပတ်မှ ဇန်နဝါရီလအထိ ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၃၃ ရက်ကြာ ကျင်းပပြီး တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကိုလည်း အဆိုပါလိုဏ်ဂူတော်ကြီး၌ပင် ကျင်းပသည်။

နိကာယ်စာမေးပွဲများကို မြန်မာတစ်နိုင်ငံလုံး၌ စာဖြေဌာန ၇၀ ဖြင့် ကျင်းပပေးလျက်ရှိပြီး ကျမ်းပြီး အထူးအောင်သံဃာတော်များကို မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ အောင်လက်မှတ် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို နှစ်စဉ် ဒီဇင်ဘာလတွင် စာဖြေဌာန ၁၄၅ ခုတို့၌ ကျင်းပပေးလျက်ရှိပြီး ပြည်ပစာဖြေဌာနများအနေဖြင့် အင်္ဂလန်နှင့် စင်ကာပူနိုင်ငံတို့တွင်ဖွင့်လှစ်ထားရှိသည်။

တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို မဟာဘွဲ့နှင်းသဘင် အခမ်းအနားတွင် အောင်လက်မှတ်များချီးမြှင့်အပ်နှင်းခဲ့သည်။

**ဗုဒ္ဓစွယ်တော်မြတ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်မြတ်ကို နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် အများပြည်သူ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ကြည်ညိုဖူးမြော်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်အဖြစ် ၆-၁၁-၂၀၁၁ ရက်နေ့မှ ၂၄-၁၂-၂၀၁၁ ရက်နေ့အထိ ၄၈ ရက်ကြာ ပင့်ဆောင်အပူဇော်ခံခဲ့သည်။

ဗုဒ္ဓစွယ်တော်မြတ်သည် ၆-၁၁-၂၀၁၁ မှ ၂၂-၁၁-၂၀၁၁ အထိ နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတွင်လည်းကောင်း၊ ၂၂-၁၁-၂၀၁၁ မှ ၈-၁၂-၂၀၁၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူအတွင်း၌ လည်းကောင်း၊ ၈-၁၂-၂၀၁၁ မှ ၂၄-၁၂-၂၀၁၁ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး အတုမရှိကျောင်းတော်ကြီးတွင်လည်းကောင်း ကိန်းဝပ်စံပယ်တော်မူခဲ့သည်။

**မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော်ကြီး**

နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၁ ခုနှစ်၊ မေလ ၂၈ ရက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပေကျင်းမြို့ရှိ ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်စဉ် စွယ်တော်တိုက်ဆရာတော်နှင့် မြင်းဖြူကျောင်းဆရာတော်တို့၏ မေတ္တာရပ်ခံချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့ မြင်းဖြူကျောင်းအတွင်း၌ ဉာဏ်တော် ၁၀၈ ပေ အမြင့်ရှိသော မဟာစိနပဘာရွှေတိဂုံပုံတူ စေတီတော်အား တည်ထားကိုးကွယ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။

စေတီတော်ကြီး တည်ဆောက်ရေး လုပ်ငန်းကို ၂၀၁၁ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်မြန်မာနိုင်ငံသို့ ပင့်ဆောင်အပူဇော်ခံစဉ် အလှူခံရရှိသော အလှူငွေများ၊ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများ၊ ဗုဒ္ဓစွယ်တော်တိုက် ဆရာတော်ကြီးနှင့် တရုတ်ဗုဒ္ဓဘာသာအသင်း၊ တရုတ်ပြည်သူများ၏ ထည့်ဝင် လှူဒါန်းငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စေတီတော်ကြီး ထီးတော်တင်လှူပွဲနှင့် သာသနိကအဆောက်အအုံများ ရေစက်ချ မင်္ဂလာအခမ်းအနားကို ၃၀-၆-၂၀၁၄ ရက်နေ့တွင် မြင်းဖြူကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

**ဗုဒ္ဓစွယ်တော် ရွှေကျောင်းဆောင် သုံးဆောင်**

မြန်မာပြည်သူပြည်သားများ၏ စေတနာ သဒ္ဓါတရားထက်သန်မှုအတွက် ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်က လှူဒါန်းသော ဗုဒ္ဓစွယ်တော် ရွှေကျောင်းဆောင် သုံးဆောင်အား အများပြည်သူကြည်ညိုနိုင်စေရန် အောက်ပါနေရာများတွင် ပူဇော်ခံထားရှိသည်-

(၁) နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း အရှေ့မြောက်ဘက် ဗုဒ္ဓရုပ်ပွားတော်ရှေ့၊

(၂) ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်မြောက်ထောင့်ရှိ စေတနာသမ္မာရဝတ်အသင်းတန်ဆောင်း၊

(၃) မန္တလေးမြို့ မဟာမြတ်မုနိ ဘုရားကြီး ဗုဒ္ဓပြတိုက်(၁) ။

ဗုဒ္ဓစွယ်တော် ရွှေကျောင်းဆောင် လှူဒါန်းပွဲအခမ်းအနားကို ၂၁-၆-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ လည်းကောင်း၊ ၂၄-၆-၂၀၁၃ ရက်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် လည်းကောင်း၊ ၂၉-၆-၂၀၁၃ ရက်နေ့တွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးတွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင် ပင့်ဆောင်ပူဇော်**

နိုင်ငံတော်သမ္မတကြီးသည် ၂၇-၆-၂၀၁၄ ရက်နေ့တွင် ပေကျင်းမြို့ ဗုဒ္ဓစွယ်တော်တိုက်ကျောင်းသို့ ရောက်ရှိစဉ် စွယ်တော်တိုက်ဆရာတော် Ven.Shi Chang Zheng က ဧရာဝတီတိုင်းဒေသကြီးတွင် အများပြည်သူပူဇော်နိုင်ရန် ဗုဒ္ဓစွယ်တော်ပွားတစ်ဆူအား ဓမ္မလက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ဗုဒ္ဓစွယ်တော်ပွားအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးသို့ မော်တော်ယာဉ်ဖြင့် ပင့်ဆောင်ခဲ့ရာ ၂၂-၉-၂၀၁၄ ရက်နေ့တွင် ဗုဒ္ဓစွယ်တော်ပွား ရွှေကျောင်းဆောင် လွှဲပြောင်းပေးအပ်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်၌ ကျင်းပခဲ့သည်။

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၉-၁၂-၁၉၉၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီးခဲ့ပြီး ဒီပလိုမာ (ဗုဒ္ဓဓမ္မ)၊ ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)၊ မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ)နှင့် ပါရဂူ(Ph.D) (ဗုဒ္ဓဓမ္မ) ဘွဲ့သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ဒီပလိုမာ(ဗုဒ္ဓဓမ္မ) သင်တန်းမှာ တစ်နှစ်ဖြစ်ပြီး ဒီပလိုမာအောင်မြင်သည့် ပုဂ္ဂိုလ်များသည် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) ဘွဲ့ နှစ်နှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသည်။

ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) အောင်မြင်ပြီး အရည်အချင်းပြည့်မီသူများသည် မဟာဝိဇ္ဇာ (ဗုဒ္ဓဓမ္မ) ဘွဲ့ ဆက်လက်ဆည်းပူးနိုင်မည်ဖြစ်ပြီး မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရရှိသူများသည် ပါရဂူ Ph.D သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

ကမ္ဘာအေး သုတေသနစာကြည့်တိုက်တွင်ရှိသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံ ပါဠိတော်များ၊ ပိဋကသုံးပုံမြန်မာပြန်များ၊ ပိဋကသုံးပုံ အင်္ဂလိပ်ဘာသာပြန်များ၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန်စာအုပ်များ၊ မဟာဗုဒ္ဓဝင်ကျမ်းများ၊ သာသနာဝင်ကျမ်းများ၊ ဓမ္မပဒဝတ္ထုတော်များ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များ၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေစာအုပ်များစသည့် ဗုဒ္ဓစာပေမျိုးစုံစာအုပ်ပေါင်း ၁၄၉၇ အုပ်အား e-Book အဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

e-Library ဖွင့်ပွဲအခမ်းအနားကို ၂၀-၇-၂၀၁၅ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်၍ စာကြည့်တိုက် Website ဖြစ်သော www. KBRL.Gov. mm ဖြင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ မြန်မာပြန်၊ အင်္ဂလိပ် ဘာသာပြန်၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်စသည့် ဗုဒ္ဓစာပေမျိုးစုံတို့ကို On Line မှတစ်ဆင့် ရဟန်းရှင်လူပြည်သူများ ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပြီဖြစ်သည်။

ထို့အပြင် ပေစာဌာနတွင် စုဆောင်းထိန်းသိမ်းထားသော ပေစာထုပ်များကို ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး ဒီဂျစ်တယ်ဓာတ်ပုံမှု (Digitalization Project) ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစ၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ပေစာထုပ် ၁၇၀၆ ထုပ်၊ ကျမ်းခေါင်းစဉ် ၄၇၀၀ ကျမ်း၊ စာမျက်နှာပေါင်း ၈၄၈၄၃၂ မျက်နှာကို Digitalization ပြောင်းလဲပြီးဖြစ်သည်။

**ရေဘေးအလှူများ**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ရေကြီးရေလျှံ၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်း ၇၀ ပြိုကျပျက်စီးခြင်း၊ ၁၃၈ ကျောင်း အသင့်အတင့်ပျက်စီးခြင်းနှင့် ၆၄ ကျောင်း သာမန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် သိန်း ၅၀၆၀၊ ရေဘေးသင့်ခရစ်ယာန် ဘုရားရှိခိုးကျောင်းများပြုပြင်ရန်အတွက် ငွေကျပ် ၁၅၀၅ သိန်း စုစုပေါင်းငွေကျပ် ၆၅၆၅ သိန်းကို သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင် ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှုဖြင့် သက်ဆိုင်ရာဒေသများသို့ လှူဒါန်းခဲ့ကြောင်း သာသနာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား မှတ်တမ်းပြု ရေးသားတင်ပြလိုက်ရပါသည်။

**ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်/ထောက်ပံ့နိုင်မှု**

| စဉ် | ခုနှစ် | ကျောင်းပေါင်း | ဆရာ/မ ဦးရေ | ကျောင်းသား/သူ ဦးရေ | ထောက်ပံ့မှု (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|
| က | ၂၀၁၁ | ၁၅၁၅ | ၆၇၆၃ | ၂၃၂၃၃၀ | မရှိပါ | |
| ခ | ၂၀၁၂ | ၁၅၅၂ | ၆၇၈၉ | ၂၄၉၄၃၀ | မရှိပါ | |
| ဂ | ၂၀၁၃ | ၁၅၉၇ | ၆၈၂၀ | ၂၆၉၂၆၇ | ၃၀၀၀.၀၀ | |
| ဃ | ၂၀၁၄ | ၁၅၂၃ | ၇၄၅၇ | ၂၉၂၈၁၃ | ၃၃၂၆.၈၈ | |
| င | ၂၀၁၅ | ၁၅၅၁ | ၇၆၆၈ | ၂၉၉၉၅၉ | ၃၄၇၅.၂ | |

**ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်နိုင်မှု**

| စဉ် | ခုနှစ် | အကြိမ် | စာရင်းသွင်း | ဖြေဆို | ရိုးရိုးအောင် | ဂုဏ်ထူးအောင် | ၃ ဘာသာအောင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| က | ၂၀၁၁ | ၂၈ | ၁၂၀၃၉၇ | ၁၀၄၇၈၄ | ၆၁၀၃၅ | ၂၅၂၁၅ | ၁၆၆၂၁ | |
| ခ | ၂၀၁၂ | ၂၉ | ၁၃၉၅၂၄ | ၁၃၀၅၅၇ | ၈၀၃၂၇ | ၃၃၅၁၃ | ၁၄၅၈၆ | |
| ဂ | ၂၀၁၃ | ၃၀ | ၁၃၇၀၈၈ | ၁၂၅၉၉၆ | ၇၃၉၀၂ | ၄၁၅၀၉ | ၁၀၉၅၆ | |
| ဃ | ၂၀၁၄ | ၃၁ | ၁၈၆၆၂၄ | ၁၂၇၁၁၁ | ၇၅၄၃၃ | ၄၂၃၂၇ | ၁၀၆၂၇ | |
| င | ၂၀၁၅ | ၃၂ | ၁၃၈၇၁၈ | ၁၀၈၀၃၈ | ၆၀၅၂၁ | ၃၅၃၈၈ | ၁၀၇၆၇ | |

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒီပလိုမာဘွဲ့(ဗုဒ္ဓဓမ္မ) ရရှိမှုအခြေအနေ**

| စဉ် | ပညာသင်နှစ် | ပြည်ပ | ပြည်တွင်း | ပေါင်း |
|---|---|---|---|---|
| ၁ | ၂၀၁၁ -၂၀၁၂ | ၁၉ | ၃၄ | ၅၃ |
| ၂ | ၂၀၁၂ -၂၀၁၃ | ၂၆ | ၃၂ | ၅၈ |
| ၃ | ၂၀၁၃ -၂၀၁၄ | ၃၃ | ၂၅ | ၅၈ |
| ၄ | ၂၀၁၄ -၂၀၁၅ | ၃၃ | ၁၆ | ၄၉ |
| | စုစုပေါင်း | ၁၁၁ | ၁၀၇ | ၂၁၈ |

# လက်မှုလယ်ယာမှ စက်မှုလယ်ယာဆီသို့
# အရှိန်အဟုန်မြင့် ကူးပြောင်းဖော်ဆောင်

သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-ဇော်ဇော်



ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံဖြစ်ရာ နိုင်ငံ၏ ပင်မစီးပွားရေး ကုန်ထုတ်လုပ်ငန်းကြီးတွင် လယ်ယာကဏ္ဍသည် အခြေခံကျသည့်ကဏ္ဍကြီးဖြစ်သည်။

နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာသားငါးကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှသာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုကိုလည်း လျှော့ကျစေမည်ဖြစ်သည်။

ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းဆောင်ရွက်ရေးမှာလည်း အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာလုပ်ငန်းများတွင် လုပ်ငန်းစဉ်အများအပြားရှိပြီး မြေယာဖော်ထုတ်ခြင်းမှစ၍ မစိုက်ပျိုးနိုင်သည့် မြေရိုင်းများကို လယ်ယာမြေများ ဖော်ထုတ်ခြင်းလုပ်ငန်းများရှိကြောင်း၊ လယ်ယာမြေများဖော်ထုတ်ရာတွင် မြေပြန့်၌ ဖော်ထုတ်သည့်လုပ်ငန်းနှင့် ကုန်းမြင့်တွင် ဖော်ထုတ်သည့် လုပ်ငန်းများရှိကြောင်း၊ အဆိုပါကုန်းမြင့်များတွင် လှေကားထစ်လယ်ယာမြေများ ဖော်ထုတ်သည့်လုပ်ငန်းများပါဝင်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်ထံမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ လယ်ကွက်ပုံစံများမှာ လယ်မြေတွင်စိုက်ပျိုးနိုင်ရန်အတွက် မြေသားညီညာသည့် မြေနေရာများတွင် ကန်သင်းဖွဲ့၍ စိုက်ပျိုးကြသည့်အတွက် ပုံသဏ္ဍာန်အရွယ်အစားမှာ အမျိုးမျိုးရှိနေကြသည်ကို တွေ့မြင်ရသည်။ မိရိုးဖလာကတည်းက မြေညီသည့်အပိုင်းများတွင် ကွက်၍ လယ်ကန်သင်းရိုးများပြုလုပ်စိုက်ပျိုးလာကြသောကြောင့် လယ်ကွက်ပုံစံမှာ အဝိုင်း၊ အချွန်၊ လေးထောင့် စသည်ဖြင့် ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်နေကြောင်း သိရသည်။

“ကျေးလက်တွေမှာ ကန်သင်းလမ်းတွေအတိုင်း သွားနေကြတဲ့အခါကျတော့ တကယ်တမ်းဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုရင် ဒီလမ်းတွေကို ဝင်ထွက်သွားလာမယ့် ကုန်ထုတ်လမ်းလေးတွေလို ကျေးလက်လမ်းတွေ မရှိကြဘူး။ တောင်သူတစ်ဦးက စိုက်ထားတယ်ဆို နောက်တစ်ယောက်က ဖျက်လိုက်ရင် ပြဿနာတွေဖြစ်ကုန်ကြရော။ တစ်ဦးက ကိုယ့်လယ်ကွက်က သီးနှံမှည့်လို့ ရိတ်ချင်ပေမယ့် နောက်တစ်ဦး လယ်ကွက်ကမမှည့်တော့ ရိတ်မရတဲ့ပြဿနာတွေ ရှိခဲ့တယ်။ အရင် မဖွံ့ဖြိုးသေးတဲ့ကာလကပေါ့။ အဲဒါတွေကို စနစ်တကျဖြစ်လာအောင် အဆင့်မြှင့်ပေး တဲ့လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလိုလုပ်ပေးခြင်းအားဖြင့် တောင်သူတွေက စက်ယန္တရားတွေသုံးလာကြတယ်။ အရင်ကလို ဖြစ်နေမယ်ဆိုရင် ကိုယ့်ထွန်စက်ကို လယ်ထဲယူသွားချင်တယ်။ သွားစရာလမ်းမရှိဘူး။ စက်နဲ့ စိုက်ချင်တယ်။ စက်နဲ့ ရိတ်ချင်သွားစရာလမ်းမရှိဘူး၊ အခုလို လယ်ယာတွေကို အဆင့်မြှင့် တင်ပေးလိုက်တဲ့အတွက် လယ်ကွက်တွေက တစ်သမတ်တည်း ညီညာလာမယ်။ လယ်တွေထဲကိုအလွယ်တကူဝင်ထွက်သွားလာနိုင်မယ်၊ ဒါကြောင့် တောင်သူတွေအတွက် အကျိုးကျေးဇူး အများကြီး ခံစားရရှိပါတယ်”ဟု ဦးခွန်အေးနိုင်က ပြောပြသည်။

## လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ လိုအပ်မှုများကို သိရှိအောင် ကြိုးပမ်းပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပံ့ပိုးကူညီဆောင်ရွက်ပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်တွင် အမျိုးသားစီမံကိန်းလုပ်ငန်းစဉ်များကို ရေးဆွဲ၍ ဌာနအလိုက် ရည်မှန်းချက်များထားရှိဆောင်ရွက်ပြီး မြန်မာနိုင်ငံကို လက်မှုလယ်ယာကဏ္ဍမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းကျင့်သုံးရေးမှာ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း သိရသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ကုန်းမြင့်လယ်ယာ မြေဖော်ထုတ်ခြင်းလုပ်ငန်းများ၊ လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများ၊ လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများ စသည့်နည်းဗျူဟာခြောက်ရပ်ကို ကျင့်သုံး၍ ပြောင်းလဲမှုများ ပြုလုပ်ပေးလျက်ရှိသည်။

“လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းတဲ့အပိုင်းမှာ ကျွန်တော်တို့ဌာနအနေနဲ့ နည်းဗျူဟာ ခြောက်ရပ်ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေမှာ အဓိကအားဖြင့် ထွန်ယက်ရေးလုပ်ငန်းတွေ လုပ်ပေးတယ်။ ထွန်ယက်ရေးမှာ တောင်သူတွေကို စက်ယန္တရားတွေ ထောက်ပံ့ပေးတယ်။ တောင်သူတွေ လိုအပ်မယ့်စက်တွေကို အရစ်ကျဖြန့်ဖြူးပေးတယ်။ မြေယာပြုပြင်ခြင်းနဲ့ ရိတ်သိမ်းခြင်းလုပ်ငန်းတွေမှာ ဌာနက အငှားစနစ်နဲ့ ဝန်ဆောင်မှုတွေပေးတယ်။ အဲဒီမှာ လုပ်ကွက်ငယ်တောင်သူတွေကို ဦးစားပေးပြီး လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးပါတယ်။

လယ်ယာမြေတွေကို အဆင့်မြှင့်တင်ပေး တဲ့လုပ်ငန်းတွေရှိတယ်။ လယ်ယာမြေတွေကို ပြုပြင်တဲ့အခါ စနစ်ကျလယ်ယာမြေတွေ ဖော်ထုတ်ပေးတယ်။ စနစ်ကျလယ်ယာမြေဆိုတာက ဆိုဒ်အရွယ်အစားညီရမယ်၊ မြေယာ မျက်နှာပြင်တွေ ညီညာနေရမယ်၊ အဲဒီလိုအချက်တွေနဲ့ညီအောင် ဌာနက ဆောင်ရွက်ပေးတယ်။ အဲဒါတွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ ဧကသန်းပေါင်းမြောက်မြားစွာကို မလုပ်နိုင်သေးတဲ့အတွက် ယခုအစိုးရလက်ထက်မှာ ဆည်ရေသောက် ဧရိယာတွေကို ဦးစားပေးပြီး လုပ်နေတယ်။ အရင်တုန်းကလည်း လုပ်ခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့အင်္ဂါရပ်တွေ အပြည့်အစုံမလုပ်နိုင်ခဲ့ဘူး။ အခုအစိုးရလက်ထက်မှာ လမ်းပါရမယ်၊ ရေနုတ်မြောင်းပါရမယ်၊ မြေမျက်နှာပြင်ညီရမယ်။ ကန်သင်းတွေခိုင်ရမယ် စတဲ့ အင်္ဂါရပ်တွေပြည့်စုံအောင် လုပ်ပေးတယ်။ နိုင်ငံတော်က အကုန်မလုပ်နိုင်တဲ့အတွက် စံနမူနာပြအနေနဲ့ လုပ်ပြတယ်။ အဲဒါကိုမှ နောက်ပိုင်းစိတ်ဝင်စားတဲ့သူတွေ ပါလာမယ်၊ ကုမ္ပဏီတွေ ပါလာမယ်၊ နောက်ပြီး နိုင်ငံတကာချေးငွေအထောက်အပံ့တွေနဲ့ ဖြည်းဖြည်းချင်းသွားနေပါတယ်။

“ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းတွေအနေနဲ့ကတော့ စိုက်ပျိုးမြေအလွန်ရှားပါးခက်ခဲတဲ့ တောင်ပေါ်ဒေသပြည်နယ်တွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တွေမှာ ရွှေ့ပြောင်း တောင်ယာစနစ်ပပျောက်ရေးနဲ့ စနစ်တကျ လှေကားထစ်လယ်ယာများပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သော လယ်ယာသစ်တော ရောနှောစိုက်ခင်း (Agro-Forestry)များ ထူထောင်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက် ရှိပါတယ်။

“ဒါ့အပြင် လေ့ကျင့်ပညာပေးရေးလုပ်ငန်းတွေလည်း ရှိပါတယ်။ တောင်သူလယ်သမားတွေကို စက်ယန္တရားတွေ မောင်းတတ်အောင်၊ အသုံးချတတ်အောင်၊ ပြင်ဆင်ထိန်းသိမ်းတတ်အောင် လေ့ကျင့်ပညာပေးလုပ်ငန်းတွေ လုပ်ရတယ်။ အရင်တုန်းက တောင်သူလယ်သမားတွေကို အခုလို လုပ်ပေးခဲ့တာ မရှိဘူး။ ဌာနက ဝန်ထမ်းတွေကိုပဲ လေ့ကျင့်ပေးတာရှိတယ်။ အခု အစိုးရသစ်လက်ထက်မှာတော့ ဝန်ထမ်းတွေပဲဆို မနိုင်ဘူး။ တောင်သူလယ်သမားတွေကိုပါ သင်တန်းပေးမှ ဖြစ်မယ်ဆိုပြီး သင်တန်းကျောင်း နှစ်ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ သင်တန်းမှာ ထွန်ယက်နည်း၊ ထွန်စက်ထိန်းသိမ်းမောင်းနှင်နည်း၊ စပါးရိတ်သိမ်းခြွေလှေ့စက်အသုံးပြုနည်း စတာတွေကို သုံးလသင်တန်းအနေနဲ့ ဌာနကနေ စရိတ်ငြိမ်းတာဝန်ယူသင်ကြားပေးတယ်။ တချို့က သုံးလလုံးလုံး မလာနိုင်တဲ့အတွက် ရက်တိုသင်တန်းအဖြစ် မြို့နယ်စက်မှုလယ်ယာစခန်းတွေမှာ နှစ်ပတ်သင်တန်းအဖြစ် ပို့ချပေးပါတယ်။

“လယ်ယာသုံး စက်ကိရိယာဖြန့်ဖြူးခြင်းလုပ်ငန်းအနေနဲ့ လယ်သမားတွေက အပြင်မှာလည်း စက်တွေဝယ်လို့ရတယ်။ ဌာနကလည်း အရစ်ကျစနစ်နဲ့ ရောင်းချပေးတယ်။ ကျွန်တော်တို့ စက်မှုလယ်ယာဌာနကတော့ တောင်သူလယ်သမားတွေ နစ်နာမှုမရှိရအောင် မြန်မာ့ရေမြေသဘာဝနဲ့ လိုက်လျောညီထွေမှုရှိတဲ့စက်တွေကို စိစစ်ရွေးချယ်ပြီးတော့မှ ပြည်ပကနေ တင်သွင်းပေးနေပါတယ်။

“သုတေသနလုပ်ငန်းတွေအနေနဲ့ တိုင်းပြည်ရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သုတေသနလုပ်ငန်းက မရှိမဖြစ်လိုအပ်ပါတယ်။ အခုက စပါးတစ်မျိုးထဲ စိုက်လို့မရဘူး။ လယ်ရော ယာရော လုပ်နေရတယ်။ စပါးကတော့ အဓိကပေါ့။ ဒါပေမယ့် အမယ်စုံဖြစ်အောင် “ပဲ”ကို ဘယ်လိုရိတ်သိမ်းလို့ရမလဲဆိုတဲ့ သုတေသနလုပ်ငန်းတွေ ပြုလုပ်နေပါတယ်”ဟု ညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က ပြောပြသည်။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍ၌ လယ်ယာလုပ်သား ရှားပါးမှုပြဿနာကို ကြုံတွေ့နေရပြီး လယ်ယာလုပ်သားရှားပါးမှု ပြဿနာကို ကုစားရန်အတွက် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းမှုမှာ အောင်မြင်နေပြီး နှမ်းရိတ်စက်၊ ပြောင်းရိတ်စက်၊ မြေပဲ၊ အာလူးတူးဖော်သည့်စက်များကို အသုံးပြုနိုင်ရန် သုတေသနများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သုတေသနလုပ်ငန်းများမှ ရရှိလာသည့်ရလဒ်များကို ပြင်ပပုဂ္ဂလိကကုမ္ပဏီများသို့ ကြေညာပေးပြီး ယင်းကုမ္ပဏီများမှ တင်သွင်းဖြန့်ဖြူးပေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွဲနွားနဲ့သုံးတာကတော့ အချိန်ပိုပြီးတော့ပေးရတယ်။ ကျွဲနွားတွေကို ထိန်းကျောင်းရတဲ့စရိတ်ကလည်းများတယ်။ စက်တွေကို အသုံးပြုရတဲ့အတွက် အချိန်တိုအတွင်းမှာ လုပ်ငန်းပြီးစီးတယ်။

ကိုယ်လိုချင်တဲ့ ထယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နိုင်တယ်။ ကျွဲနွားနဲ့ လုပ်တာထက်စာရင် စက်တွေနဲ့လုပ်ရတာ ပိုပြီးအဆင်ပြေပါတယ်။ ကျွဲနွားနဲ့လုပ်တုန်းက အချိန်မရလို့ ထယ်ရေးကို စိတ်ကြိုက်ညက်အောင်၊ နပ်အောင်မလုပ်ရတာတွေရှိတယ်။ စက်နဲ့ကျတော့အချိန်တိုအတွင်း ကိုယ်လိုချင်တဲ့သမန်းကို ညက်အောင်ထွန်ယက်နိုင်တယ်။ အဲဒီအတွက် သီးနှံအထွက်နှုန်းပါကောင်းပါတယ်။

အခုဆို စက်တွေကို ထွန်ယက်တဲ့နေရာမှာသုံးတယ်။ ရိတ်သိမ်းတဲ့နေရာမှာလည်း သုံးတယ်။ အရင်ကလူနဲ့ရိတ်တယ်၊ ပြီးမှ ရိတ်ခြွေစက်တွေနဲ့ခြွေတယ်။ အခုဆိုရင် ရိတ်သိမ်းခြွေလှေ့စက်တွေကို အသုံးပြုလာနိုင်တဲ့အတွက် တစ်ခါတည်းနဲ့ အဆင့်သုံးဆင့်လောက်ကို ပြီးအောင်လုပ်နိုင်တယ်။ နောက်ပိုင်းမှာ ကောက်စိုက်စက်တွေပါ တွင်တွင်ကျယ်ကျယ် အသုံးပြု နိုင်အောင်လို့ ဝန်ကြီးဌာနကနေ ပညာပေးသင်တန်းတွေ ဖွင့်လှစ်ပို့ချပေးနေပါတယ်” ဟု နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တဲကြီးကုန်းကျေးရွာမှ တောင်သူဦးကျော်မြင့်ဦးက ပြောသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် စက်ယန္တရားအဟောင်းများနေရာတွင် စက်အသစ်များကို အစားထိုး အသုံးပြုလာနိုင်ခဲ့သည်။

စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် ၂၀၁၁ မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ ဌာနပိုင်ထွန်စက်များဖြင့် ထွန်ယက်ပေးနိုင်မှုမှာ ဧက ၁၆၀၇၆၁၀၊ ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပေးနိုင်မှုမှာ ၁၉၀၈၆ ဧက၊ ထွန်စက်ကြီးများ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှုမှာ ၃၅၅ စီး၊ လက်တွန်းထွန်စက်များ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှုမှာ ၂၆၂၅၇ စီး၊ စပါးခြွေလှေ့စက်များ အရစ်ကျ စနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်မှုမှာ ၁၅၈၅ စီး၊ စက်မှုလယ်ယာ စနစ်ကျ လယ်မြေဖော်ထုတ်ပြီး စီးမှုမှာ ၃၆၆၄၂ ဧက၊ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ပြီးစီးမှုမှာ ၂၇၇၇ ဧကတို့ဖြစ် ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စက်မှုလယ်ယာစခန်းပေါင်း ၁၁၇ ခု ဖွဲ့စည်း၍ တောင်သူလယ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ လိုအပ်မှုများကိုသိရှိအောင် ကြိုးပမ်းပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးကာ တောင်သူလယ်သမားများက ယုံကြည်အားထားရာ ဌာနတစ်ခုအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။